


# ရွှေအာဥလီ

(လုံးချင်းဝတ္ထုသစ်)

နင်းဆီရောင် သက်တံ့

Book Sharing

Scanned by CamScanner

## အခန်း (၂)

"ကြည်စိမ်းလဲ့"

ရွှေဝါရောင် ကြေးပြားပေါ်တွင် အနက်ရောင်များဖြင့် ရေးထားသည့် ကြည်စိမ်းလဲ့ဆိုသော ကြီးမားကျယ်ဝန်းလှသည့် ခြံကြီးထဲသို့ မင်းညီညွတ်သည် သူ့ကားလေးကို မောင်းဝင်လာခဲ့လိုက်သည်။

ခြံကြီးတစ်ခြံလုံးမှာ ကြီးမားကျယ်ဝန်းသည်နှင့်အမျှ သန့်ရှင်းသပ်ရပ်နေသလို ခြံထဲရှိ အဝါရောင်နှစ်ထပ်တိုက်ကြီးကလည်း ခန့်ညားနေရသည်။

မင်းညီညွတ်သည် သူမောင်းလာသည့် ကားလေးကို တိုက်ကြီး၏ ပေါ်တီကိုအောက်တွင် ရပ်လိုက်လေသည်။



Book Sharing

Scanned by CamScanner

သစ်ပင်ပန်းမာလာများဖြင့် ကျယ်ဝန်းအေးချမ်းလွန်းလှသည့် ခြံကြီးကိုကြည့်ပြီး မင်းညီညွတ် သဘောကျသွားရသည်။

ခြံထဲမှာ အလှစိုက်ပျိုးထားသည့် ပန်းပင်တွေသာမက တမင်စိုက်ပျိုးထားဟန်တူသော မြက်ခင်းစိမ်းစိမ်းတို့ကလည်း မြင်ရသူကို မျက်စိအေးစေရာ။

, ကားပေါ်က သုံ့ဆင်းလိုက်တော့ သူရစိုးကလည်း တစ်ဖက်ကားတံခါးမှ ဖွင့်ကာဆင်းလိုက်သည်။ ဒီနောက် သူရစိုးသည် သူ့အနားသို့ လျှောက်လာကာ...

"ဘယ်လိုလဲ ညီညွတ်"

"ခြံအနေအထားကတော့ ကောင်းပါတယ်"

တစ်ခြံလုံးကို မျက်ဝန်းညိုကြီးဖြင့် ကြည့်ရင်း မင်းညီညွတ် ဆိုလိုက်တော့ သူရစိုးသည် ခြံအနီး ပတ်ဝန်းကျင်ကို အကြည့်ဝဲဝဲ တွေနှင့် တစ်ချက်ကြည့်ရင်း...

"ပတ်ဝန်းကျင်ကတော့ မင်းမြင်တဲ့အတိုင်းပဲ၊ တိတ်ဆိတ်နေတာပဲ"

သူရစိုး ပြောသလို ပတ်ဝန်းကျင်မှာ ကိုယ့်ခြံနှင့်ကိုယ်မို့



တိတ်ဆိတ်အေးချမ်းနေရသည်က အမှန်။

ကိုယ့်ခြံနှင့်ကိုယ်မို့ ပတ်ဝန်းကျင်မှာ စပ်စုမည့်သူမရှိသလို ကိုယ့်ဘာသာကိုယ် နေကြသူများဖြစ်ပုံရလေ၏။

မင်းညီညွတ်မှာ ခြံပတ်ဝန်းကျင်ကို အကဲခတ်သလိုကြည့်ပြီးနောက် သူ့အကြည့်များက ခြံချင်းကပ်လျက်ရှိသည့် တစ်ဖက်ခြံမှ မီးခိုးရောင်တိုက်ကြီးဆီသို့ အကြည့်များ ရောက်ရှိသွားရသည်။

တိုက်ကြီးက အပြင်ကမြင်ရရုံနှင့်ပင် အရမ်းကို ခမ်းနားထည်ဝါလွန်းနေရသည်ကြောင့် ထိုတိုက်ပိုင်ရှင်မှာ အတော်ကြီးချမ်းသာမည့်သူမှန်း ခန့်မှန်းလို့ရနေရပြီ။

"ဟိုဘက်ခြံက တိုက်ကြီးက အရမ်းကို သားနားလှချည်လား သူရစိုး"

"သားနားဆို အဲဒီခြံပိုင်ရှင်က ဒီမြို့ရဲ့ အချမ်းသာဆုံးစာရင်းထဲမှာပါတဲ့ သူတစ်ယောက်ပဲလေ၊ ဒေါ်ခင်ဖုန်းတင့်တဲ့"

"ဪ"

မင်းညီညွတ်သည် ထိုမျှသာပြောပြီး သူ့အကြည့်များကို ထိုတိုက်ကြီးဆီမှ လွှဲလိုက်သည်။

Scanned by CamScanner

"လာကွာ…တိုက်ထဲဝင်ကြည့်ရအောင်"

သူရစိုးသည် ခတ်ထားသောသော့ကိုဖွင့်ကာ ပြောလိုက်သဖြင့် တိုက်ထဲသို့ နှစ်ဦးသား ဝင်လာခဲ့လိုက်သည်။

တိုက်ကြီးထဲမှာ ပစ္စည်းတွေက သူ့နေရာနှင့်သူ အစုံအလင် ရှိနေရသည်။

"ပစ္စည်းတွေကတော့ မင်းဘာမှဝယ်စရာမလိုဘူး မင်းညီညွတ်၊ အားလုံးအသင့်ရှိနေတော့ မင်းအတွက် အဆင်ပြေသွားတာပေါ့"

သူရစိုးစကားကို မင်းညီညွတ် ခေါင်းညိတ်ပြလိုက်သည်။

"ဒါနဲ့ ဒီခြံပိုင်ရှင်တွေက ဘယ်ကိုသွားကြမှာလဲ"

"ဒီပိုင်ရှင်က မိသားစုနည်းတယ်၊ သုံးယောက်ပဲရှိတယ်၊ အတိုင်ကြီးက အမေရိကမှာပဲ အခြေချတော့မှာမို့ သားအမိနှစ်ယောက်က ဟိုကိုလိုက်သွားရတော့မှာ၊ အဲဒါ သူ့သားနဲ့ငါနဲ့ကလည်း ရင်းနှီးတော့ ဒီခြံကို ငါတို့မိသားစုကို အပ်ထားတဲ့သဘောပေါ့၊ တကယ်တော့ ဒီခြံကို ဒီဈေးနဲ့ငှားလိုက်တာ မင်းအများကြီးတန်တယ်၊ ဝယ်မယ်ဆိုလည်း လုံးဝမရှုံးဘူး၊ ငွေအောင်းနိုင်လို့ကတော့ မြတ်မှာ



သေချာတယ်"

"မလိုပါဘူးကွာ၊ ငါ့အတွက် တန်ဖိုးထက် နေရာကောင်းရဖို့ပဲ လိုတယ်၊ အထူးသဖြင့် ခုလို အေးချမ်းတိတ်ဆိတ်တဲ့နေရာမျိုးပေါ့"

ပြောရင်း အပေါ်ထပ်သို့ တက်ခဲ့သည်။

အပေါ်ထပ် အခန်းများကို ကြည့်ပြီးနောက်…

"လသာဆောင်ထွက်ကြည့်ရအောင်"

သူရစိုး ဦးဆောင်ခေါ်ရာနောက်သို့ သူလိုက်ခဲ့ရပြန်သည်။ ကျယ်ဝန်းလှသည့် လသာဆောင်ကို ထွက်ရပ်လိုက်တော့ ပတ်ဝန်းကျင်တစ်ခုလုံးကို အပေါ်စီးမှ မြင်လိုက်ရသလို။

လသာဆောင်တွင်လည်း ပန်းအလှပင်များကို စနစ်တကျ စိုက်ပျိုးထားလေသည်။ ပန်းအရောင်အသွေးက စုံလင်လှ၏။ ကြည့်ရတာ ဒီပိုင်ရှင်သည် အနုပညာဆန်သည့် စိတ်ကူးလည်း ရှိပုံရလေသည်။ မြင်မြင်ရသမျှ အနုပညာဆန်နေရသည်ကတော့ အမှန်။

မင်းညီညွတ်သည် ပတ်ဝန်းကျင်ကို ကြည့်ရင်းက

Scanned by CamScanner

သူ့အကြည့်တွေက ဘာရယ်မဟုတ်။ တစ်ဖက်ခြံဆီသို့ ရောက်ရှိသွားပြန်သည်။

သူကြည့်နေဆဲမှာပင် မိုးခိုးရောင်တိုက်ကြီး၏ ပေါ်တီကိုအောက်မှ ထွက်လာသော အဖြူရောင်ကားလှလှလေးတစ်စီးကို မြင်လိုက်ရလေသည်။

ခြံစောင့်က ကားတံခါးကို အပြေးအလွှား သွားဖွင့်ပေးလိုက်သည်။ မင်းညီညွတ်မှာ ထိုမြင်ကွင်းကို ဘာရယ်မဟုတ်ငေးခနဲ ကြည့်မိသွားရသည်။

"အဲဒီခြံက ဒေါ်ခင်ဖုန်းတင့်က ဘာလုပ်တာလဲ"

"အင်း…လုပ်ငန်းတွေကတော့ အများကြီးပဲကွ၊ ငါသိရသလောက်တော့ ရွှေဆိုင်လုပ်ငန်းကိုတော့ ကြီးကြီးကျယ်ကျယ်လုပ်တယ်၊ ဒီမြို့မှာတော့ ဒေါ်ခင်ဖုန်းတင့်ရွှေဆိုင်က တကယ့် နာမည်ကြီးရွှေဆိုင်ပဲ"

"လူသိပ်မတွေ့ရပုံထောက်ရင် အိမ်ကြီးက ကြီးပြီး မိသားစုက နည်းတယ်နဲ့တူတယ်"

"ဟုတ်တယ်…သူတို့က သူတို့လုပ်ငန်းကလွဲပြီး လူတွေ



နဲ့ သိပ်ပြီးမရောဘူး၊ ဘယ်လိုပြောရမလဲကွာ၊ အခြေကြီးတယ်လို့ပြောရမလားပဲ၊ ငါသိရသလောက်တော့ ဒေါ်ခင်ဖုန်းတင့်မှာ တူမတစ်ယောက်ရှိတယ်၊ နောက် ခြံစောင့်အလုပ်သမားတွေ ဒီလောက်ပဲ၊ ဒါပေမယ့်"

သူ့ရိုးမှာ စကားကို ရှေ့မဆက်ဘဲ မင်းညီညွတ်ကို ခပ်ပြုံးပြုံးလှမ်းကြည့်လိုက်သဖြင့်…

"ဒါပေမယ့် ဘာဖြစ်လဲကွ"

"အဲဒီ ဒေါ်ခင်ဖုန်းတင့်ရဲ့ တူမဆိုတဲ့ မိန်းကလေးက ဒီမြို့မှာ အလှဆုံးပဲဆိုတာ မင်းကိုပြောမလို့ပါကွာ"

"မင်းက လူပျိုဆရာဝန်၊ ရုပ်ကလည်းဖြောင့်ဆိုတော့ ဟဲ ဟဲ အဲဒီမိန်းကလေးနဲ့ဆို နေနဲ့လ ရွှေနဲ့မြပဲ၊ စိတ်ကူးမမှားဖို့ သူငယ်ချင်းကို တစ်ခါတည်း ပြောခဲ့မလို့ပါကွာ"

"တော်စမ်းပါကွာ၊ ငါ့အကြောင်းလည်း မင်းသိရက်နဲ့"

"ဒီစကား မင်း ခင်ဝတီနဲ့ မတွေ့ရခင် ပြောတဲ့စကားပဲဖြစ်မှာပါ"

"ဘာပြောတယ်…ခင်ဝတီ ဟုတ်လား"

"ဟုတ်တယ်…အဲဒီမိန်းကလေးနာမည်က ခင်ဝတီတဲ့၊ စီးပွားရေးနဲ့ ကျောင်းပြီးပြီ၊ ပြန်လာတာ မကြာသေးဘူး"

သူရစိုးမှာ ဒီမြို့ခံသားဖြစ်၏။ သူနှင့်တော့ ဆေးကျောင်းရောက်ကတည်းက တွဲလာသည့် သူငယ်ချင်းလည်းဖြစ်သည်။

ကျောင်းပြီးပြီး အလုပ်တာဝန်တွေ ကျပြန်တော့လည်း တာဝန်ကျရာဒေသချင်း မတူပေမယ့် သူရစိုးနေသည့် နယ်မြို့လေးသို့ တာဝန်ကျလာသော သူ့အတွက် နယ်ခံဖြစ်သည့် သူရစိုးကပင် အစစအရာရာ လိုက်၍ကူညီပေးနေရသည်။

သူရစိုးကတော့ ရှမ်းပြည်နယ်ဘက် တာဝန်ကျပေမယ့် မသွားသေးဘဲ သူ့အတွက် မြို့ခံသူငယ်ချင်းတစ်ယောက်အနေနှင့် လိုက်လံကူညီပေးနေသလို သူရစိုး၏ မိဘနှစ်ပါးကလည်း ဒီမြို့မှာပင် ရှိသဖြင့် သူ့အတွက် အဆင်ပြေနေရလေသည်။

တစ်ဦးတည်းသောသားဖြစ်သည့် မင်းညီညွတ်မှာ လက်ထောက်ဆရာဝန်ဘဝနှင့် အလုပ်စတင်ဝင်ရောက်ရသည့် ရန်ကုန်နှင့် အလှမ်းမဝေးသည့် ဤနယ်မြို့လေးမှာ သူရစိုးသည် သူ့အတွက်တော့ အားကိုးရသည့် သူငယ်ချင်းပင်ဖြစ်သည်။



"မင်းရော ဘယ်တော့လောက်သွားမလဲ သူရစိုး"

"မင်းကိစ္စပြီးတာနဲ့ သွားမယ်လေ၊ မင်း တာဝန်ကျတဲ့ ဒီမြို့က ငါ့ဇာတိဖြစ်နေတော့ မင်းအတွက် ဘာမှစိတ်ပူစရာမလို တော့ဘူးပေါ့၊ လိုအပ်တဲ့ အကူအညီရှိရင်လည်း ငါ့မိသားစုဆီမှာ အကူအညီတောင်းပေါ့ကွ"

"ကျေးဇူးပဲကွာ၊ ငါ့အတွက် မင်း ဒီလောက်ကူညီတာပဲ လုံလောက်နေပါပြီ"

"မလိုပါဘူးကွာ၊ မင်းနဲ့ငါ့ကြားမှာ ဒီစကားတွေပြောနေစရာ ဘာလိုလို့လဲ၊ ဒါနဲ့ မင်း ဒီကိုဘယ်တော့လောက် ပြောင်းလာမလဲ"

"ဒီတစ်ရက်နှစ်ရက်အတွင်းပဲ ပြောင်းမယ်၊ ဦးလေးနဲ့ ဒေါ်လေးကိုလည်း ကျေးဇူးတင်တယ်ကွာ"

"မေမေနဲ့ မေမေကတော့ မင်းကို အိမ်မှာပဲနေစေချင်တာ၊ မင်းက သီးသန့်နေချင်တယ်ဆိုလို့သာ ဘာမှမပြောပဲနေရတာ"

သူရစိုးတို့ မိသားစုစေတနာကိုတော့ သူ အကြွင်းမဲ့ ယုံကြည်ရပါသည်။ ထို့အတူ ကျေးဇူးလည်း တင်နေမိရလေသည်။

Scanned by CamScanner

မင်းညီညွတ် ကြည်စိမ်းလှဲသို့ ပြောင်းလာသောနေ့မှာပင် သူရစိုးကလည်း သူတာဝန်ကျရာမြို့သို့ ထွက်သွားလေသည်။ သူ သူရစိုးအား ကားဂိတ်သို့ လိုက်ပို့စဉ် သူရစိုး သူ့အားပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်မိလိုက်သည်နှင့် သူ့အကြည့်များ က တစ်ဖက်ခြံကြီးဆီသို့ အကြည့်များ ဖျတ်ခနဲ ရောက်ရှိသွားရ သည်။

"ငါပြောခဲ့တယ်နော် သူငယ်ချင်း၊ ခု မင်းနေမယ့်ခြံဘေး က ခင်ဝတီဆိုတဲ့ ကောင်မလေးက အရမ်းချောတာ၊ မင်းနဲ့ မင်္ဂလာ သတင်းကို ငါနားစွင့်နေမယ်၊ ဟုတ်ပြီလား"

အပြုံးတွေနှင့် ပြောသွားသော သူရစိုးစကားကို မင်းညီညွတ်သည် ခေါင်းမညိတ်မိသလို ခေါင်းလည်းမခါမိပါ။

တကယ်တော့ မင်းညီညွတ်ဆိုတာ မိန်းကလေးတွေနှင့် ပတ်သက်ပြီး ဘာအတွေ့အကြုံမှ ရှိခဲ့သူမဟုတ်။

ငွေကြေးပြည့်စုံချမ်းသာသည့် တစ်ဦးတည်းသောသားပီပီ သူ့ဘဝက အစစအရာရာ ပြည့်စုံခဲ့ရသူ။

ဖခင်ဖြစ်သူ ဦးမင်းဝေက အောင်မြင်သည့် စီးပွားရေးလုပ်ငန်း

Book Sharing



ရှင်တစ်ယောက်။ ကုမ္ပဏီတည်ထောင်ပြီး နိုင်ငံခြားနှင့် အဆက် အသွယ်ယူကာ စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ကိုင် နေသလို သားဖြစ်တဲ့ မင်းညီညွတ်ကိုလည်း ကိုယ်ဝါသနာပါရာ လုပ်ငန်းတွင် ထူးချွန်ထက်မြက်အောင်မြင်သူတစ်ယောက် ဖြစ်စေ လိုသူ။

မာမီ ဒေါ်နှင်းဝေစိမ်းကတော့ တစ်ဦးတည်းသောသား ဖြစ်သူ မင်းညီညွတ် လုပ်သမျှကို ဘာတစ်ခုမှ မပြောဘဲ အပြုံး မျက်နှာနှင့်သာ သားဖြစ်သူစိတ်တိုင်းကျ ဆောင်ရွက်ပေးလေသည်။

မင်းညီညွတ်ဘဝမှာ ဆရာဝန်တစ်ယောက် ဖြစ်လာသည် အထိ နှလုံးသား အချစ်ရေးကိစ္စကို သူ တစ်ခါမှ မစဉ်းစားခဲ့ဖူး ပါ။

ကြည်စိမ်းလှဲကို ပြောင်းလာပြီးနောက် မင်းညီညွတ်သည် မာမီတို့ သူ့အတွက် ထည့်ပေးလိုက်သည့် အကူကောင်လေးနှင့် တစ်ခြံလုံး သူ့စိတ်ကြိုက် သန့်ရှင်းရေးလုပ်လိုက်သည်။

သည်နောက် သူ့အတွက် လိုအပ်မည့် ပစ္စည်းများကို အနည်းငယ် ဝယ်ဖြည့်လိုက်သည်။

Scanned by CamScanner

"အစ်ကိုလေး…ခြံကြီးတစ်ခုလုံးတော့ သန့်ရှင်းရေးလုပ်ပြီးသွားပြီ၊ တိုက်ထဲမှာလည်း အားလုံးပြောင်လက်တောက်ပနေပြီ၊ ကျွန်တော်တို့ ဘာဆက်လုပ်ကြဦးမှာလဲ"

ပြောင်းလာပါပြီဆိုကတည်းက ဆရာတပည့်နှစ်ယောက် ခြံထဲရော တိုက်ကြီးကိုပါ အတွင်းရော အပြင်ပါမကျန် သန့်ရှင်းရေးလုပ်ပြီးနောက် မအေးမောင်သည် သူ့အနားသို့ရောက်လာကာ မေးလိုက်သည်။

"အေးကွာ…အားလုံးလုပ်ပြီးပြီဆိုတော့ သိပ်ပြီးလုပ်စရာမရှိတော့ပါဘူး၊ ဒီပန်းအိုးတွေကိုပဲ စနစ်တကျပြန်စီရမယ်"

"အစ်ကိုလေးက ဆရာဝန်သာဆိုတယ် အလှအပတော့ အတော်ကြိုက်တာပဲ"

"ဆရာဝန်လည်း အလှအပ မကြိုက်ရတော့ဘူးလား အေးမောင်ရ၊ ဘာပဲပြောပြော ကိုယ့်မျက်စိရှေ့မှာ လှတဲ့မြင်ကွင်းကိုမြင်တော့ စိတ်ချမ်းသာတာပေါ့၊ အထူးသဖြင့် ခုလိုလှပတဲ့ ပန်းပင်တွေမြင်ရတာ ပိုပြီးစိတ်ချမ်းသာတယ်၊ ဒါက သဘာဝ အလှတွေ ဟုတ်တယ်မဟုတ်လား"



"ဟုတ်ပါတယ်၊ အစ်ကိုလေးပြောတာလည်း မှန်တာပဲ၊ ကဲ အစ်ကိုလေးပြောသလို ပိုပြီးလှပသွားအောင် ကျွန်တော် ဒီပန်းအိုးတွေကို လှလှပပ စီလိုက်ဦးမယ်"

အေးမောင်မှာ ပျော်တတ်သူပီပီ အပြုံးနှင့်ဆိုရင်း ပန်းအိုးတွေကို သေချာစနစ်တကျ ပြန်စီနေလိုက်သည်။

မင်းညီညွတ်သည် အလကားမနေပါ။ အေးမောင်နှင့်အတူ ပန်းအိုးများ စနစ်တကျ စီလိုက်ပြီးနောက် နှစ်ယောက်သား မောမော နှင့် ခြံထောင့်ခုံတန်းလေးပေါ်တွင် ထိုင်နေခိုက်…

"ဒီမှာရှင့်…ဒီမှာ"

"ဟင်"

ရုတ်တရက် . မိန်းကလေးတစ်ယောက်၏အသံကို ကြားလိုက်ရသဖြင့် မင်းညီညွတ် အံ့သြစွာ နောက်သို့လှည့်ကြည့်မိလိုက်လေသည်။

ကြည့်စမ်း သူ့မျက်စိရှေ့က မြင်ရသူလေးက လူမှဟုတ်ပါလေစ။ နတ်သမီးလေးတစ်ပါးလို သိပ်လှနေသည့် မိန်းကလေးတစ်ယောက်။

မင်းညီညွတ် သူ့မျက်စိကိုလည်း သူမယုံချင်။ ဝန်ခံရမည်ဆိုလျှင် သူ့ဘဝတွင် ဒီလောက်လှသည့် မိန်းကလေးမျိုးကို မင်းညီညွတ် တစ်ခါမှ မတွေ့ဖူးခဲ့ပါ။

ယခု သူမြင်ရသည့် သူမအလှက မြင်ရသူဘဝင်ကို ရင်သပ်ရှုမောဖွယ်အတိနှင့် ရက်ရက်စက်စက် လှရက်လွန်းသည်ဆိုရင်တော့ မင်းညီညွတ် လွန်သည်မထင်ပါ။

နက်မှောင်ကာ ပိုးသားလို ရှည်လျားလွန်းသည့် ဆံနွယ်များ၊ ကြည်စင်သော မျက်ဝန်းလှလှကြီးကို ဝိုင်းရံထားသည့် မျက်တောင်ရှည်တူတူစိပ်စိပ်များ၊ အို အရာအားလုံးက သူမကို နတ်သမီးလေးသဖွယ် လှနေစေရသည်ပဲလေ။

နုထွေးကာ ဝင်းဝါစိုပြေသော အလှတွေက ကြည်စင်မှုတွေနှင့် ထူးခြားနေရသလို သိပ်လှလွန်းသည့် သူ့ရှေ့က မိန်းကလေးကိုလည်း မင်းညီညွတ် အကြည့်စူးစူးတွေနှင့် ငေးခနဲ စိုက်ကြည့်မိသွားရသည်။

"မင်း…မင်း ဘယ်သူ…"

"ဝတီ…ဝတီ ဟိုဘက်ခြံကပါ"



"ဘယ်လို…မင်းက ဟိုဘက်ခြံက ဟုတ်လား"

"ဟုတ်ကဲ့"

"ဒီကို မင်းဘာဝင်လုပ်တာလဲ၊ ပြီးတော့ ဘယ်ကဝင်လာတာလဲ"

မေးပြီးမှ သူ အားနာသွားရပေမယ့် မတတ်နိုင်တော့ပါ။ သူ့စိတ်ထဲတွင် သူမလေး ဘာလာလုပ်သည်ကို သိချင်နေရုံမက သူမ ဘယ်ကဝင်လာသည်ဆိုတာကိုပါ သိချင်နေရသည်။

သူ့အမေးကြောင့် သူမပြုံးလိုက်တာမြင်တော့ မင်းညီညွတ် မျက်နှာကြီး ရဲသွားရသည်အထိ အနေခက်သွားရလေသည်။

ကြည့်ရတာ သူမလေး သူ့ကို တစ်မျိုးထင်သွားပြီလား မသိတော့။

"တို့ပြောတာက မင်း ခြံရှေ့က ဝင်လာတာကိုမမြင်လို့"

"ဝတီ ဟိုနားက မလွယ်ပေါက်က ဝင်လာတာပါ"

ထိုအခါ သူမပြသည့်နေရာကို မင်းညီညွတ် သတိထားမိသွားရသည်။ ခြံနှစ်ခုကြား မလွယ်ပေါက်ရှိနေပါလား။

"ဝတီကို တစ်မျိုးမထင်ပါနဲ့နော်၊ ဝတီက ခရေပန်းလာ

ကောက်တာပါ၊ ဒီခြံရှင် အန်တီနဲ့ အရမ်းခင်တော့ ဝတီ ခုလိုပဲ ပန်းလာကောက်နေကျမို့ပါ"

"ခု အန်တီတို့မရှိတော့ ဒီကအစ်ကိုကိုပဲ ဝတီ ခွင့်တောင်းရတော့မှာပဲ၊ ဝတီ ခရေပန်းကောက်လို့ရပါတယ်နော်"

သူမစကားတွေက လှပလွန်းသည့် သူမမျက်နှာလေးနှင့် လိုက်ဖက်အောင် နူးညံ့ချိုသာနေရသည်။

မင်းညီညွှတ်သည် သူမမျက်နှာလေးကို ငေးခနဲစိုက်ကြည့်မိသွားရပြီး…

"ရပါတယ်၊ ကောက်ပါ"

သူ့စကားကြောင့် သူမမျက်နှာလေး ဝင်းပသွားရသည်ကို သူသတိထားမိလိုက်သည်။

ခြံအနောက်ဘက်တွင် ခရေပင်ကြီးတွေ ရှိသည်မို့ မင်းညီညွှတ်ထံမှ ခွင့်ပြုချက်ရတာနှင့် သူမလေးသည် သူ့အား ကျောခိုင်းကာ ခရေပင်ကြီးအောက်သို့ ရောက်သွားလေသည်။

ချာခနဲအလှည့်မှာ အလိုက်သင့် လွင့်မျောသွားသည့် ပိုးသားလို နက်မှောင်ရှည်လျားသော ဆံနွယ်တွေက မင်းညီညွှတ်



မျက်ဝန်းထဲ ကဗျာဆန်သွားရသလို။

ပြည့်တင်းသွယ်လျသည့် ခန္ဓာကိုယ်ကောက်ကြောင်း အလှပေါ် သူမဆံနွယ်တွေ ဖြာဝေဝဲကျနေပုံကလည်း အကြည့်တွေ ဘယ်လိုမှ လွှဲရက်နိုင်စရာမရှိ။

မြင့်သောအရပ်၊ သွယ်လျလှပသော ခန္ဓာကိုယ်၊ မျက်ဝန်း လှလှနှင့် နှုတ်ခမ်းဖူးဖူးလေး၊ သူမမှာရှိသည့် အလှတွေက မင်းညီညွှတ်မျက်ဝန်းထဲ စွဲထင်သွားစေရသည်ပဲလေ။

ခရေပင်အောက်တွင် ခရေပန်းလေးများ ကောက်နေသော သိပ်လှသည့် မိန်းကလေးကိုကြည့်ပြီး မင်းညီညွှတ်ရင်ထဲ တစ်ကြိမ် တစ်ခါမှ မဖြစ်ပေါ် မခံစားဖူးသည့် ဝေဒနာတွေက ရင်မှာ ခဏခြင်း ဖြစ်ပေါ်သွားရသည်။

ဒီမိန်းကလေးနှင့်ဆုံတာ သူ ခဏလေးဖြစ်ပေမယ့် ဘာကြောင့် ဒီလိုထူးခြားသည့် ခံစားမှုတွေကို သူ ခံစားသွားရတာပါလိမ့်။

သူ့အကြည့်တွေကြောင့်ထင် ခရေပန်းလေးများကို ကောက်နေရာမှ သူ့ထံ ဖျတ်ခနဲ ရောက်ရှိလာသော မျက်ဝန်းလဲ့လဲ့ကြီးနှင့်

ဆုံသွားရတော့ မင်းညီညွတ်ရင်မှာ ဒိတ်ခနဲခုန်သွားရသည်။

သူဘာဖြစ်တာပါလိမ့်။

မိန်းကလေးတစ်ယောက်၏ အကြည့်နှင့် ဆုံသွားရတာနဲ့ သူ့ရင်ထဲ ဒီလိုခံစားမှုတွေ မဖြစ်သင့်ပါ။

ဒါ မိန်းကလေးတစ်ယောက်နှင့်ပတ်သက်ပြီး သူ့ဘဝမှာ ပထမဦးဆုံး ရင်ခုန်လှုပ်ရှားရတာပင်ဖြစ်သည်။

သူကြည့်နေဆဲမှာပင် .သူမလေးသည် ဖန်းခြင်းလေးထဲ ဖန်းများကောက်ပြီးသွားကာ…

"အစ်ကိုက ဒီခြံကိုပြောင်းလာတဲ့ လူသစ်တွေလား"

"အဟွန်း…ဟုတ်တယ်ဆိုပါတော့ ခင်ဝတီ"

"ဝတီလို့ပဲခေါ်ပါ အစ်ကို"

"ကိုယ့်နာမည်က မင်းညီညွတ်၊ နောက်တွေ့လည်းခေါ်ပေါ့"

"ဟုတ်ကဲ့…ကျေးဇူးပါပဲ အစ်ကို၊ ဝတီကို ခုလို ဖန်းကောက်ခွင့်ပြုလို့၊ ဝတီကို သွားခွင့်ပြုပါဦးနော်"

ဖန်းခြင်းလေးကိုင်ကာ သူ့အား နှုတ်ဆက်ထွက်သွားသူ



လေးကို ကြည့်ပြီး မင်းညီညွတ်ရင်ထဲ တစ်စုံတစ်ရာ လစ်ဟာသွားရသလို ခံစားလိုက်ရ၏။

သူကြည့်နေဆဲမှာပင် သူမအရိပ်လေးသည် သူ့မျက်ဝန်းထဲက ပျောက်ကွယ်သွားရသည်။

သိပ်လှသော သူမလေးသည် သူရစိုးပြောသွားခဲ့သည့် တစ်ဖက်ခြံမှ ဒေါ်ခင်ဖုန်းတင့်၏တူမ။ ဒီမြို့၏ အချောအလှဆုံး မိန်းကလေးဖြစ်သည့် ခင်ဝတီပဲဆိုတာ မင်းညီညွတ် သိလိုက်ရပြီ။

"ခင်ဝတီဆိုတဲ့ မိန်းကလေးရယ် မင်းလေးနဲ့ ခဏတွေ့ရပေမယ့် ကိုယ့်ရင်ထဲ ခံစားမှုတွေ အမျိုးမျိုးဖြစ်စေရပါလားဗျာ"

□ □ □

Scanned by CamScanner

# အခန်း (၂)

ဘာလိုလိုနှင့် မင်းညီညွတ် ကြည်စိမ်းလဲ့ကို ပြောင်းလာသည်မှာ တစ်လနီးပါးရှိခဲ့ပြီဖြစ်သည်။

သူနေသည့်နေရာနှင့် ဆေးရုံက သိပ်မဝေးလှသဖြင့် တစ်ခါတစ်ရံမှသာ ကားကိုယူသွားတတ်ပြီး များသောအားဖြင့် လမ်းလျှောက်သွားသည်က များလေသည်။

သူ ဒီမြို့ကို ပြောင်းလာတုန်းကသာ ခင်ဝတီဆိုသော မိန်းကလေးကို တစ်ခါဆုံတွေ့ခဲ့ရသည်ကလွဲပြီး နောက်ပိုင်း မင်းညီညွတ် သူမကို မဆုံတွေ့တော့သည်မှာ ယခုချိန်ထိပင်ဖြစ်သည်။

သူမ ဘာတွေများ လုပ်နေပါသည်လဲ။



Book Sharing

Scanned by CamScanner

မင်းညီညွတ် သူမရှိရာ တစ်ဖက်ခြံသို့ ကြည့်လိုက်မိသည်။ ခြံအလုပ်သမားများကိုသာ တွေ့ရပြီး သူ မြင်ချင်တွေ့ချင်ပါသည့် သူမအရိပ်လေးကိုတော့ မင်းညီညွတ် မမြင်တွေ့ခဲ့ရပါ။

"အစ်ကိုလေး…ဘာကြည့်နေတာလဲ"

အေးမောင်အသံကြားမှ သူ့အကြည့်တွေကို မင်းညီညွတ် ရုပ်သိမ်းလိုက်မိသည်။ သည်နောက် အေးမောင်ကို လှည့်ကြည့်ကာ…

"ဘာရယ်မဟုတ်ပါဘူးကွာ၊ ဟိုဘက်ခြံကြီးကို ကြည့်နေတာပါ၊ အလုပ်သမားတွေက အများသားနော်"

"ဟုတ်တယ် အစ်ကိုလေး၊ အဲဒီခြံက အလုပ်သမားတွေအတော်များတယ်၊ ပိုက်ဆံရှိတဲ့သူတွေဆိုတော့ အလုပ်သမားများမှာပေါ့"

"ဪ…ဒါနဲ့ ငါမရှိတုန်း ခြံထဲကို ဘယ်သူလာသေးလဲ"

"ဘယ်သူမှမလာပါဘူး အစ်ကိုလေးရ၊ ဘာဖြစ်လို့လဲ"

အေးမောင်သည် သူ့ကိုပြန်ဖြေရင်းက သူ့မျက်နှာကို နားမလည်သလို ကြည့်လိုက်သည်။

ခင်ဝတီ သူ့ခြံကို ယန်းလာကောက်စဉ်တုန်းက အေးမောင်နှင့် မဆုံလိုက်ပါ။

ဒါကြောင့် သူမရှိချိန် ခင်ဝတီများ နောက်တစ်ခေါက်လာသေးမလားဆိုသည့် အတွေးနှင့် အေးမောင်ကို မေးလိုက်မိခြင်းဖြစ်သည်။

"ဘာမှမဖြစ်ပါဘူးကွာ၊ ညှေ့သည်တွေများလာသေးလားလို့ပါ"

"ဟဲ ဟဲ အစ်ကိုလေး မေးပုံက တစ်ခုခုတော့ တစ်ခုခုပဲ ဘာတစ်ခုမှန်းတော့မသိဘူး"

"ဟာကွာ မင်း"

အေးမောင်စကားကြောင့် သူ့မျက်နှာကြီး ရဲခနဲဖြစ်သွားရသည်။

"အစ်ကိုလေးကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ အစ်ကိုလေး ဟိုဘက်ခြံက အစ်မလေး လာမလာသိချင်နေတာ မဟုတ်လား"

''အေးမောင် မင်းဘယ်လို''

''ဟဲ ဟဲ အစ်ကိုလေး မမေ့နဲ့လေ၊ ကျွန်တော်က အစ်ကိုလေးတပည့်ဆိုတာ၊ ကျွန်တော် အဲဒီခြံက အစ်မချောချောလေးကို တစ်ခါတွေ့တယ်၊ အခုနောက်ပိုင်း အဲဒီခြံမှာ အလုပ်တွေ ရှုပ်နေပုံရတယ်၊ ဘာကိစ္စရှိလဲတော့ ကျွန်တော် မသိဘူး''

''ဒါနဲ့ အစ်ကိုလေး အဲဒီ အစ်မလေးနဲ့ ဘယ်တုန်းက ဆုံခဲ့တာလဲ''

''အေး မင်း အဲလို မေးမှမေးပါ့မလားလို့၊ ဒီပြောင်းလာတုန်းက ဆုံမိတာ''

''ဒါမျိုးကျတော့ တို့အစ်ကိုလေးက သွက်သားပဲ ကျွန်တော်တောင် မသိလိုက်ဘူး''

''တော်စမ်းပါကွာ ငါသူ့နဲ့ ဆုံတယ်ဆိုတာ သူ ဒီခြံထဲကို ဝင်ပြီး ခရေပန်းလာကောက်လို့ ဆုံမိတာ''

''ဩော် ဒီလိုလား ဒါဆို အစ်ကိုလေးတို့က ခရေပင်မှူးစားပေါ့''

''ဟာ ဟိတ်ကောင်''



''အဟား ဟား ဟား''

သူ့စကားကို သူ့ဘာသာသူ သဘောကျစွာရယ်နေသော အေးမောင်ကို မင်းညီညွတ် စိတ်ဆိုးရအခက်၊ စိတ်မဆိုးရအခက်နှင့် ရှိနေပေမယ့် သူ့ရင်ထဲမှာတော့ အေးမောင်စကားကြောင့် နွေးလျှသွားရသည်က အမှန်။

ဒါ သူ့အတွက် ရှေ့ပြေးနိမိတ်စကားများလား။ ရင်မှာ လှိုက်ခနဲ လှုပ်ရှားသွားမှုတွေနှင့်အတူ မင်းညီညွတ်သည် သူမ မျက်နှာလှလှလေးကို မြင်ယောင်ရင်း ရင်တွေပင် ခုန်ချင်လာရသည်။

''အေးမောင်''

''ဗျာ…အစ်ကိုလေး''

''နက်ဖြန် ငါ ရန်ကုန်ကို သွားစရာရှိတယ်၊ အဲဒါ ကားကို သေချာအောင်လုပ်ထားလိုက်ဦး''

''ဟုတ်ကဲ့ အစ်ကိုလေး၊ ကျွန်တော်မောင်းပေးရမလား''

''ရတယ်၊ ငါ့ဘာသာပဲ မောင်းသွားလိုက်မယ်၊ အလုပ်ကိစ္စနဲ့သွားမှာ၊ မင်း ခြံကို ဂရုစိုက်ထားလိုက်''

Scanned by CamScanner

ပြောပြီး သူ တိုက်ထဲသို့ ဝင်လာခဲ့သည်။

မနက်စောစော သူ ခရီးထွက်ရမှာမို့ ပြင်ဆင်စရာရှိသည်များကို မင်းညီညွတ် ပြင်ဆင်ပြီး အိပ်ရာခပ်စောစောဝင်ခဲ့လိုက်သည်။

မအိပ်ခင် ခင်ဝတီရှိရာ တစ်ဖက်ခြံကို ကြည့်လိုက်တော့ အလုပ်သမားတွေ ကားတွေဖြင့် ရှုပ်ထွေးနေရသည်။

ခုချိန် သူမလေး ဘယ်နေရာမှာများ ရှိနေသည်လဲ။ တွေ့ချင်မြင်ချင်နေရသည့် သူ့စိတ်တွေကို ချိုးနှိမ်ရင်း မင်းညီညွတ် မျက်ဝန်းအစုံကို မှိတ်လိုက်ပါတော့သည်။

နေပွင့်လျှင် ကားမောင်းရသည်က ပင်ပန်းတာကြောင့် မင်းညီညွတ် ခပ်စောစောပင် ထွက်လာခဲ့လိုက်သည်။

မသွားခင် သူ့အကြည့်တွေက ခင်ဝတီရှိရာ တစ်ဖက်ခြံသို့ ရောက်ရှိသွားရသည်။ တစ်ခြံလုံး တိတ်ဆိတ်လျက် ငြိမ်သက်နေသည်မှာ ဘယ်သူမှ နိုးကြသေးပုံမရ။

မင်းညီညွတ်သည် ကားလေးကို မနှေးမမြန် အရှိန်မှန်မှန်နှင့် မောင်းလာခဲ့ရာ တစ်နေရာအရောက်မှာတော့…



"ဟင်"

မင်းညီညွတ်မှာ မျက်ခုံးထူထူကြီးနှစ်ဖက်က မြင့်တက်သွားရသည်။ သူ့အကြည့်တွေက မပိပြင်သည့် အလင်းရောင်အောက်တွင် ခရီးဆောင်အိတ်တစ်လုံးနှင့် အဝေးပြေးကားဂိတ်ဆီသို့ ခပ်သွက်သွက်သွားနေသော အရိပ်လေးထံ အကြည့်တွေ စူးစူးစိုက်စိုက် ရောက်ရှိသွားရသည်။

ကြည့်နေရင်းက မင်းညီညွတ်ရင်တွေ တဒိတ်ဒိတ်ဆောင့်ခုန်လာရသလို အံ့ဩမှုတွေကလည်း ရင်မှာပိုသွားရသည်။

ကြည့်စမ်း ခင်ဝတီ…ခင်ဝတီပါလား။

အမှောင်ထု ကြီးစိုးနေဆဲဖြစ်သည့် မနက်မှာ သူမတစ်ယောက်တည်း အဖော်မပါ တစ်ယောက်တည်း ဘယ်ကိုများသွားမလို့ပါလိမ့်။

အလင်းရောင်သည် မရှိသေး။

သို့သော် မင်းညီညွတ် သူမလေးကိုတော့ မှတ်မိနေပါသည်။ သူမပုံရိပ်က မင်းညီညွတ်မျက်ဝန်းထဲ ဘယ်တော့မှ ပျောက်ဖျက်၍ရမည့်ပုံရိပ် မဟုတ်ပါ။

Scanned by CamScanner

သူမဆိုတာကို သူ့နှလုံးသားက အလိုလိုသိနေရသည် မဟုတ်ပါလား။

မင်းညီညွှတ် သူ့ကားကို သူမနားထိုးရပ်လိုက်ပြီး…

"ခင်ဝတီ"

"ဟင်"

ရုတ်တရက် သူမနာမည်ကို ရင်းရင်းနှီးနှီးကြီး ခေါ်လိုက်သံကြောင့် ခင်ဝတီတစ်ကိုယ်လုံး ဆတ်ခနဲ တွန့်တုန်သွားရသည့်အထိ ထိတ်လန့်သွားရသည်။

သူမ၏ ထိုပုံစံလေးကြောင့်ပင် မင်းညီညွှတ်မှာ သူမနှင့် ပတ်သက်ပြီး ရင်မှာ စိုးရိမ်စိတ်တွေ ပိုသွားရသည်။

"ဝတီ…ဝတီတစ်ယောက်တည်း ဘယ်သွားမလို့လဲ ဟင်"

"ရှင်…ဟို…ဟို…ဝတီ….ဝတီ"

သူ့စကားကို ခင်ဝတီ ဘာပြန်ဖြေရမှန်းမသိပါ။ ရင်မှာ ကြောက်ရွံ့စိတ်တွေကြောင့် သူမ ဟန်မဆောင်နိုင်ဘဲ မျက်နှာပျက် လျက် စကားတွေလည်း ထစ်အနေရသည်။



သူမ၏ အကြောက်လွန်နေရသည့် ပုံစံလေးကို ကြည့်ပြီး မင်းညီညွှတ် သူမလေးကို သနားသွားရသည်။

"ကဲ…ဘယ်သွားသွား အခုတော့ ကားပေါ်တက် ဟုတ်လား၊ ဝတီတစ်ယောက်တည်း၊ ကိုယ် ဝတီသွားချင်တဲ့နေရာ လိုက်ပို့ပေးမယ်"

သူ့စကားကို ခင်ဝတီ စဉ်းစားသလို တစ်ချက်ငြိမ်သွားလေသည်။ ပြီးမှ သူ့ကားပေါ်သို့ တက်လိုက်သည်။

သူမကားပေါ်ရောက်သည်နှင့် မင်းညီညွှတ် ကားလေးကို ခပ်မှန်မှန် မောင်းထွက်လာခဲ့လိုက်သည်။

ကားမောင်းနေရင်းက မင်းညီညွှတ်သည် ခင်ဝတီ၏ လှပလွန်းသော မျက်နှာလေးကို အကဲခတ်သလို လှမ်းကြည့်ကာ…

"ဝတီ တစ်ယောက်တည်းလား"

"ရှင်"

အတွေးတွေနှင့် ငြိမ်သက်နေရသော ခင်ဝတီ သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်လာလေပြီး…

"ဟုတ်ကဲ့…ဝတီတစ်ယောက်တည်းပါ"

Scanned by CamScanner

''ဒါနဲ့…ဝတီ ဘယ်သွားမလို့လဲ၊ ကိုယ် ဘယ်ကိုပို့ပေးရမလဲ''

''ဝတီ…ဝတီ ရန်ကုန်ကိုသွားမလို့ပါ''

''ဟင်…ဝတီ ရန်ကုန်ကိုသွားမလို့ ဟုတ်လား''

သူက ခင်ဝတီပြောတာကို မယုံသလို သူမ၏မျက်နှာလှလှလေးကို အကဲခတ်သလို မျက်ဝန်းစူးစူးကြီးများဖြင့်ကြည့်ကာ မေးလာသဖြင့် သူမ စိတ်ရှုပ်ထွေးသွားရသည်။

သူ သူမကို အထင်များသေးသွားပြီလား မသိပါ။ ဟင်း တတ်နိုင်ဘူးလေ။ ထင်ချင်သလိုသာ ထင်ပါစေတော့။ သူမအခြေအနေက ဒီလိုဖန်တီးလာရသည်ပဲလေ။

အတွေးနာကျင်စွာ ခင်ဝတီ သက်မချလိုက်မိသည်။

''ဝတီ''

''ရှင်''

''ကိုယ်လည်း ရန်ကုန်သွားမှာ၊ ဝတီ ရန်ကုန်သွားမယ်ဆို ကိုယ်နဲ့ လမ်းကြုံနေသားပဲ၊ ကိုယ့်ကားနဲ့လိုက်ခဲ့လေ''

သူ့စကားကြောင့် ခင်ဝတီ အံ့ဩသွားရသည်။



''အစ်ကိုလည်း ရန်ကုန်ကိုသွားမလို့ ဟုတ်လား''

''ဟုတ်တယ်၊ ဒါကြောင့် ကိုယ် ခပ်စောစောထွက်လာတာ၊ ဝတီ ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့ပေါ့''

''ကျေးဇူးပဲ အစ်ကိုရယ်၊ ဒါဆို ဝတီ အစ်ကို့ကားနဲ့ပဲ လိုက်ခဲ့တော့မယ်''

ပြောလိုက်သည့် သူမအသံလေးက နွမ်းလျနေရသည်ဟု မင်းညီညွတ် တွေးလိုက်မိသည်။

တပြည်းပြည်းနှင့် မင်းညီညွတ်မောင်းလာသည့် ကားလေးက မြို့ကိုပင် ထွက်လာခဲ့ရပြီး ရန်ကုန်သို့ ဦးတည်နေသော လမ်းပေါ်တွင် သူ့ကားလေး တရိပ်ရိပ်နှင့် ပြေးနေတော့သည်။

ခင်ဝတီဆိုသော လှပလွန်းသော မိန်းမချောလေးသည် ပြဿနာတစ်စုံတစ်ရာ ရှိလာခဲ့ပုံရ၏။

အရာအားလုံး ပြည့်စုံနေသည့် အနေအထားမှာ သူမအတွက် ဘာပြဿနာများ ရှိနေပါလိမ့်ဆိုတာကိုလည်း မင်းညီညွတ် စဉ်းစား၍မရပါ။

အခုလို အနေအထားမျိုးနှင့် တွေ့ရပုံက သူမတွင် ပြဿနာ

Book Sharing

Scanned by CamScanner

တစ်စုံတစ်ရာဖြစ်လာသည်ကတော့ သေချာပါသည်။

ခြံကျယ်ကြီးတွင် ကားများစွာ အလုပ်သမားပေါင်းများစွာနှင့် စီးပွားရေးပြည့်စုံနေရသည့် သူ့မလို မိန်းမလှအား ဒီလိုပုံစံမျိုးနှင့် တွေ့ရသည့်အတွက် မင်းညီညွတ်ရင်မှာ အုံ့သြနေရသည်။

"ကိုယ့်ကို အိမ်နီးချင်းမိတ်ဆွေတစ်ယောက်အနေနဲ့ရော အစ်ကိုတစ်ယောက်လိုပါ သဘောထားပြီး ဝတီ ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်၊ ဝတီ့မှာ ဘာအခက်အခဲတွေရှိနေလဲ၊ ကိုယ့်ကိုပြောပြလေ"

ကားမောင်းနေရင်းက မင်းညီညွတ် ခင်ဝတီအား ပြောလိုက်တော့ သူမလေးက လှပသော မျက်ဝန်းကြီးများနှင့် သူ့မျက်နှာကို စိုက်ကြည့်လာလေသည်။

"ဒီလိုပြောလို့ ကိုယ့်ကို မင်းတစ်မျိုးမထင်စေချင်ဘူး၊ ကိုယ် အခုလိုပြောတာ ဝတီ့ကို ကူညီချင်လို့ မေးနေတာ၊ ဝတီ့မှာ အခက်အခဲကြုံနေရင် ကိုယ် အတတ်နိုင်ဆုံး ကူညီပေးပါရစေ"

သူ့စကားကြောင့် သူမမျက်ဝန်းလေးများ လက်သွားရပြီး "ဝတီ့ကို ကူညီမယ်ဆိုတာ အစ်ကိုတကယ်ပြောနေတာလားဟင်"



"တကယ်ပေါ့ဗျာ၊ ဝတီ့ကို ကိုယ် စိတ်ရင်းစေတနာနဲ့ ပြောနေတာ၊ ဘာလဲ ဝတီက ကိုယ့်စကားကို မယုံလို့လား"

"အို…အဲလိုမဟုတ်ပါဘူး အစ်ကို၊ အစ်ကို့ကို ဝတီယုံပါတယ်"

မင်းညီညွတ် ခင်ဝတီ၏ ပုံစံလေးကိုကြည့်ကာ သူ့ရင်ထဲ တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးသော ခံစားမှုများ ရင်မှာဖြစ်ပေါ်သွားရသည်။

ခင်ဝတီသည် ဘယ်လိုအခက်အခဲနှင့် ကြုံတွေ့နေရသည်တော့မသိပါ။ သူမပုံစံလေးကိုကြည့်ပြီး မင်းညီညွတ်ရင်ဝယ် သနားကရုဏာ ပိုနေရတော့သည်။

ခင်ဝတီသည် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေဟန်တူပါသည်။ အတန်ကြာမှ သူ့ဘက်သို့ မျက်နှာလှလှလေး လှည့်လာကာ…

"အစ်ကို"

"ဟင်"

"ဝတီ့ကို ရန်ကုန်ရောက်ရင် သူငယ်ချင်းအိမ်ဆီ ရောက်

အောင်ပို့ပေးပါနော်"

"စိတ်ချပါရှာ…ဝတီသွားချင်တဲ့သီ ကိုယ်ရောက်အောင်ပို့ပေးပါ့မယ်"

"ဒါပေမဲ့…"

"ဒါပေမယ့် ဘာဖြစ်လဲအစ်ကို"

"ဝတီမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကို အစ်ကိုသိခွင့်ရှိမလား"

"မသိချင်ပါနဲ့ အစ်ကိုရယ်"

သက်ပြင်းလေးချကာ ပြောလိုက်သည့် သူမစကားသံတွင် အားငယ်ဝမ်းနည်းမှုများ ပါနေရလေသည်ထင်။

ခင်ဝတီဆိုသော လှပလွန်းသည့် မိန်းမချောလေးရဲ့ ဘဝမှာ ဘယ်လိုအခက်အခဲမျိုးတွေ ရှိနေပါသည်လဲ။

လှပလွန်းသည့် သူမမျက်နှာလေးကို စိုက်ကြည့်ရင်း မင်းညီညွတ် သူမဘဝကို ပိုစိတ်ဝင်စားလာရသည်။

စိတ်ဝင်စားလာရသည်နှင့်အမျှ သူမနှင့် အေးအေးဆေးဆေး စကားပြောချင်လာရသည်မို့ မင်းညီညွတ် ကားကိုနားလို့ရ



သည့်နေရာတစ်ခုတွင် ထိုးရပ်လိုက်ပြီး…

"ကဲ…ဝတီ ဆင်းဦးနော်၊ အစ်ကိုတို့ အဆာပြေတစ်ခုခု စားကြရအောင်"

"ဟုတ်ကဲ့ အစ်ကို"

နှစ်ဦးသား ကားပေါ်မှ ဆင်းလိုက်သည်။ သည်နောက် သန့်ရှင်းသပ်ရပ်သည့် စားသောက်ဆိုင်ထဲသို့ ဝင်လာကာ စားစရာအချို့ကို မှာလိုက်သည်။

"ဝတီ စားလေ"

"ဟုတ်ကဲ့ အစ်ကိုကောစားလေ"

"အင်း"

စားပွဲထိုးလေး လာချပေးသည့် စားစရာများကို နှစ်ဦးသား စားသောက်ရင်း…

"ဝတီ ပြောနိုင်မလား၊ ကိုယ် ဝတီ ကြုံတွေ့ခဲ့တဲ့ အခက်အခဲတွေကို သိချင်တယ်၊ ကိုယ့်ကိုယုံတယ်ဆိုရင်ပေါ့"

သူ့စကားကြောင့် ခင်ဝတီမျက်နှာလေး ပျက်သွားလေသည်။ ဒါကို မင်းညီညွတ် သတိထားမိလိုက်သည်။

Scanned by CamScanner

ခင်ဝတီသည် အတန်ကြာသည်အထိ စကားမပြော ငြိမ်သက်နေပြီးမှ...

"ဝတီ ဘယ်ကစပြောရမှန်းတောင် မသိတော့ပါဘူး အစ်ကိုရယ်၊ ဝတီဘဝက 'အပြင်ပန်းကကြည့်ရင်တော့ အားလုံး ပြည့်စုံနေတဲ့ဘဝပါပဲ၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ဝတီ"

ခင်ဝတီ စကားရပ်သွားရသဖြင့် သူ သိချင်စိတ်ပြင်းစွာ သူမရှေ့ဆက်ရန် စကားကို ထောက်ပေးလိုက်သည်။

"ဝတီအကြောင်းကြားရရင် အစ်ကို စိတ်ရှုပ်သွားလိမ့် မယ်၊ လောလောဆယ် ဝတီကို ဒီအကြောင်းမမေးပါနဲ့အစ်ကို၊ ဝတီ အစ်ကို့ကိုယုံပါတယ်၊ အစ်ကိုလည်း ဝတီ့ကိုခင်တယ်ဆိုရင် ဝတီ့ကို ရန်ကုန်က သူငယ်ချင်းဆီရောက်အောင်သာ ပို့ပေးပါနော်"

"ကောင်းပြီလေ...ဝတီမပြောချင်တဲ့စကားကို ကိုယ် ဖွင့်မမေးတော့ပါဘူး၊ စိတ်ချပါ ကိုယ် ဝတီသွားချင်တဲ့ဆီ ရောက် အောင် ပို့ပေးမယ်ဆိုတာ ကတိပေးပါတယ်"

အလှတွေထူးကဲနေရပေမယ့် နွမ်းလျှနေရသည့် မိန်းမချော လေးကိုကြည့်ပြီး မင်းညီညွှတ်ရင်မှာ မကောင်းနိုင်ပါ။



ဒါကြောင့်လည်း သူ မပြောချင်သည့် အကြောင်းအရာ များကို ဆက်မမေးတော့ဘဲ သူ့ကတိအတိုင်း သူမလေးသွားလိုရာ ကို လိုက်ပို့ရန်သာ သူ ဆုံးဖြတ်လိုက်လေသည်။

သိပ်လှသော သူမမျက်နှာလေးတွင် စိတ်ရှုပ်ထွေးမှု၊ စိတ်ညစ်မှုတို့က အထင်းသား ပေါ်လွင်နေရသည်။

တကယ်ဆို မင်းညီညွှတ်လိုလားသည်က သိပ်လှလွန်း သော သူမမျက်နှာလေးထက်က စိတ်အနှောင့်အယှက် စိတ်ညစ်ညူးမှုတို့ကို မမြင်မတွေ့လိုပါ။

သူမြင်တွေ့ချင်သည်က သူမလေး၏ အပြစ်ကင်းစွာ ရှင်းသန့်နေသည့် မျက်နှာလေး။ ဒီမျက်နှာလှလှလေးထက်တွင် ပျော်ရွှင်စရာကလွဲလို့ ဘာအနှောင့်အယှက်ကိုမှ မရှိစေရပါ။

ခုတော့ သူတွေ့မြင်ချင်တာနှင့် တခြားစီ သူမကိုမြင်ရ တော့ မင်းညီညွှတ် မိန်းမချောအတွက် ဘယ်လိုမှ စိတ်မချနိုင်တော့ ပြီ မဟုတ်ပါလား။

ရင်မှာ သူမလေးအတွက် စိုးရိမ်မှုတွေကသာ ပိုနေရတော့ သည်။

□ □ □

Scanned by CamScanner

# အခန်း (၂)

ရန်ကုန်သို့ ရောက်သည်နှင့် မင်းညီညွတ်သည် ခင်ဝတီ ပြောသည့် လိပ်စာအတိုင်း ကားလေးကို မောင်းလာခဲ့လိုက်သည်။

"လိပ်စာထဲက အတိုင်းဆိုရင်တော့ ဒီတိုက်ပဲ၊ ဝတီ အရင်ကရော ရောက်ဖူးလား"

"ရောက်တော့ မရောက်ဖူးဘူးအစ်ကို၊ ဝတီနဲ့သူ ကျောင်းမှာတော့ အရမ်းခင်တယ်၊ ဝတီကို လာလည်ဖို့ ဒီလိပ်စာပေးခဲ့တာ"

ကားပေါ်မှ နှစ်ဦးသား ဆင်းလိုက်သည်။ ခြံရှေ့လူခေါ် ဘဲလ်ကို နှိပ်လိုက်တော့ ခြံစောင့်ဖြစ်ဟန်တူသော အဘိုးကြီး ထွက်လာပြီး...

"ဘာကိစ္စရှိလို့လဲကွယ်"



Scanned by CamScanner

"ပေရယ်ရှိလား အဘ၊ ကျွန်မ သူ့သူငယ်ချင်းပါ"

"သြော်...ကလေးမက ဧပရယ့်သူငယ်ချင်းလား"

"ဟုတ်ကဲ့"

"အေးကွဲ့...ဧပရယ်တို့က ဒီခြံကိုရောင်းပြီး မိသားစုအားလုံး ဆွေမျိုးတွေရှိတဲ့ နိုင်ငံခြားကို ထွက်သွားကြပြီ၊ အဘ ဧပရယ်တို့လက်ထက်ကတည်းက ခြံစောင့်လုပ်လာတာ၊ သူတို့မရှိတော့ပေမယ့် နောက်ဝယ်တဲ့ ပိုင်ရှင်အသစ်က အဘကို ခြံစောင့်အဖြစ် ဆက်ငှားထားလို့ အဘ ဒီမှာဆက်ရှိနေတာ"

"ရှင်...အို"

ခြံစောင့်အဘ၏ စကားအဆုံး ခင်ဝတီမျက်နှာလေး ဖြူဖျော့သွားရတဲ့အထိ စိတ်ထိခိုက်သွားရသည်။

"ဒုက္ခပါပဲရှင်"

သူမ၏ ဝမ်းနည်းစိတ်ပျက်ဟန်လေးနှင့် ညည်းညူသံစကားကြောင့် မင်းညီညွှတ် မနေသာတော့ဘဲ...

"သိပ်လည်း စိတ်မပျက်ပါနဲ့၊ ခု ဝတီ ဘယ်လိုလုပ်မယ်စိတ်ကူးလဲ"



"ဝတီတော့ ဘာလုပ်ရမှန်း မသိတော့ပါဘူး အစ်ကိုရယ်"

"သိပ်လည်းစိတ်မပျက်ပါနဲ့၊ ဝတီ့နားမှာ အစ်ကိုရှိပါတယ်၊ ကိုယ်တို့ အကောင်းဆုံးအဖြေတစ်ခုကို ရှာကြတာပေါ့၊ ကဲ...လာ ကိုယ်တို့သွားရအောင်"

မင်းညီညွှတ် ကားလေးကို မောင်းထွက်လာခဲ့လိုက်သည်။ ခင်ဝတီမှာ စိတ်ဓာတ်ကျသွားရသလို စကားမှမဆိုနိုင်တော့။

မျှော်လင့်ချက်တွေနှင့်လာသော သူမ။ မျှော်လင့်ချက်မဲ့သွားရပြီမို့ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့။ ခုချိန် သူမအတွက် တစ်ခုတည်းသော အားထားရာက မင်းညီညွှတ်တစ်ယောက်တည်းရယ်သာ ရှိတော့သည်။

"ဝတီ"

"ရှင်"

"ဒီအချိန်မှာ ကိုယ့်ကို အားလုံး ပွင့်ပွင့်လင်းလင်းပြောသင့်ပါပြီဗျာ၊ ဒါမှ ကိုယ် ဝတီ့ကို ဘယ်လိုကူညီနိုင်မယ်ဆိုတာ စဉ်းစားလို့ရမှာ၊ ကိုယ်ပြောတာကို ဝတီ နားလည်ပါတယ်နော်"

Book Sharing

Scanned by CamScanner

မင်းညီညွှတ်အမေးကြောင့် ခင်ဝတီ ငိုချင်သွားရသည်။ သူမဘဝက ခုချိန်မှာ အားကိုးရာမဲ့နေကာ တစ်ယောက်တည်း ဘယ်ကိုသွားလို့ သွားရမှန်းလည်း မသိတော့။

"ဝတီ"

ခင်ဝတီ မထူးမိပါ။

မင်းညီညွှတ်၏မျက်နှာကိုသာ လှပသော ကော့ရှန်းသော မျက်ဝန်းလဲ့ပြာကြီးနှင့် ဖျတ်ခနဲ တစ်ချက်ကြည့်ကာ ခေါင်းလေး ငုံ့ဆင်းသွားရသည်။

ဝမ်းနည်းအားငယ်နေရသည့် သူမ၏ ထိုအကြည့်လေးကပင် မင်းညီညွှတ်၏ နှလုံးသားများကို တုန်ခါဖိုနွေးသွားရကာ ရင်ထဲ လှိုက်လှဲသောချစ်စိတ်များ ဖြစ်ပေါ်သွားရသည်။

"ဝတီ"

ခင်ဝတီ၏ အေးတိအေးစက် အမူအရာလေးကိုကြည့်ပြီး မင်းညီညွှတ် အားမလိုအားမရ ဖြစ်သွားရသည်။

သူကြည့်နေဆဲမှာပင် သူမပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။



သူမမျက်ရည်များကိုမြင်တော့ မင်းညီညွှတ်ရင်ထဲ မနေတတ်တော့ဟလို မျက်ရည်တွေနှင့် မိန်းကလေးကိုကြည့်ပြီး မင်းညီညွှတ် စိတ်ထိခိုက်နေရသည်။

သူမ ဒီလိုဝမ်းနည်းမျက်ရည်ကျနေတာမျိုးကို သူ မကြည့်ရက်ပါ။ ကြည့်နိုင်စွမ်းလည်း သူ့မှာမရှိ။

ထို့အတူ မျက်ရည်တွေနှင့် သိပ်လှသော ဒီမိန်းကလေးကို သူဘယ်လို နှစ်သိမ့်ရမည်မှန်းလည်း မသိပါ။

"ဝတီကို ဒေါ်ဒေါ်က သူသဘောတူတဲ့သူနဲ့ ဖွတ်အတင်း အိမ်ထောင်ချပေးဖို့ စီစဉ်နေတယ်လေ၊ ဒါကို ဝတီလက်မခံဘူး၊ ဒါကြောင့် ဝတီ အခုလိုထွက်လာခဲ့တာ"

"ဪ"

သူမပြသနာကို မင်းညီညွှတ် သဘောပေါက်သွားရသည်။ တစ်ဆက်တည်း သူမ ခံစားချက်ကိုလည်း နားလည်လိုက်ကာ...

"ဝတီ ဒေါ်ဒေါ်စီစဉ်တာကို လက်မခံနိုင်လောက်အောင် ဝတီမှာ ချစ်ရမယ့်သူရှိနေလို့လား၊ ဟို ကိုယ်ပြောချင်တာ"

Scanned by CamScanner

"ဝတီ အစ်ကိုပြောတာကို နားလည်ပါတယ်၊ ဝတီမှာ ချစ်ရမယ့်သူရှိနေမှတော့ အစ်ကိုရယ် အခုလိုခရီးကို တစ်ယောက်တည်း ထွက်လာခဲ့ပါမလား"

"ဆောရီးပဲကွာ၊ ကိုယ်က သဘောရိုးနဲ့ မေးမိတာပါ"

"တကယ်ဆို ဝတီလို ငယ်ရွယ်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ခုလိုမျိုး တစ်ယောက်တည်း ထွက်မလာသင့်ဘူး၊ ဝတီ့ဒေါ်ဒေါ် စီစဉ်တဲ့ကိစ္စ ဝတီ လက်မခံနိုင်ဘူးဆိုလည်း လူကြီးတွေက ဖွတ်အတင်းကြီးစီစဉ်မှာတော့ မဟုတ်ပါဘူး"

"ဟင့်အင်း…အစ်ကိုမသိပါဘူး၊ ဒေါ်ဒေါ်ဟာ ဘယ်ကိစ္စမဆို သူဖြစ်ချင်တဲ့အတိုင်းဖြစ်အောင် လုပ်တတ်တယ်ဆိုတာ အစ်ကိုမှမသိဘဲ၊ နောက်ပြီး ဒေါ်ဒေါ်ဟာ သူစီစဉ်တဲ့အတိုင်း သူ့စကားကို လက်မခံရင်လည်း လူတစ်ယောက်ကို မညှာမတာ ရက်ရက်စက်စက် အပြစ်ပေးတတ်တဲ့အကျင့်ရှိတယ်"

မင်းညီညွတ် ခင်ဝတီ့စကားကို နားထောင်ပြီး အံ့ဩသွားရသည်။

"ဘယ်လို မညှာမတာ ရက်ရက်စက်စက် အပြစ်ပေးတတ်တာမျိုးလဲ ဝတီ"



"အများကြီးပါပဲ အစ်ကိုရယ်၊ ဒေါ်ဒေါ်ရဲ့ ရက်စက်မှုတွေဟာ တစ်ခါတစ်ခါမှာ ကိုယ့်အဒေါ်ရင်းမှ ဟုတ်ပါရဲ့လားလို့တောင် သံသယဝင်မိတဲ့အထိ ဖြစ်ရတယ်၊ ဒေါ်ဒေါ်ဟာ အဲဒီလောက်ထိ ရက်စက်တယ်၊ ဒေါ်ဒေါ်ရက်စက်တာကို ဝတီအသိဆုံးပါ အစ်ကိုရယ်"

ဖြူဖျော့နေသော မျက်နှာလေးက အဒေါ်ဖြစ်သူ၏ ရက်စက်မှုတွေအတွက် ယခုချိန်ထိ ထိတ်လန့်နေသည့်ဟန်။ မင်းညီညွတ် သနားသွားရကာ…

"ထားပါတော့လေ၊ ဝတီအဒေါ်ဟာ ဝတီအပေါ်မှာ သိပ်ချစ်တဲ့စိတ်နဲ့ ဆုံးမတာမျိုးဆိုရင်ကော"

"မဟုတ်ဘူး အစ်ကို၊ အစ်ကိုထင်သလို မဟုတ်ဘူး၊ ဒါကြောင့်သာ ဝတီ ဒေါ်ဒေါ်စီစဉ်တာကို လက်မခံနိုင်ဘဲ ထွက်လာခဲ့တာပေါ့"

"အင်း…ဝတီပြောတာတွေက စိတ်ဝင်စားစရာတွေပဲ၊ ဝတီ အဲဒီလူကို လက်မခံနိုင်ဘူးပေါ့ ဟုတ်လား"

Scanned by CamScanner

"ဟုတ်တယ် အစ်ကို၊ မနက်ဖြန်ဆို ဝတီ လက်ထပ်ရမယ့်နေ့ပဲ၊ ပြီးတော့ ဝတီ လက်ထပ်ရမယ့်သူက အသက်က ဝတီထက် အများကြီးကြီးရုံတင်မကဘူး ပိုက်ဆံရှိတာတစ်ခုကလွဲပြီး ကျန်တာ မကောင်းတာမှန်သမျှ အကုန်လုပ်တယ်၊ နာမည်ကဦးကောင်းကျော်တဲ့၊ အဲဒီလိုလူမျိုးနဲ့ တူမကို လက်ထပ်ပေးဖို့စီစဉ်တာဟာ ဒေါ်ဒေါ်တစ်ယောက်က တူမတစ်ယောက်အပေါ်ထားတဲ့ စေတနာတဲ့လား အစ်ကို၊ ဒါကြောင့်…ဒါကြောင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး ဝတီ ထွက်လာခဲ့တာ"

ပါးပြင်နုနုထက် ရွှဲရွှဲစိုနေရသော မျက်ရည်တွေနှင့် ဝမ်းနည်းနင့်သည်းစွာ ပြောနေသူလေးကို မင်းညီညွှတ် ဘယ်လိုမှ မကြည့်ရက်တော့ပါ။

တကယ်တော့ သူမပြောသည်ကလည်း မမှား။ လှပနုငယ်လွန်းသည့် တူမငယ်ငယ်ချောချောလေးကို ဒီလိုလူတစ်ယောက်နှင့် လက်ထပ်ပေးဖို့ရာ သူမဒေါ်ဒေါ်သည် ဘာကြောင့်စီစဉ်ရပါသည်လဲ။

ဒေါ်ခင်ဖုန်းတင့်စိတ်ဓာတ်ကို မင်းညီညွှတ်ပင် နားမလည်



ချင်တော့။

ငွေကြေးအရ ဆိုရအောင်လည်း ဒေါ်ခင်ဖုန်းတင့်ဆိုတာ သူ့မြို့မှာတော့ အချမ်းသာဆုံးသူပင်။ ဒေါ်ခင်ဖုန်းတင့် ဘယ်လောက်ချမ်းသာကြွယ်ဝသည်ကိုလည်း တစ်မြို့လုံးနီးပါး အားလုံးသိကြပါ၏။

ဒါနဲ့တောင် ဘာအတွက်ကြောင့် ဒီလိုလူမျိုးနှင့် ခင်ဝတီကို လက်ထပ်ပေးချင်ရပါသည်လဲ။

အကြောင်းတစ်ခုခု ရှိနေသည်ကတော့ သေချာပါသည်။ ဒါ ဘာအကြောင်းပါလဲ။

"ဝတီ"

"ရှင်"

ထူးသံနှင့်အတူ သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လာသော ခင်ဝတီတစ်ယောက် သူမအား စူးရှရီဝေသော မျက်ဝန်းကြီးများနှင့် စိုက်ကြည့်နေသော မင်းညီညွှတ်၏ အကြည့်များနှင့် ဆုံသွားရတော့ မျက်နှာလေး ရဲပသွားရတဲ့အထိ ရှက်အားများ ပိုသွားရလေသည်။

"အို"

ထိုအခါ မင်းညီညွတ်သည် သူ့အကြည့်တွေ သူမလေးထံ လွှင့်သွားရမှန်း သတိထားမိလိုက်သည်။

"ဝတီ အခက်အခဲတွေကို အစ်ကိုကို အခုလိုပြောပြတဲ့အတွက် အစ်ကို့ဘက်က ဝတီကို ကူညီဖို့အသင့်ပါပဲ"

"ဝတီ စိတ်ထဲမှာ ကိုယ့်ကြောင့် အနှောင့်အယှက်မဖြစ်စေချင်ဘူး၊ ကိုယ်ပြောတာကို ဝတီ နားလည်ပါတယ်နော်"

သူ့စကားကြောင့် ခင်ဝတီသည် သူ့မျက်နှာကို ကြည့်ပြီး ခပ်တိုးတိုးပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ခုချိန်မှာ ဝတီအတွက် အားကိုးရမယ့်လူက အစ်ကိုပဲရှိပါတော့တယ်"

သည်စကားကို ခင်ဝတီသည် ရင်ထဲကအမှန်ပင် ဆိုလိုက်ခြင်းဖြစ်သည်။ မင်းညီညွတ်မှာ သူမမျက်နှာလှလှလေးကို ချစ်မြတ်နိုးစွာ စိုက်ကြည့်ရင်း ပြုံးလိုက်သည်။

"အစ်ကို...ဒါ ဘယ်ကိုသွားနေတာလဲဟင်"

တရိပ်ရိပ်ပြေးနေသည့် ကားလေးကိုကြည့်ပြီး ခင်ဝတီမေးလိုက်သည်။ ဒီတော့မှ မင်းညီညွတ် သူဦးတည်ချက်ကို သတိရ



သွားကာ...

"အဟွန်း...ဟုတ်ပါရဲ့၊ ကိုယ် ဝတီကိုတောင် မပြောရသေးဘူး၊ အခုကိုယ်သွားနေတာ ကိုယ့်မိဘတွေဆီလေ"

"ရှင်"

သူမ၏ ထိတ်လန့်သွားဟန်လေးကို ကြည့်ပြီး မင်းညီညွတ် အသည်းယားသွားရသည်။

"ဒီမှာ ကိုယ့်မိဘတွေရှိတယ်၊ သံလွင်လမ်းမှာနေတာ၊ အဲဒီကို ကိုယ်သွားနေတာလေ"

"အို"

"အစ်ကို့မိဘတွေဆီကို ဟုတ်လား"

သူမပုံစံလေးက တကယ့်ကို ထိတ်လန့်နေရသည့်ဟန်။ သူမ ဘာကို ထိတ်လန့်နေရပါသည်လဲ။

ရုတ်တရက် သူ စဉ်းစားမရ။

နောက်မှ တစ်စုံတစ်ရာကို သူ တဖြည်းဖြည်း သဘောပေါက်လာကာ သူ့မျက်နှာကြီးက ကျေနပ်မှုတွေနှင့် ပြုံးသွားရသည်။

ဟုတ်တော့လည်း ဟုတ်ပေသားပဲ။

သူစိမ်းလူရှုယ်နောက်ကို မိန်းမပျိုလေး လိုက်ပါလာရုံတင် မက သူ့မိဘတွေနှင့်ပါ တွေ့ရမည့်အဖြစ်က သူမအတွက် ထိတ်လန့် တုန်လှုပ်သွားစေရသည်ပဲလေ။

ဒါကို သူဘာလို့ မတွေးမိရတာပါလိမ့်။

"ဝတီ…ဝတီ မလိုက်ချင်ဘူးအစ်ကို၊ ဝတီ နေခဲ့တော့ မယ်"

အသံတုန်တုန် မျက်နှာဖြူဖျော့ဖျော့လေးနှင့် ပြောလိုက်မှ မင်းညီညွတ်သည် သူမလေးအား သတိထားမိသွားရသည်။

ခင်ဝတီကို သူကြည့်လိုက်တော့ သူမကလည်း သူ့ကို ပြန်ကြည့်နေသည်မို့ အကြည့်တွေ နှစ်ဦးသား ဆုံသွားရလေသည်။

ခင်ဝတီရင်ထဲတွင်တော့ မသိပါ။ သူ့ရင်ထဲတွင်တော့ အရှိန်ပြင်းသည့်လှိုင်း ထန်သွားရသလို။

အနီးကပ်ကြည့်လေ ထူးကဲသည့်အလှ တွေမြင်ရလေနှင့် နတ်သမီးလေးလို အရမ်းလှနေသော သူမ၏ချစ်စရာကောင်းသည့် ညှို့ငင်ဆွဲဆောင်နိုင်လွန်းသည့် အလှများကို မင်းညီညွတ်သည် ကြည့်နေရင်းကပင် အသက်ရှုတွေ မှားချင်လာရသည်။



တစ်ဆက်တည်း ခင်ဝတီကို သူ သိပ်ချစ်နေပြီမှန်းလည်း မင်းညီညွတ် သိလိုက်ရလေပြီ။ သူ့ဘဝတွင် သူမ မရှိလို့မဖြစ်တော့။ ဒီမျှထိ သူမလေးသည် သူ့ဘဝအတွက် အရေးပါသွားရပြီဖြစ်သည်။

ထို့အတူ သူ့ဘဝ သူ့နှလုံးသားထဲကိုလည်း ခင်ဝတီမှလွဲ၍ တခြား ဘယ်မိန်းကလေးကိုမှ အဝင်မခံနိုင်တော့။ သူ ခင်ဝတီ ၏ အချစ်ကိုရအောင် ကြိုးစားရတော့မည်မှန်းလည်း မင်းညီညွတ် ကြည်နူးစိတ်တွေနှင့် နားလည်လိုက်သည်။

မိန်းကလေးများနှင့် ပတ်သက်လာလျှင် အမြဲလို မာကျော နေတတ်သော သူ့နှလုံးသားက ခင်ဝတီဆိုသော သူမလေးနှင့်တွေ့ မှ အချစ်ရေကာတာကြီး ကျိုးပေါက်ခဲ့ရပြီမှန်း သူကိုယ်သူလည်း သိလိုက်လေသည်။

မင်းညီညွတ်မှာ သူ့မိဘများရှိရာ အိမ်ကို မလိုက်ပါဟု ငြင်းဆန်နေသော သူမလေးကြောင့် သူဘာဆက်လုပ်ရမှန်းပင် မသိ တော့။ ခင်ဝတီ၏ မျက်နှာလှလှလေးမှာ စိတ်ရှုပ်ထွေးမှုတွေနှင့် ရောထွေးနေမှန်း သူ သိသလို သူကိုယ်တိုင်ကလည်း ဘာလုပ်ရမှန်း မသိ စိတ်ညစ်နေရသည်။

Book Sharing

Scanned by CamScanner

စိတ်ညစ်ညစ်နှင့် သူမမျက်နှာလေးကိုကြည့်ကာ…

"ဘာလဲ…ဝတီက ကိုယ့်ကိုမယုံလို့လား၊ ဝတီ အစ်ကို့ကို မယုံရင် ဘယ်သွားချင်လို့လဲ၊ ရန်ကုန်မြို့ကြီးမှာ ဝတီလို သိပ်လှတဲ့ မိန်းမချောလေးတွေအတွက် ဘယ်လောက်အန္တရာယ်ကြီးမှန်း ဝတီ မသိဘူးလား"

မင်းညီညွတ် သိပ်လှသော သူမအတွက် စိုးရိမ်ပိုစွာ ပြောလိုက်ရင်း ရင်မှာလည်း သူမအတွက် သူ ဘယ်လိုမှစိတ်မချနိုင်တော့။

"ဝတီကို ခွင့်လွှတ်ပါရှင်၊ ဝတီ အစ်ကို့ကို မယုံလို့ မဟုတ်ပါဘူး"

"ကောင်းပြီ…ဒါဆို ဘာလုပ်ချင်လဲ၊ ဝတီ စိတ်ချမ်းသာတာမှန်သမျှ အစ်ကို လိုက်လုပ်ပေးမယ်"

သည်လိုဆိုပြန်တော့လည်း သူမ မပြောတတ်။ သူမကိုယ် သူမလည်း ဘာလုပ်ရမည်မသိပါ။

ခုချိန် သူမခေါင်းထဲ အရမ်းရှုပ်ထွေးနေတာပဲ သူမသိ၏။ ထွက်လာမိတာ မှားပြီလားဟု တွေးမိနေရပေမယ့် ရင်မှာ နောင်တ



တော့မရှိပါ။

မချစ်မနှစ်သက်သောသူနှင့် ဘဝတစ်ခုကို လက်တွဲဖို့ဆိုတာ သူမအတွက် ဘယ်လိုမှမဖြစ်နိုင်။

သည်အဖြစ်က သူမကို သေတာထက်ပင် ပိုဆိုးစေမှာက အမှန်ဖြစ်သည်။

လာတုန်းကတော့ သူငယ်ချင်းဖြစ်သူ အားကိုးနှင့် လာခဲ့ပေမယ့် တကယ်တမ်း သူမထင်သလို ဖြစ်မလာသည့်အခါ ခင်ဝတီရင်မှာ ဝမ်းနည်းအားငယ်တာတွေသာ ရှိရတော့သည်မို့ မျက်နှာလှလှလေးပေါ် လက်ဖဝါးလေးနှစ်ဘက်အုပ်ကာ ရှိုက်ငိုလိုက်မိပါတော့သည်။

"အဟင့်…ဟင့်…ဟင့်"

"ဟာ"

မင်းညီညွတ် လန့်သွားရသည်။

သူမငိုအောင် သူ ဘာများစကားပြောမှားသွားပါလိမ့်ဟု အပြေးအလွှား စဉ်းစားပေမယ့် အဖြေကမရှိ။

သေချာပါသည်။

Scanned by CamScanner

သူမ စိတ်ဆင်းရဲ ငိုလောက်အောင် သူ ဘာမှမပြောမိဆို တာ။

ဝမ်းနည်းကြေကွဲစွာ ကိုယ်လေးသိမ့်သိမ့်တုန်သည်အထိ ငိုကြွေးနေသော ခင်ဝတီ့ကိုကြည့်ပြီး မင်းညီညွတ်နှလုံးသားတွေ ပူလောင်လာရသည်။

သူ ဒီအသက်ဒီအရွယ်ရောက်သည်အထိ သူ့ဘဝတစ်သက်တာတွင် မိန်းမလှလေးတစ်ယောက် သူ့ရှေ့မှာ ဒီလိုဝမ်းပန်းတနည်း ငိုရှိုက်တာမျိုး တစ်ခါမှ မမြင်မတွေ့ခဲ့ဖူးပါ။

ပြီးတော့ ခင်ဝတီဆိုတာက သူ့နှလုံးသားမှာ ချစ်ခြင်းတွေနှင့် ဖြစ်တည်သွားရပါသော ချစ်သူလေး။

မင်းညီညွတ် အခက်ကြီး ခက်နေရတော့သည်။ ဖြစ်နိုင်လျှင် သူမကိုယ်လေးကို သူ့ရင်ခွင်ထဲမှာ တင်းတင်းကြီးပွေ့ဖက်ကာ ချော့မော့နှစ်သိမ့်လိုက်ချင်ပါသည်။

ခက်သည်က သူမနှင့်သူဆိုတာ တစ်ယောက်နှင့်တစ်ယောက် မပိုင်သလို ဆိုင်သူတွေလည်းမဟုတ်ပါ။

သိပ်လှသော သူမလေးကို သူ့ဘက်ကသာ တစ်ဖက်သတ်



ချစ်နေမိရသည့်အဖြစ်။

ခင်ဝတီကိုကြည့်ကာ သူဘယ်လိုဘယ်ပုံ နှစ်သိမ့်ချော့မော့ရမှန်းမသိဘဲ စိတ်ရှုပ်ထွေးစွာဖြင့် ဆံပင်တွေကို လက်နှင့်ထိုးဖွမိလိုက်သည်။

"ဝတီရယ်…မငိုပါနဲ့ဗျာ၊ တိတ်ပါ၊ ဝတီ ငိုနေတာမြင်ရတော့ ကိုယ့်ရင်ထဲမကောင်းဘူး၊ တိတ်နော် ဝတီ မလိုက်ချင်ရင်လည်း ကိုယ်မခေါ်ဘူး ဟုတ်လား"

သူ ခင်ဝတီကို ဘာအတွက် တောင်းပန်နေမိသည်လည်း သူ့ကိုယ်သူ မသိပါ။

"တိတ်နော်…ဝတီ မငိုနဲ့တော့"

မင်းညီညွတ်သိတာကတော့ ခင်ဝတီနှင့် ပတ်သက်ပြီး သူ့နှလုံးသားတွေ မခံမရပ်နိုင်အောင် နာကျင်နေသည်ဆိုတာပင်။

သိမ့်သိမ့်တုန်နေအောင် ဝတီကိုယ်လေးက တဖြည်းဖြည်းနှင့် ငြိမ်ကျသွားရသလို ရှိုက်သံလေးများကလည်း ပျောက်ကွယ်သွားရသည်။

ကြည့်ရတာ သူမကိုယ်သူမ ထိန်းချုပ်လိုက်ဟန်တူပါ

Scanned by CamScanner

သည်။ ဘာပဲပြောပြော မင်းညီညွတ် သူမမျက်ရည်များကို မမြင်ရတော့သည်မို့ ရင်ထဲနာကျင်မှုတွေ သက်သာသွားရသလို။

ခင်ဝတီသည် သူ့မျက်နှာလှလှလေးထက်မှ မျက်ရည်စများကို လက်နှင့် ခပ်ကြွမ်းကြွမ်းလေး သုတ်ပစ်လိုက်သည်။

ဝင်းဝါနုထွေးသော သူမလေး၏ မျက်နှာမှာ ငိုထားရသဖြင့် နှာသီးဖျားလေးတွေ ရဲနေကာ မျက်ခွံလေးများကလည်း မို့နေရသည်။

သူမ၏ ထိုပုံစံလေးကပင် သိပ်လှသည့် သူမ၏အလှတွေကို ပိုမိုအားဖြည့်ထားသလို တစ်မျိုးချစ်စရာကောင်းနေပြန်သည်။ မင်းညီညွတ် သူမအလှတွေကို မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်မိသွားရ၏။

"ဝတီ…တောင်းပန်ပါတယ် အစ်ကို"

တိုးလျသောအသံလေးနှင့် တောင်းပန်စကားဆိုနေပြန်သော သူမကို မင်းညီညွတ် ဘာပြောရမှန်းမသိ ဖြစ်နေစဉ် သူမ စကားဆက်လာလေသည်။

"ဝတီ့အတွက်နဲ့ အစ်ကို အလုပ်ရှုပ်ရပြီနော်၊ အစ်ကို့မိဘတွေဆီ ဝတီ မလိုက်ပါရစေနဲ့တော့၊ ဝတီ့ကို အစ်ကိုနားလည်ပေးပါ၊ ပြီးတော့ ဝတီ့ကို ခွင့်လွှတ်ပါ"

"မဟုတ်တာဗျာ…ကိုယ့်ကို တောင်းပန်ရအောင် ဝတီ ကိုယ့်အပေါ်မှာ ဘာအပြစ်မှ လုပ်ထားတာမှ မဟုတ်ဘဲ၊ ဝတီကို ကိုယ် ကူညီခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ၊ ဝတီအတွက်ဆို ကိုယ် ဘာမဆို ကူညီချင်နေတဲ့သူပါဗျာ"

ခင်ဝတီ မျက်နှာလေးကို စိုက်ကြည့်ရင်း မင်းညီညွတ် ပြောလိုက်သည်။ သို့သော် သူ့စကားအဓိပ္ပာယ်တွေသည် ဘယ်ကို ရောက်နေမှန်းလည်း သူ့ကိုယ်သူမသိပါ။

ခင်ဝတီကတော့ ကိုလူချောကြီး၏ စကားတွေကြောင့် ပါးပြင်နုနုလေးနှစ်ဖက် ပူနွေးနီမြန်းသွားရသည်အထိ ရှက်ရွံ့သွားရသည်။

မင်းညီညွတ်မှာ သူ့စကားအဓိပ္ပာယ်ကို သူဖြန့်၍သတိမထားနိုင်ဘဲ ရင်မှာ သူမအတွက် စိုးရိမ်စိတ်တွေနှင့် စကားတွေ ဆက်ဆိုနေလိုက်သည်။

"ကိုယ်နဲ့အတူ ဝတီ မလိုက်တော့ဘူးဆိုတော့ ဝတီ

ဘယ်ကိုသွားမှာလဲ၊ ဝတီမှာ တခြားအစီအစဉ်ရှိလို့လား၊ ရှိရင် ကိုယ့်ကိုပြောလေ၊ ကိုယ် ဝတီအတွက် စိတ်ချချင်တယ်"

ထိုစကားကို မင်းညီညွှတ် စိတ်ရင်းအမှန်နှင့် ပြောလိုက်ခြင်းဖြစ်သည်။ သိပ်လှသော သူမအတွက် သူ နည်းနည်းမှ စိတ်မချနိုင်။

ခင်ဝတီကတော့ ရင်ထဲ ငိုချင်တာသာရှိလေသည်။ သို့သော် သူ့ရှေ့မငိုမိအောင်လည်း သူမကိုယ်သူမ ထိန်းနေရလေ၏။

သူစိမ်းယောကျ်ားတစ်ယောက်ရှေ့တွင် သူမ မငိုချင်ပါ။ မငိုရန်ကိုလည်း ဆုံးဖြတ်ထားပေမယ့် မျက်ရည်တွေက မျက်ဝန်းအိမ်မှာ ဝဲလာရသည်။

ခုချိန်မှာ သူမအဖြစ် ကယ်သူဝေးရတော့မလို။ ဘာကြောင့်များ သူမဘဝ ဒီလောက်ကံဆိုးရသည်လဲ။

သွေးသားရင်းချာဖြစ်သည့် ဒေါ်ဒေါ်သည် သူမအပေါ် ရက်စက်နိုင်ပေမယ့် သူမနှင့် ဘယ်လိုမှ မပတ်သက်သည့် ဒီလူတစ်ယောက်ကတော့ သူမအတွက် စိုးရိမ်စွာ စေတနာတွေပိုနေရ



သည်။

သူ့အကြည့် သူ့အပြောတွေက သူ့ရင်ထဲက စေတနာတွေကို ဖွင့်ဟပြောနေသလို မြင်သာနေရသည်ပဲလေ။

မင်းညီညွှတ်မှာလည်း သူ့ရင်ထဲက စေတနာ စိုးရိမ်မှုတွေကို သူမလေးသိအောင် ဖွင့်ပြောပြချင်ပါလျက် မပြောသာသည့်အခါ သူ့ရင်ထဲ မွန်းမွန်းကျပ်ကျပ်နှင့် အခက်တွေ့နေရတော့သည်။

ခင်ဝတီနှင့် သူဆိုတာကလည်း ရင်းရင်းနှီးနှီးရှိခဲ့ဖူးသူတွေမဟုတ်။ တစ်ခါတွေ့ဖူးရုံကလွဲပြီး နောက်တစ်ကြိမ်ဆိုတာ ခုမှတွေ့ရခြင်းမို့ သူ့ရင်ထဲက စကားများကို အရှိအရှိတိုင်းလည်း သူမအား ထုတ်မပြောရဲတာ ဘာမှမဆန်းပါ။

"ဝတီမှာ တခြားဘာအစီအစဉ်မှ မရှိပါဘူး အစ်ကို၊ ဒါပေမယ့် ဝတီ အစ်ကို့အိမ်ကို မလိုက်ချင်တာတော့ အမှန်ပဲ"

"ဒါဆိုရင် အစ်ကိုစဉ်းစားမိပြီ"

"ဘာများလဲဟင်"

"ကိုယ့်အဒေါ်တစ်ယောက်ရှိတယ်၊ အဲဒီအဒေါ်က သူ့သမီးနဲ့ သားအမိနှစ်ယောက်တည်းနေတာ၊ ဝတီ အဲဒီခေါ်သွား

Scanned by CamScanner

ရင်ကော အဆင်ပြေတယ်မဟုတ်လား"

ခင်ဝတီ စဉ်းစားရပါသည်။ ခုချိန်မှာ သူမအား မင်းညီညွတ်သည် အစစကူညီနေသူ။ ပြီးတော့ သူမတွင်လည်း သွားစရာနေရာမရှိ။ အစ်ကိုမိဘတွေအိမ်ထက်စာလျှင်တော့ သူပြော သလို သူ့အဒေါ်အိမ်က သူမအတွက် ပိုအဆင်ပြေပါလိမ့်မည်။

နောက်ဆုံး ခင်ဝတီသည် မင်းညီညွတ်အစီအစဉ်ကို လက်ခံလိုက်ရသည်။

မင်းညီညွတ် ခင်ဝတီအား တစ်လမ်းလုံး အားပေးလာ၏။

"ဝတီ...ဘာမှအားမငယ်နဲ့နော်၊ ဝတီအနားမှာ အစ်ကို တစ်ယောက်လုံးရှိတယ်၊ ပြီးတော့ ကိုယ့်အဒေါ်ကလည်း သိပ်သဘောကောင်းတာ၊ ကိုယ်ခေါ်လာတဲ့ ဝတီကို သူတို့ချစ်မှာ သေချာပါတယ်"

"အို"

ရှက်ရွံ့ထိတ်လန့်သံလေးက ရှေ့မဆက်ရဲတော့ပါ။ ဆက်ရန်လည်း အားအင်တွေမရှိတော့သလို ခင်ဝတီ ထူထူပူပူနှင့်



အဓနခက်သွားရသည်။

သူ့စကားတွေကို သူ သတိထားမိပုံလည်း မရပါ။ သတိ ထားမိသည့် သူမမှာသာ မျက်နှာလေးရဲပနေရသည်။

ပြောရလျှင် ခင်ဝတီလို အသက်ငယ်ငယ်ရွယ်ရွယ် မိန်းမ ချောလေးတစ်ယောက်တည်း စိတ်ထင်ရာ လျှောက်သွားနေလို့က လည်း မတော်ပါ။

ဖြစ်ချင်ရာဖြစ် ထွက်လာခဲ့ပြီးမှတော့ ခင်ဝတီ ဘာကို တွေးပြီး ကြောက်နေရလို့မဖြစ်တော့။ သူမဘဝက ပြေးချင်ရင်တောင် မှ ပြေးစရာ မြေမရှိတော့သလို။

ဘဝခရီးကို ဘယ်လိုရှေ့ဆက်ရမည်ဆိုတာကို ခင်ဝတီ စဉ်းစားရင်း သူ့မျက်နှာချောချောကြီးကို တစ်ချက်ခိုးကြည့်လိုက်မိ သည်။

သူ ခင်ဝတီကို ကြည့်မနေပါ။

သူ့အကြည့်တွေက ကားရှေ့တည့်တည့်သို့သာ စူးစူးစိုက် စိုက် ကြည့်နေလေသည်။

"အစ်ကို"

''ဟင်''

''အစ်ကို ဝတီကို ကူညီတာက ဟုတ်ပါတယ်၊ ဒါပေမယ့် အစ်ကို့အပေါ်ကို အစ်ကို ဘယ်လိုပြောမလဲဟင်''

''ကိုယ်ဘယ်လိုပြောရမှာလဲ''

''ဒုက္ခပါပဲနော်''

မသိ၍ သူ့ကိုမေးပါသည်ဆိုကာမှ သူမကို သူပြန်မေးနေသည့်အဖြစ်။

ခင်ဝတီ မျက်နှာလေးမဲ့သွားရသလို မင်းညီညွတ်မှာလည်း အပြောလွယ်သလောက် အခက်တွေ့နေရလေသည်။

တကယ်တော့ သူနှင့်သူမအဖြစ်က အပြောလွယ်သလောက် အလုပ်ခက်ရသည့်အဖြစ်မို့ ဖြစ်လာသမျှ ရင်ဆိုင်ရန်သာ ရှိတော့သည်။

ခင်ဝတီ သက်ပြင်းရှိုက်လိုက်သည်။

လူကြီးတွေက သူမနှင့်သူ့ကို မတော်တစ်မျိုးတွေ ထင်သွားပါလျှင်လည်း နှစ်ဦးစလုံးအတွက် ပြဿနာ။

''ဝတီ စဉ်းစားနေတာ၊ တော်ကြာ အစ်ကိုနဲ့ ဝတီကို



လူကြီးတွေက တစ်မျိုးအထင်မှားကုန်မှာလည်း စိုးရတယ်၊ အစ်ကိုရော ဘယ်လိုစဉ်းစားမိလဲ''

''အင်း...အစ်ကိုလည်း ဝတီ စဉ်းစားသလို စဉ်းစားမိပါတယ်၊ ဒါပေမယ့် ဒါ ကိစ္စမရှိပါဘူး၊ အစ်ကိုက ဝတီအတွက်ပဲ စဉ်းစားတာ''

မင်းညီညွတ်ကိုယ်တိုင်ကလည်း ခင်ဝတီအတွက် စိုးရိမ်ပူပန်မှုတို့ဖြင့် ရှေ့ဖြစ်လာနိုင်မည့် ပြဿနာများ စဉ်းစားရင်း ရင်မောသွားရသည်။

မင်းညီညွတ် သူ့မိဘတွေဆီ သူမလေးကိုသာ ခေါ်သွားပါက ပြဿနာတွေ ဒီထက်ပိုပြီး ကြီးနိုင်မည်လားမသိပါ။

သို့သော် မင်းညီညွတ် မထင်ပါ။ သူ့မိဘတွေသာ ဒီအကြောင်းသိပါက သူ့အား အပြစ်မပြောမည့်အပြင် ဝမ်းသာနေမည်လားပင် မပြောတတ်။

သိပ်လှကာ ချစ်စဖွယ်ကောင်းသော သူမကို သူ့မိဘတွေက မြင်မြင်ချင်း ချစ်မှာကတော့ သေချာပါသည်။

မင်းညီညွတ်တွေးကာ ပြုံးလိုက်သည်။ သူ့မိဘတွေနှင့်

Scanned by CamScanner

ပတ်သက်ကာ မင်းညီညွတ် သူသာ အသိဆုံးဖြစ်ပါသည်။

သူမလေး စိုးရိမ်သလို မင်းညီညွတ် သူမလေးကိုသာ အမှန်တကယ် ပိုင်ဆိုင်ခွင့်ရလျှင် ဒီကမ္ဘာပေါ်တွင် သူလောက် ကံကောင်းမည့်သူ မရှိ။

ခင်ဝတီဆိုတာ သူသိပ်ချစ်ရသည့် မိန်းကလေး။ ဒီမိန်းကလေးကို သူ ထာဝရပိုင်ဆိုင်ခွင့် ရချင်ပါသည်။

ဒါတွေကို ချစ်သောသူမက သိမှာတဲ့လား။ ရင်မှာ ကြည်နူးစိတ်တွေနှင့် သူ တွေးပစ်လိုက်သည်။

သည်နောက် စိုးရိမ်မှုပါနေသော သူမမျက်နှာလေးကို ကြည့်ကာ…

"သိပ်လည်း စိတ်မပူပါနဲ့ ဝတီရယ်၊ ကိုယ် အားလုံးကို အကောင်းဆုံးဖြစ်အောင် လုပ်သွားမှာပါ"

ဟုသာ မင်းညီညွတ် သူမအား အားပေးမိလိုက်ပါတော့သည်။

□ □ □

## အခန်း (၄)

"ဟင်…ငါ့တူကြီး၊ မင်းနှယ် ဆိုင်းမဆင့်ဗုံမဆင့် ဖြန်းစား ကြီး ဘယ်လိုရောက်၊ သြော် ညှိသည်လည်း ပါလာတာကိုး"

မာမိုအစ်မ မင်းညီညွတ်၏အဒေါ်အိမ်ရောက်တော့ အန်တီ ကြီးမှာ သူ့ကိုမြင်ကာ အံ့သြသွားရုံမက သူနှင့်အတူ ပါလာသော ခင်ဝတီကိုပါ တွေ့လိုက်သောကြောင့် ပို၍အံ့သြသွားရသည်။

"ဟုတ်တယ် အန်တီ၊ အလုပ်ကိစ္စနဲ့လာတာ"

"မင်းမာမီဆီ ရောက်ခဲ့ပြီးပြီလား"

"မရောက်သေးဘူး၊ အန်တီ အရင်ဝင်လာတာ"

"သြော်…ဟုတ်လား၊ ထိုင်လေ သမီးလည်းထိုင်၊ ဒါနဲ့ သူလေးက ဘယ်သူလဲ မောင်ညီညွတ်၊ ချောလိုက်တာ၊ ငါ့တူ

Scanned by CamScanner

တာဝန်ကျတဲ့ဆေးရုံကပဲလား"

တူဖြစ်သူနှင့် စကားပြောရင်းက ဒေါ်မေဖြူ၏ အကြည့်တွေက မင်းညီညွတ်ဘေးမှာ မဝံ့မရဲမျက်နှာလေးနှင့် ငြိမ်သက်စွာ ထိုင်နေသော ခင်ဝတီဆီကို ရောက်သွားရသည်။

"ဆေးရုံကတော့ မဟုတ်ဘူး အန်တီ၊ ဒါပေမယ့် ကျွန်တော်တာဝန်ကျတဲ့မြို့ကပဲ၊ ဝတီ ဒါ ကိုယ့်အန်တီ ဒေါ်မေဖြူတဲ့"

"အန်တီ…သူက ခင်ဝတီတဲ့"

"ဟုတ်ကဲ့ အန်တီ၊ တွေ့ရတာ ဝမ်းသာပါတယ်"

"အေးကွယ်…အန်တီလည်း တွေ့ရတာဝမ်းသာပါတယ် သမီးရယ်"

"အန်တီ…ဝတီ လောလောဆယ် ဒီမှာပဲတည်းလိမ့်မယ်၊ အဲဒါ အန်တီ ကြည့်စီစဉ်ပေးပါဦး"

သူ့စကားကို ဒေါ်မေဖြူမှာ အံ့သြသွားရသလို ရှိသွားရာမှ တစ်စုံတစ်ရာကို သဘောပေါက်သွားရသလို ဒေါ်မေဖြူသည် ပြုံးသွားရပြီး…



"အေး…အေး အန်တီစီစဉ်လိုက်မယ်၊ ဒီမှာတော့ သမီး ဘာမှအားနာစရာမလိုဘူး၊ လွတ်လွတ်လပ်လပ်နေလို့ရတယ်၊ ပြီးတော့ သီသီလည်းရှိတော့ သမီးအတွက် အဖော်ရသွားတာပေါ့"

"သီသီရော အန်တီ"

"ဈေးသွားတယ်လေ၊ တော်ကြာ ပြန်လာတော့မှာ"

မကြာပါ အန်တီဖြူ၏သမီး သီသီသည် ဈေးသွားရာမှ ပြန်ရောက်လာလေသည်။ သူ့ကိုမြင်တော့…

"ဟယ်…ကိုကို၊ ဘယ်တုန်းကရောက်လဲ"

"ခုပဲ သီသီ၊ ဒီမှာ ကိုယ့်ဧည့်သည်လည်းပါလာတယ်၊ အဲဒါ သီ ဂရုစိုက်လိုက်ဦး"

မင်းညီညွတ် မိတ်ဆက်ပေးရင်းက ခင်ဝတီအတွက် စိတ်မချစွာ မှာနေလေသည်။

သီသီမှာ သူ့အစ်ကို လူချောကြီးကို ကြည့်ကာ ပြုံးလိုက်ပြီး…

"ဝတီက အရမ်းလှတာပဲ၊ သီတော့ ဝတီကို မြင်မြင်ချင်း ချစ်သွားပြီ သိလား"

ပွင့်လင်းလွန်းသည့် သိသိ့စကားကြောင့် ခင်ဝတီမျက်နှာလေး ရဲသွားရလေသည်။ ပို၍ဆိုးသည်က မင်းညီညွတ်ရှေ့တွင် သူမ ထိုစကားကို အပြောခံလိုက်ရသောကြောင့် ဖြစ်သည်။

"ကိုကို့မိတ်ဆွေဆိုတော့ သိတို့မိတ်ဆွေပဲပေါ့၊ ဝတီ ဘာမှ အားနာစရာမလိုဘူးနော်၊ ဝတီ ရောက်လာတာ သိ့အတွက် အဖော်ရသွားတာပေါ့၊ ဟုတ်တယ်မဟုတ်လား မာမီ"

"အဟင်း…ဟင်း ဟုတ်ပါတယ်ကွယ်၊ အဲဒါသာကြည့်တော့ မောင်ညီညွတ်ရေ၊ မင်းညီမကတော့ ဝတီ ရောက်လာတာကို အဖော်ရတယ်ဆိုပြီး ဝမ်းသာနေပြီ"

"အံမယ် သိသိ၊ ညည်းအပျင်းပြေဖို့အတွက် ဝတီကို ငါခေါ်လာတာ မဟုတ်ဘူးနော်"

"အဟွန်း…သိပါတယ်နော်၊ ဝတီက ကိုကို့အတွက်ဆိုတာ"

"ဟာ"

"အို"

"ခစ်…ခစ်…ခစ်"



"သိတော့…ဒီကလေး"

အားလုံး၏ ရှက်လန့်တကြားအသံလေးတွေက ကလေးဆန် ပွင့်လင်းလွန်းသည့် သိသိ့စကားကြောင့် ထွက်သွားရလေသည်။

ထိုထဲတွင် ကာယကံရှင်နှစ်ဦးဖြစ်သည့် မင်းညီညွတ်နှင့် ခင်ဝတီတို့၏ မျက်နှာတွေက ရဲပစွာ မဖော်ရဲပါတော့။

မိန်းကလေးဖြစ်တဲ့ ခင်ဝတီမှာ ပို၍ဆိုးပေသည်။ သို့စကားတွေက သူမနှင့် မင်းညီညွတ်ကို တစ်မျိုးထင်နေသည်မှန်း သိသာလွန်းနေရသည်ပဲ။

အားလုံး အနေခက်သွားရချိန်မှာ ဒေါ်မေဖြူသည် အခြေအနေကို လူကြီးပီပီပင် ထိန်းလိုက်လေသည်။

"သိသိ…သမီးကိုကို့နဲ့ ဝတီစားဖို့ တစ်ခုခုပြင်ဆင်လိုက်ဦး"

သိသိသည် မီးဖိုခန်းထဲသို့ အပြုံးလေးနှင့် ဝင်သွားလေသည်။

"သမီးလည်း ခရီးပန်းလာမှာပေါ့၊ နားလိုက်ဦးနော်"

Scanned by CamScanner

"ဟုတ်တယ် ဝတီ အနားယူလိုက်ဦး၊ ကိုယ် အလုပ်ကိစ္စ တွေ ပြီးတာနဲ့ ဝတီဆီ လာခဲ့မယ်ဟုတ်လား"

"ဟုတ်ကဲ့"

"သီရေ…သမီး၊ ဒီမှာ ဝတီလေးနားဖို့ အခန်းပြလိုက်ပါဦးကွယ်"

ဒေါ်မေဖြူမှာ သီသီအား လှမ်းပြောလိုက်တော့ သီသီ အသွက်မလေးမှာ ရှေ့သို့ ချက်ချင်းရောက်လာကာ…

"လာ…ဝတီ"

ဟုဆိုကာ သူမလက်လေးကို ဆွဲယူလျက် အခန်းထဲသို့ ခေါ်သွားလေသည်။ ခင်ဝတီမှာ ခရီးဆောင်အိတ်ကိုဆွဲလျက် သီသီ နောက် ပါသွားလေ၏။

ဒေါ်မေဖြူသည် သိပ်လှသော ခင်ဝတီကို အပြုံးတွေနှင့် ကြည့်နေရင်းက သူ့ရှေ့က တူဖြစ်သူကို ကြည့်လိုက်ကာ…

"ငါ့တူနဲ့ ကလေးမလေးကတော့ ရှေ့သွားနောက်လိုက် သိပ်ညီတာပဲ"

အပြုံးနှင့်ပြောလိုက်သည့် ဒေါ်မေဖြူ၏ စကားက



အနှောင့်အသွားမလွှတ်တာမို့ သူ့ရင်ထဲ ဘဲလိုလိုကြီး ခံစားသွားရကာ နှလုံးသားနုနုက တဆတ်ဆတ် တုန်ခါသွားရသည်။

ဒါသည့် အချစ်ကြောင့်ပဲလား။

အန်တီ ဒေါ်မေဖြူဆိုတာက မာမီ ဒေါ်စိမ်းဝေ၏အစ်မ။ မာမီ့ဘက်က သွေးရင်းဆိုလို့ ဒီနှစ်ယောက်သာ ရှိလေသည်။

ဒါကြောင့် တစ်ဦးကိုတစ်ဦး သိပ်ချစ်သည်။ ပြီးတော့ နှစ်ကိုယ့်တစ်စိတ် နေကြသူများ။

အန်တီဒေါ်မေဖြူ အမျိုးသားက နိုင်ငံခြားသင်္ဘောလိုင်းမှ အရာရှိတစ်ဦးဖြစ်သဖြင့် အိမ်မှာနေရတာ နည်းလေသည်။

သားအမိနှစ်ယောက်တည်းသာရှိသည့် အိမ်မှာ ခင်ဝတီကို ထားခဲ့ရသည်ကိုပင် မင်းညီညွှတ် စိတ်မပြောင်နိုင်ပါ။

သူ့စိတ်ကို တစ်ခုခုက တုပ်နှောင်ထားရသလို။

မာမီကတော့ သူပြန်လာသည့်အတွက် ဝမ်းသာနေလေသည်။

"ဘယ်လိုလဲ သား၊ ပိုမှာ နေရထိုင်ရတာ အဆင်ပြေ ရဲ့လား"

"ပြေပါတယ် မာမီ"

"သား…အခု ခွင့်နဲ့ပြန်လာတာလား"

"အလုပ်ကိစ္စနဲ့ မာမီ"

"သြော်…ဒါဆို သိပ်မကြာဘူးပေါ့၊ သားဒက်ဒီက တော့ ထုံးစံအတိုင်း အလုပ်သွားပြီ၊ သားဒက်ဒီကို တွေ့ချင်ရင် ကုမ္ပဏီ လိုက်သွားလိုက်လေ"

"နေပါစေ မာမီ၊ ညမှ သားဒက်ဒီနဲ့ အေးအေးဆေးဆေး တွေ့တော့မယ်၊ ခု သားရေချိုးပြီး အပြင်သွားဦးမယ်"

"ထမင်းကို အိမ်ပြန်စားနော် သား၊ မာမီ သားအကြိုက် တွေ ချက်ထားမယ်၊ အပြင်မှာ ဘာမှမစားလာခဲ့နဲ့"

မာမီသည် သူသား လူကြီးတစ်ယောက်ဖြစ်နေသည်ကို မေ့နေသည်လားမသိပါ။ သူ့အား ယခုချိန်ထိ ကလေးတစ်ယောက် လို မြင်နေရုံမက ကလေးတစ်ယောက်လိုပင် ပြုစုနေလေသည်။

မင်းညီညွှတ် မာမီကို ခင်ဝတီနှင့် ပတ်သက်သမျှ ဘာမှ မပြောပြသေးပါ။

သူ့အနေနဲ့ကလည်း ဘယ်လိုကဘယ်လို စပြောရမှန်း



မသိ။

လုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးတာနှင့် သူ့စိတ်တွေက ခင်ဝတီထံ ရောက်သွားရသည်မို့ သူ့ကားလေးက ဒေါ်မေဖြူအိမ် သို့ ဦးတည်လိုက်သည်။

ခင်ဝတီနှင့်ပတ်သက်ပြီး ရှေ့ကို ဘယ်လိုခရီးဆက်ရမည် ဆိုတာ ခုချိန်ထိလည်း မင်းညီညွှတ် မစဉ်းစားရသေး။

အန်တီမေဖြူအိမ်ရှေ့ ကားရပ်ပြီး သူ အိမ်ထဲဝင်လိုက် တော့…

"ဟင်"

အံ့သြမှုတို့နှင့် မျက်ခုံးကြီးအစုံ ပင့်တက်သွားရသည်။ ကြည့်လေ သူ အံ့သြမည်ဆိုလည်း အံ့သြစရာ။

ဧည့်ခန်းအလယ်တွင် ထိုင်နေသော မာမီ ဒေါ်စိမ်းဝေနှင့် အန်တီမေဖြူ၊ သီသီအပြင် ခင်ဝတီကိုပါ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

မာမီသည် သူ့ကိုမြင်တော့…

"အတော်ပဲ သားရောက်လာတာ၊ လာ ထိုင်ပါဦး"

Scanned by CamScanner

"မာမီ ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"အဟင်း…ဟင်း…ဟင်း သားရယ်၊ မင်းက မာမီကို တယ်လျှော့တွက်တာကိုး၊ မင်းနဲ့အတူ ဒီက သမီးလေး ခင်ဝတီ အတူပါလာတယ်ဆိုတာ မာမီ သိပြီးပြီ"

"မိန်းကလေးတစ်ယောက်ကို ခေါ်လာပြီး ဒီလို အဒေါ်အိမ်မှာ သွားထားလို့ ဖြစ်မလား သားရဲ့၊ မာမီလည်း ငယ်ရာက ကြီးလာတာပါကွယ်၊ သားက ဒီကိစ္စကို မာမီ့ကို ဘာလို့မပြောရတာလဲ၊ မာမီသိတော့ မာမီက သားကို ဆူမှာစိုးလို့တဲ့လား"

"ဟာ…မဟုတ်ဘူး မာမီ၊ သားပြောမယ်၊ ခုကိစ္စက မာမီထင်သလို မ…"

"တော်ပြီ သား၊ ဘာမှမပြောနဲ့၊ မာမီအားလုံး နားလည်တယ်"

"ဗျာ"

"မာမီ…မာမီ ဘာပြောလိုက်တာလဲ"

"ကြည့်စမ်း…သားက ဒီကိစ္စကို ရှက်စရာလို့ ထင်နေတာကိုး၊ မာမီ ပြောပြီးပြီလေ၊ မာမီလည်း ငယ်ရာကကြီးလာတာ



ပါဆိုတာ၊ သားတို့လူငယ်တွေကိစ္စ မာမီနားလည်တယ်၊ ဒါကြောင့် သားကို ဘာမှမပြောနဲ့လို့ မာမီပြောတာပေါ့"

သူ့စကားကို ဆုံးအောင်နားမထောင်ဘဲ စိတ်ထင်ရာတွေနှင့် ပြောချင်ရာတွေ ပြောနေသော မာမီ့ကို မင်းညီညွတ်သည် စိတ်ပျက်စွာနှင့် ငေးငေးငိုင်ငိုင်ကြီးသာ ကြည့်နေမိပါတော့သည်။

ခင်ဝတီကို ကြည့်လိုက်တော့လည်း သူမမျက်နှာလေး ပျက်ကာ ခေါင်းလေးမဖော်ပါတော့။

မင်းညီညွတ် ခင်ဝတီကိုကြည့်ကာ သနားသွားရသည်။ သနားစိတ်တွေနှင့် သူမလက်လေးကို သူ တင်းတင်းကြီး ဆုပ်ထွေးလိုက်တော့ ခင်ဝတီသည် လန့်သွားရသလိုမျိုး မျက်နှာလေး ဖြူဖျော့သွားရသည်။

သူတို့နှစ်ဦးကို လူကြီးတွေမှာ အကဲခတ်သလို ကြည့်နေသဖြင့် ခင်ဝတီ အနေခက်နေရသလောက် မင်းညီညွတ်ကတော့ ဘာမှမဖြစ်သလိုပင်။

"မာမီ…ဝတီက"

အနေခက်နေသော ခင်ဝတီကိုကြည့်ပြီး မင်းညီညွတ်

မိခင်ဖြစ်သူကို အကျိုးအကြောင်း ရှင်းပြနိုင်ရန် ကြိုးစားပေမယ့်

"သား…ခုချိန်မှာ သမီးကိုပဲဂရုစိုက်၊ သမီးလေးကြည့်ရတာ အနေခက်နေသလိုပဲ၊ သားဒက်ဒီကတော့ သူ့ချွေးမ အချောအလှလေးကို မြင်ပြီး ဘယ်လောက်များ ချစ်လိုက်မလဲမသိဘူး၊ မာမီတို့တော့ ချွေးမရတာ ကံကောင်းတာပဲ"

မင်းညီညွှတ်ရဲ့စကားတွေက မာမီ့ကို မထိုးဖောက်နိုင်။ သူ ထင်ရာမြင်ရာတွေကိုသာ စိတ်ထင်နှင့်ပြောနေသော မာမီ့ကို ကြည့်ပြီး မင်းညီညွှတ် စိတ်ပျက်နေသလို တစ်ဖက်ကလည်း ခင်ဝတီကို သူ အရမ်းအားနာနေရပြီဖြစ်သည်။

ဒီကြားထဲ အန်တီ ဒေါ်မေဖြူကလည်း သူတို့နှစ်ဦး အခြေအနေကို သေချာမသိပါဘဲ…

"ဟုတ်သားပဲ ငါတူရယ်၊ ဘာပဲဖြစ်ဖြစ် ဒီအခြေအနေ ရောက်ပြီးမှတော့ ဘာမှရှက်နေစရာမလိုတော့ပါဘူး၊ အန်တီတို့ကလည်း ခင်ဝတီလေးကို မြင်မြင်ချင်း ချစ်ပြီးသားပါ"

ဒေါ်မေဖြူသည် ခင်ဝတီကို အပြုံးနှင့်ကြည့်ကာ ပြောလိုက်တော့ မင်းညီညွှတ် ပို၍စိတ်ညစ်သွားရသည်။



သူကတော့ အဒေါ်ဖြစ်သူကို အားကိုးရမလား မှတ်ပါသည်။ သူ့အားကိုးရမည့် အဒေါ်ကလည်း မာမီ့ဘက်ကမို့ မင်းညီညွှတ် ဘယ်သူ့ကို အားကိုးရမှန်း မသိတော့။

သူတောင် ဒီလိုအခြေအနေ ဖြစ်နေပါလျှင် မိန်းကလေး ဖြစ်သည့် သူမ ပို၍ဆိုးပေတော့မည်ပေါ့။

ခက်ပြီ။ ခက်သည်က ခုမှ အကြီးအကျယ် သူ အခက်တွေ့ရသည့်အဖြစ်။

မမျှော်လင့်ဘဲ အခြေအနေတွေက အားလုံး ရှုပ်ထွေးသွားရသည်မို့ မင်းညီညွှတ် ဘာလုပ်ရမှန်း မသိတော့။

အခြေအနေမှန်ကို မင်းညီညွှတ် ဘာတစ်ခုမှ ဖြေရှင်းမပြရသေးခင် ထင်ရာတွေနှင့် ဇွတ်ပြောနေသော မာမီနှင့် အန်တီတို့ကတော့ နုနုထွေးထွေးနှင့် သိပ်လှလွန်းသော ခင်ဝတီကိုသာ အပြုံးလေးနှင့် ကြည့်ရင်း ချွေးမချောအတွက် အကျေနပ်ကြီး ကျေနပ်နေလေတော့သည်။

သားဖြစ်သူကို ဒေါ်စိမ်းဝေမှာ ဒီလောက်ထိ ချွေးမအရှာတော်လိမ့်မည်ဟု မထင်ထားခဲ့ပါ။ခုတော့ ကြည့်စမ်းပါဦး၊ သားဖြစ်

Scanned by CamScanner

သူ ခေါ်လာတဲ့ ချွေးမလေးက ငယ်ရွယ်ချောမောလှပလွန်းသူလေး။

မျက်နှာလှလှလေးက တည်ငြိမ်အေးချမ်းသလို ရုပ်ကြည့်တာနှင့် သူမလေးသည် ဂုဏ်ရြေသိက္ခာရှိသည့် မိန်းကလေးတစ်ယောက်ဆိုတာ ဒေါ်စိမ်းဝေ ခန့်မှန်းလို့ရပါသည်။

ဘာပဲပြောပြော ဒေါ်စိမ်းဝေသည် ချွေးမချောကို မြင်မြင်ချင်း သဘောကျနှစ်သက်သွားရပြီ ဖြစ်သည်။

ကျေနပ်နှစ်သက်သော အကြည့်တွေနှင့် ခင်ဝတီအား ကြည့်နေသော မာမီကြောင့် မာမီသည် သူနှင့်ခင်ဝတီကို ကောင်းကောင်းကြီး အထင်လွဲနေပြီမှန်း သိလိုက်သည်။

ခက်သည်က အထင်လွဲနေသည်ကို ရှင်းပြလို့ကလည်း မရခြင်းပင်ဖြစ်သည်။

ခုချိန် သူရှင်းပြလို့ကလည်း မာမီသည် ဘယ်လိုမှ ယုံကြည်တော့မည်မဟုတ်။ ဒါကြောင့် ရေငုံနှုတ်ပိတ်သာ နေလိုက်ရလေသည်။

"ကဲ၊..ကဲ သမီး အဝတ်အိတ်သွားယူချေ၊ မာမီတို့ တစ်ခါတည်းလိုက်ခဲ့တော့၊ ဒီခေတ်ကလေးတွေများ ခက်ပါတယ်၊



သူတို့စိတ်ထင်ရာတွေ လုပ်နေကြတယ်"

မာမီဒေါ်စိမ်းဝေ၏ စကားလုံးများအောက်တွင် မင်းညီညွတ်နှင့် ခင်ဝတီသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ရှုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပါ။

အဖြေတစ်ခု သေချာစွာ မသိရသေးခင်မှာပင် ခင်ဝတီသည် ဒေါ်စိမ်းဝေ စိစဉ်သမျှ ခေါင်းညိတ်ရပါတော့သည်။

"လာ...သမီး ကားပေါ်တက်"

ခင်ဝတီလက်လေးကို ဆုပ်ကိုင်ဆွဲယူရင်းက ဒေါ်စိမ်းဝေသည် သူမအား ကားပေါ်သို့ တက်စေလိုက်လေသည်။

ခင်ဝတီသည် မင်းညီညွတ်ကိုတစ်လှည့်၊ ဒေါ်စိမ်းဝေကို တစ်လှည့်ကြည့်ရင်း ဘာလုပ်ရမှန်းမသိတော့ဘဲ ကားပေါ်ရောက်ခဲ့လေသည်။

ဒေါ်စိမ်းဝေကတော့ သိပ်ချော၊ သိပ်လှသည့် မိန်းကလေးနှင့် သားဖြစ်သူ လိုက်ဖက်လွန်းတာမို့ မျက်နှာပေါ်ဝယ် ကြည်နူးကျေနပ်မှုတွေနှင့် ရှိနေရသည်။

ခင်ဝတီတစ်ယောက်မှာတော့ ဘုမသိ ဘမသိနှင့်ပင်

ဝိုးမိုး၊ဝ၁၄ပ

ရှက်အားတွေပိုနေကာ မင်းညီညွှတ်ကိုလည်း မကြည့်ရဲသလို ဒီအခြေအနေက လွတ်မြောက်ရန် ကြိုးစားဖို့ကလည်း ခက်နေရသည်။

မင်းညီညွှတ်ကတော့ မမျှော်လင့်ဘဲ ဖြစ်လာရသည့် အခြေအနေတွေအတွက် ခင်ဝတီကိုသာ စိတ်မှာ တောင်းပန်နေမိတော့သည်။

ခွင့်လွှတ်တော့ ခင်ဝတီရယ်။

ထိုစကားမှလွဲ၍ သူ ဘာမှမတတ်နိုင်တော့ပါ။ ထင်ရာမြင်ရာတွေနှင့် ဖွတ်လုပ်နေသော မာမီကြောင့် မင်းညီညွှတ် ဖြစ်လာသမျှ အခြေအနေပေါ်မှ သူဘယ်လိုအကောင်းဆုံးဖြစ်အောင် လုပ်ရမလဲဆိုတာ စဉ်းစားရင်း တိတ်ဆိတ်စွာ ကားပေါ်ပါလာခဲ့သည်။

"သားနဲ့သမီး အိမ်ကို တစ်ခါတည်းလာရင် ပြီးရော၊ ဒါမျိုးကိစ္စဆိုတာက ဖုံးကွယ်ထားလို့ရတာမှ မဟုတ်ဘဲ၊ ပြီးတော့ သားလုပ်သမျှ မာမီတို့ ဘယ်တုန်းက ကန့်ကွက်ခဲ့ဖူးလို့လဲ"

မာမီ့စကားများကို မင်းညီညွှတ် ဘာမှပြန်မပြောမိပါ။ သူ့ရင်ထဲမှာတော့ 'လုပ်လိုက် မာမီရေ' ဟုသာ ပြောနေလိုက်ပါ



တော့သည်။

မှန်သည်။

မင်းညီညွှတ် မာမီ့စကားတွေအောက်မှာ ရင်ခုန်ခြင်းတစ်ဝက်၊ စိတ်ရှုပ်ရခြင်းတစ်ဝက်နှင့် ခံစားမှုတွေ ရှုပ်ထွေးနေရသည်။

သံလွင်လမ်းရှိ တိုက်ကိုရောက်တော့ ကားလေးရပ်သွားသည်ဆိုရင်ပဲ မာမီသည် ခင်ဝတီလက်လေးကို ဆွဲယူကာ ဧည့်ခန်းထဲသို့ ခေါ်လာခဲ့လိုက်သည်။

"ထိုင်…သမီး…ထိုင်"

ထိုင်ဆိုပေမယ့် ခင်ဝတီ မထိုင်ရဲသေးပါ။ မင်းညီညွှတ်မာမီက ခင်ဝတီကို သူ့သားနှင့် အထင်လွဲမည်ဆိုလည်း တကယ်တော့ အထင်လွဲစရာပင် ဖြစ်သည်။

သားလူပျိုချောနောက်ကို လိုက်လာသည့် မိန်းမပျို မိန်းမချောလေးကို ဘယ်လိုမှ မပတ်သက်ပါဟု သူတို့နှစ်ဦး ဘယ်လိုရှင်းပြပါစေ ဘယ်သူမှ ယုံမည်မဟုတ်ပါ။

သူမလေးသည် သားဖြစ်သူ လူပျိုချော နိုးလာသည့်

Book Sharing

Scanned by CamScanner

မိန်းကလေးလို့ပင် အားလုံးက ထင်ကြမှာ သေချာပါသည်။

"ထိုင်လေ…သမီး၊ ရဲရဲထိုင်ပါကွယ်၊ သမီးက မာမိတို့နဲ့ သူစိမ်းတွေမဟုတ်တော့ဘူး၊ သားအတွက် သမီး ဘာမှမစိုးရိမ်နဲ့၊ သားက သမီးနဲ့ကြမှ သိပ်သည်းနေတာ အဟင်း…ဟင်း"

စိတ်ရှုပ်ထွေးခြင်းတွေနှင့် မှုန်တည်တည်ကြီးဖြစ်နေရသော သားချောကိုကြည့်ပြီး သဘောကျသလို ဒေါ်စိမ်းဝေရယ်ရင်းက ပြောလိုက်တော့ မင်းညီညွှတ် မျက်နှာကြီး ရဲသွားရသည်။

မာမိ…မာမိ စိတ်ထင်ရာတွေ ပြောနေတော့တာပါပဲလား။

မင်းညီညွှတ် သူ့ဒုက္ခနှင့်သူ စိတ်ညစ်နေရသလို ခင်ဝတီမှာလည်း မဆင်မခြင် သူ့အကူအညီကို ယူခဲ့မိသည့်အတွက် ခုတော့ ဒုက္ခတွေတွေ့ကာ ငိုချင်နေရတော့သည်။

သူတို့နှစ်ဦး၏ အခြေအနေကို ဘာမှမသိသည့် ဒေါ်စိမ်းဝေကတော့…

"သမီးလေး…အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်တစ်ပါ အန်တီ"

ခင်ဝတီစကားကြောင့် ဒေါ်စိမ်းဝေ မျက်ခုံးပင့်သွားရကာ



အရွယ်ငယ်ငယ်နှင့် ချွေးမချောလေးကို ကြည့်ပြီး…

"အန်တီလို့ မခေါ်ရတော့ဘူး သမီးရဲ့၊ မာမိလို့ ခေါ်ရမယ်"

"ရှင်"

"ခေါ်ကြည့်စမ်း သမီး၊ မာမိလို့"

"ဟုတ်…ဟုတ်ကဲ့ မာမိ"

မဝံ့မရဲလေးဖြင့် ခင်ဝတီသည် မင်းညီညွှတ်ရှေ့မှာပါလား ဆိုသောအသိနှင့် အရမ်းရှက်သွားရသည်။

သို့သော် သူမရောက်နေရသည့် အခြေအနေက တကယ့်အကျဉ်းအကြပ်ထဲ။ ဒီအကျဉ်းအကြပ်ထဲက သူမ ဘယ်လိုရုန်းထွက်ရမည်ဆိုတာကိုလည်း ခင်ဝတီ မစဉ်းစားတတ်ပါ။

"သမီးလေး လိမ္မာလိုက်တာ၊ သမီးဒက်ဒီလာရင် အန်ကယ်လို့ သွားမခေါ်နဲ့ဦးနော်၊ ဒက်ဒီလို့ခေါ် ကြားလား သမီး"

"ရှင်…ဟုတ်ကဲ့"

"ဒါနဲ့…သမီးမှာ မိဘတွေ မရှိကြတော့ဘူးဆို"

"ဟုတ်ကဲ့၊ ဝတီ အဒေါ်နဲ့ပဲ နေပါတယ်"

Scanned by CamScanner

"ဪ…ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်၊ ခုချိန်ကစပြီး သမီးတစ်ယောက်တည်း မဟုတ်တော့ဘူး၊ ဘာမှအားမငယ်နဲ့နော်၊ မာမီတို့က သမီးမိဘတွေပဲ၊ ပြီးတော့ သမီးကို ယုယကြင်နာမယ့် ခင်ပွန်းလည်း သမီးဘေးမှာ ရှိနေပြီပဲ၊ သမီးစိတ်ချမ်းသာမှာပါ၊ မာမီကတော့ သမီးကို မြင်လိုက်ကတည်းက သမီးရင်းလေး တစ်ယောက်လို ချစ်သွားတာ၊ သမီး မာမီတို့မေတ္တာရိပ်မှာ ပျော်ပျော် နေနော်"

ခင်ဝတီအပေါ် မိခင်တစ်ယောက်၏ ချစ်ခြင်းတွေနှင့် ကြင်နာစွာ ကြည့်ရင်းက နူးညံ့ကြင်နာမှုတွေနှင့် ပြောလိုက်သည့် ဒေါ်စိမ်းဝေကို ခင်ဝတီမှာ မိခင်တစ်ယောက်နှယ် ချစ်သွားရလေ သည်။

"ကျေးဇူးတင်ပါတယ် မာမီ"

"အိုကွယ်…ဘယ့်နှယ် ကျေးဇူးတင်ရမှာလဲ သမီးရဲ့၊ မာမီတို့က ခုချိန်ကစပြီး မိသားစုတွေဖြစ်သွားပြီလေ၊ အဲလို သူစိမ်း ဆန်တဲ့စကားမျိုး နောက်မပြောနဲ့ ဟုတ်လား"

"ဟုတ်…ဟုတ်ကဲ့"



ရုပ်ရည်ကပင် လှတာမဟုတ်။ စိတ်ရင်းလည်း လှပလွန်း သော ဒေါ်စိမ်းဝေသည် သဘောထားပြည့်ဝသူတစ်ယောက်လည်း ဖြစ်သည်။

ဒေါ်စိမ်းဝေသည် ခင်ဝတီအား သားနှင့်ပါလာသည့် ချွေးမလေးအဖြစ် သဘောကျနေချိန်မှာ ခင်ဝတီဆိုတာ မင်းညီညွတ် နှင့် ဘယ်လိုမှ မသက်ဆိုင်ကြောင်း ဒေါ်စိမ်းဝေသိပါက ဘယ်လို ဖြစ်မည်မသိပါ။

သားလူပျိုနောက် ပါလာသော သူမကို ဒေါ်စိမ်းဝေ အထင် သေးသွားမှာကတော့ အသေအချာဖြစ်ပါသည်။

ထို့ကြောင့် အဖြစ်မှန်များကိုလည်း ခင်ဝတီ ဒေါ်စိမ်းဝေ အား ရှင်းမပြရဲ။

ရှင်းပြကာမှ ပိုးဆိုးသွားမည့် အခြေအနေမျိုးလည်း သူမ မလိုလားပါ။ ဒါကြောင့် ဖြစ်ချင်ရာဖြစ်ဆိုသည့် စိတ်နှင့်ပင် မတတ် သာသည့်အဆုံး ခင်ဝတီ နှုတ်ပိတ်၍သာ နေရတော့သည်။

ဒေါ်စိမ်းဝေကတော့ မိဘမရှိတော့ဘဲ အဒေါ်နှင့်အတူ နေပါသည်ဆိုသော သူမကို သနားလို့မဆုံးတော့။ သူမအား အရိပ်

Scanned by CamScanner

တကြည့်ကြည့်နှင့်သာ ရှိနေလေသည်။

ခင်ဝတီသာ မင်းညီညွတ်နှင့် အမှန်တကယ် သက်ဆိုင်သည့် ချစ်သူတစ်ယောက်ဆိုရင်တော့ ဒေါ်စိမ်းဝေတို့မိသားစု၏ စိတ်သဘောထားဖြူစင်မှုတွေက တကယ့်ကို ကြည်နူးချင်စရာ။

ဒေါ်စိမ်းဝေမှာ မင်းညီညွတ် ဘယ်မိန်းကလေး တစ်ဦးတစ်ယောက်ကိုမှ စိတ်မဝင်စားခဲ့ဖူးကြောင်း၊ ယခုလို ခင်ဝတီနှင့်ကြမှ သူသား လူပျိုဘဝကျွတ်ကြောင်း ဒေါ်စိမ်းဝေမှာ ဝမ်းသာရသည့်အကြောင်းတို့ကို ခင်ဝတီအား မင်းညီညွတ်နှင့် သက်ဆိုင်သူအမှတ်ဖြင့် ပြောနေလေသည်။

သူပြောချင်ရာတွေပြောလို့ ပြီးသွားမှ…

"ကဲ…သားနဲ့သမီး စကားပြောကြဦး၊ မာမီ သားနဲ့သမီးအတွက် စီစဉ်စရာရှိတာလေးတွေ သွားစီစဉ်လိုက်ဦးမယ်"

ဒေါ်စိမ်းဝေသည် မင်းညီညွတ်နှင့် ခင်ဝတီကို ထားကာ ဧည့်ခန်းထဲမှ ထွက်သွားလေသည်။

ကျန်ခဲ့သည့်နှစ်ဦး တစ်ယောက်မျက်နှာကို တစ်ယောက်မကြည့်ရဲဘဲ ရှိနေရာမှ မင်းညီညွတ်သည် ဖျတ်ခနဲဆိုသလို ခင်ဝတီအား လှမ်းကြည့်လိုက်သည်။



ထိုအခါ ခင်ဝတီသည်လည်း သူ့အား မျက်ရည်ဝိုင်းသောမျက်ဝန်းအစုံနှင့် ကြည့်မိလျက်သား ဖြစ်သွားရသည်။

မင်းညီညွတ် သူမအကြည့်တွေကို မြင်ရတော့ နှလုံးသားတွေ ပူနွေးသွားရသလို ရင်မှာ သူမအပေါ် သနားကရုဏာစိတ်တွေကလည်း ဖြစ်၍မဆုံးတော့။

"ဝတီရယ်"

မဝံ့မရဲ သနားစရာ ခင်ဝတီပုံစံလေးက အကျဉ်းအကြပ်ထဲ ရောက်နေရသလိုမျိုး။ လှပလွန်းသည့် သူမမျက်နှာလေးကလည်း ညှိုးနွမ်းနေရသည်မို့ မင်းညီညွတ် ချစ်သူအပေါ် သနားကရုဏာစိတ်တွေနှင့် ရင်ဝယ် ချစ်ခြင်းတွေက အားကြီးသွားကာ ချစ်မြတ်နိုး သနားခြင်းတွေနှင့် သူမအားကြည့်နေဆဲ ဒေါ်စိမ်းဝေသည် ဧည့်ခန်းထဲသို့ ပြန်ရောက်လာကာ…

"သားရေ…သမီးလေးလည်း နားချင်ရှာမှာပေါ့၊ လောလောဆယ်တော့ သားတို့အတွက် မာမီ သားနေခဲ့တဲ့ အခန်းမှာပဲ' အားလုံးပြင်ဆင်ထားတယ်၊ သမီးလေးကိုခေါ်ပြီး သွားနား

Scanned by CamScanner

တော့၊ ညစာစားခါနီးမှာ မာမီ ခေါ်နိုင်းလိုက်မယ်''

မာမီကတော့ သူ့အစီအစဉ်နှင့်သူ ဟုတ်နေလေပြီ။ မင်းညီညွှတ် သူ့ရှေ့ အရုပ်လေးတစ်ရုပ်လို ထိုင်နေသော ခင်ဝတီကို တစ်ချက်ကြည့်လိုက်သည်။

မျက်နှာလေးရဲကာ ခေါင်းလေးမဖော်ပါသော သူမ မာမီ့စကားတွေကြောင့် ဘယ်လောက်ရှက်နေသည်မှန်း သူ ကိုယ်ချင်းစာစိတ်တွေနှင့် နားလည်လိုက်သည်။

သို့သော် အခြေအနေက ဒီအတိုင်းနေ၍ မဖြစ်သည်မို့...

''ဝတီ''

''ရှင်''

''အပေါ်ထပ်မှာ အေးအေးဆေးဆေး စကားသွားပြောကြရအောင်နော်''

မင်းညီညွှတ် ခေါ်ရာနောက်သို့ ခင်ဝတီ သက်ပြင်းလေးချကာ လိုက်လာခဲ့လေသည်။

''ဝတီ''

''ရှင်''



''ဝတီကို ကိုယ် သိပ်သနားတာပဲဗျာ၊တကယ်ပါ၊ မာမီကလည်း သူ့ထင်ရာတွေ လုပ်နေတယ်၊ ခက်တာက ခုချိန် ကိုယ်တို့ သူ့ကို ရှင်းပြလို့လည်း ယုံမှာမဟုတ်ဘူးဆိုတာ ကိုယ်သိတယ်၊ ဝတီ ကိုယ့်ကို တစ်မျိုးထင်မှာလည်း ကိုယ်စိုးရိမ်တယ်၊ ကိုယ် ဝတီကို ကူညီခဲ့တာ စေတနာပါ''

''ဝတီ...ဝတီ နားလည်ပါတယ်''

''ကျေးဇူးတင်ပါတယ်ဗျာ၊ ကိုယ့်ကို အခုလို နားလည်ပေးတဲ့အတွက်၊ ခုမှတော့ ,ကိုယ်နဲ့ဝတီ အခြေအနေကိုကြည့်ပြီး မီးစင်ကြည့်ကရတော့မှာပဲ၊ အခြေအနေတွေက. အားလုံးရှုပ်ထွေးကုန်ပြီလေ၊ ပြီးတော့ ပြောရရင်. မာမီက ကိုယ့်ကို အိမ်ထောင်ပြုစေချင်နေတာ၊ ဝတီကိုမြင်တော့ အထင်လွဲပြီး မာမီက သူ့လိုရာသွေးပစ်လိုက်တာနေမှာ''

မင်းညီညွှတ်စကားအဆုံး ခင်ဝတီ သူ့မျက်နှာချောချောကြီးကို ဘယ်လိုမှ မကြည့်ရဲတော့ပါ။

ဖြစ်လာရသည့် အခြေအနေတွေအပေါ်မှာ အမျိုး၊ လူမျိုးတွေပီပီ နှစ်ဦးစလုံး စိတ်လှုပ်ရှားကာ ရင်တွေခုန်နေရလေသည်။

Scanned by CamScanner

အထူးသဖြင့် စူးရဲစိုလက်လာသည့် မင်းညီညွတ်ဆိုသော လူချောကြီး၏ အကြည့်များအောက်တွင် အပျိုစင်လေး ခင်ဝတီခမျာ ရင်တွေအရမ်းခုန်နေရပြီဖြစ်သည်။

မင်းညီညွတ်သည် ချစ်သူကို ငေးကြည့်ရင်း တွေးနေမိသည်။ သူ ခုချိန်မှာ အပြစ်မှန်တွေကို ရှင်းပြချင်ရင်တောင်မှ မိန်းကလေးဖြစ်သည့် ခင်ဝတီကို ငဲ့ညှာရမည်ဖြစ်ပါသည်။

အတွေးတွေနှင့် မင်းညီညွတ် သူ့အခန်းရှေ့သို့ ရောက်လာသည်။ အခန်းတံခါးကို ဖွင့်လိုက်တော့ သူ့လူပျိုခန်းလေးထဲမှာပင် မာမီသည် သူတို့နှစ်ဦးအတွက် အိပ်ရာကြီးကို လှပစွာ ပြင်ဆင်ထားလေသည်။

ရုတ်တရက် နှစ်ဦးစလုံး ခြေလှမ်းလေးတွေ တုံ့ဆိုင်းသွားရသည်။ မင်းညီညွတ် သက်ပြင်းချကာ အိပ်ခန်းထဲဝင်လိုက်ပေမယ့် ခင်ဝတီကတော့ ရှက်မျက်နှာရဲရဲလေးနှင့် အခန်းထဲ မဝင်ပါ။

ဒါကိုရိပ်မိသည့် မင်းညီညွတ်သည် ခင်ဝတီအဖြစ်ကို မချင့်မရဲနှင့် အသနားပိုသွားရသည်မို့…

"ဝင်လိုက်ပါ ဝတီ၊ တော်ကြာ မာမီက ကိုယ်တို့အဖြစ်



ကို ရိပ်မိသွားလိမ့်မယ်၊ ကိုယ့်ကို ဝတီ ယုံတယ်ဆိုရင် ဝင်လိုက်ပါ"

သည်လိုဆိုပြန်တော့လည်း ခင်ဝတီ သူ့ကို အားနာသွားရသည်။ တကယ်တော့ ခင်ဝတီသည် သူ့ကိုမယုံလို့ မဟုတ်ပါ။ ယုံပါသည်။

ယုံလို့လည်း သူ့ဆီက အကူအညီ သူမယူခဲ့၍ ခုလိုဖြစ်ရခြင်းဖြစ်သည်။

ခင်ဝတီ သူ့ခြံထဲတွင် သူနှင့်တစ်ခါဆုံပြီးသည့်နောက်ပိုင်းမှာ သူ့အကြောင်းများကို သူမ ကြားမိပါသည်။

သူသည် ဆရာဝန်တစ်ယောက်ဆိုတာနှင့် ခင်ဝတီတို့မြို့ကို အလုပ်တာဝန်နှင့် ရောက်လာသူမှန်း။ အချိန်တိုလေးအတွင်းမှာပင် မင်းညီညွတ်သည် စိတ်သဘောထားကောင်းသည့် ဆရာဝန်တစ်ယောက်အဖြစ် သူမတို့မြို့လေးမှာ သတင်းမွှေးနေသူဖြစ်သည်။

ထို့အပြင် ပညာတတ်ဆရာဝန်၊ ရုပ်ရည်ချောမောသောသူသည် လူပျိုဆိုသည့် ဂုဏ်ကြောင့်လည်း သူမတို့မြို့လေး၏ မိန်းမချောလေးတွေ၏ စိတ်ဝင်စားခြင်းကို ခံခဲ့ရသူလည်းဖြစ်သည်။

မင်းညီညွတ်၏ လူကြီးလူကောင်းဆန်သော စိတ်သဘော

Book Sharing

Scanned by CamScanner

ထားနှင့် ဂုဏ်သိက္ခာအနေအထားတို့ကို ခင်ဝတီယုံပေမယ့် အပျိုစင်လေးဖြစ်သော သူမမှာ တစ်ခါဆုံတွေ့ခဲ့တာကလွဲလို့ သူမနှင့် ဘယ်လိုမှ ရင်းနှီးပတ်သက်ခြင်းမရှိသော လူပျိုသူစိမ်းယောက်ျား အခန်းထဲသို့ ဝင်ရမည်ဆိုတာက ခင်ဝတီအတွက် ရက်ရွံ့မှုတို့ဖြင့် အခက်တွေ့နေရလေသည်။

ခက်တာက မဝင်လို့ကလည်း မဖြစ်။ မဝင်ပြန်ရင်လည်း သူ့ကို မယုံကြည်ရာ ရောက်ပေလိမ့်မည်။ ခင်ဝတီသည် ဖြစ်လာမှတော့ မထူးတော့ပါဟူသော ရဲစိတ်လေးနှင့်ပင် အခန်းထဲသို့ ဝင့်ခဲ့လိုက်လေသည်။

"အစ်ကို…ဝတီတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ကိုယ်လည်း ဒါကိုပဲစဉ်းစားနေတာ၊ ဝတီကရော ဘယ်လိုဖြစ်စေချင်လို့လဲ"

သူမေးပေမယ့် သူမမှာ အဖြေမရှိပါ။

သူမာမိကို အဖြစ်မှန် ရှင်းပြရအောင်ကလည်း တစ်ဖက်က သူမအတွက် အခက်တွေ့နေရလေသည်။

ခင်ဝတီ ဘာမှမသိတော့။ ရှုပ်ထွေးသောအတွေးတွေနှင့်



သာ ရင်မှာ ရှက်စိတ်တွေသာ ရှိနေရတော့သည်။

"လူကြီးတွေ အထင်လွဲနေတာကို ဝတီတို့နှစ်ယောက်က မဟုတ်တဲ့အကြောင်း အစ်ကို့မာမိကို ဖြည်းဖြည်းချင်း နားဝင်အောင် ရှင်းပြလို့ မရဘူးလားဟင်"

မျက်သားပြာလဲ့လဲ့ပေါ်က မျက်ဝန်းနက်နက်ကြီးတွေက သူ့ကို အားကိုးသလို ကြည့်ရင်းဆိုလာတော့ မင်းညီညွတ်နှလုံးသားက တုန်လှုပ်သွားရကာ သူမမျက်နှာကို ခပ်ငေးငေး စိုက်ကြည့်ရင်း

"ရှင်းပြလို့ ဖြစ်နိုင်ပါတယ် ဝတီ၊ ဒါပေမယ့် လောလောဆယ် ဝတီအတွက် ဒီအခြေအနေက ပိုကောင်းလိမ့်မယ်ထင်တယ်"

"အစ်ကိုဆိုလိုတာက"

"ဒီလိုလေ…ဝတီ့သူငယ်ချင်းမရှိတော့ နေဖို့ထိုင်ဖို့ဆိုတာက ဝတီအတွက် အဆင်ပြေမှာမဟုတ်ဘူး၊ ရန်ကုန်မှာက အသိအကျွမ်းမရှိ၊ နေစရာမရှိရင် ဝတီလို မိန်းကလေးတစ်ယောက် မလွယ်ဘူး၊ ပြီးတော့ ဝတီအဒေါ်နဲ့ ပတ်သက်တဲ့သတင်းကိုလည်း ဝတီ စုံစမ်းဖို့လိုတယ်၊ ဒါကြောင့် ခုလိုအခြေအနေနဲ့ ဝတီ ဒီမှာပဲ ခဏနေလိုက်ပါ၊ ကိုယ် မနက်ဖြန် မြို့ကိုပြန်မယ်၊ ဝတီ့အဒေါ်သတင်း

Scanned by CamScanner

စုံစမ်းပြီး ကိုယ် ဝတီဆီ ဖုန်းဆက်မယ်၊ ပြီးမှ အကောင်းဆုံးအဖြေတစ်ခုကို ကိုယ်တို့ရှာကြတာပေါ့၊ ကိုယ်ပြောတာ မကောင်းဘူးလား ဝတီ''

''အင်း...အစ်ကိုပြောတဲ့ အစီအစဉ် ကောင်းပါတယ်''

''ဝတီ''

''ရှင်''

မင်းညီညွှတ် ခေါ်ပြီး ဝတီ့မျက်နှာလေးကို စူးစိုက်ကြည့်လိုက်သည်။ ဝတီသည် သူ့ကိုမော့ကြည့်လာပြီး...

''ဘာလဲဟင် အစ်ကို''

သူမကိုခေါ်ပြီး ဘာမှမပြောဘဲနှင့် သူမမျက်နှာကိုသာ မမြင်ဖူးသူတစ်ယောက်လို ငေးမောစိုက်ကြည့်နေသော မင်းညီညွှတ်၏ အကြည့်များနှင့် ဆုံသွားတာကြောင့် ခင်ဝတီမျက်နှာလေး ရှက်ကြောက်မှုတို့ဖြင့် လှသောမျက်နှာလေးမှာ ဖြူလိုက်၊ နီလိုက် ဖြစ်သွားရကာ ရင်တွေပင် ,ခုန်လာရသည်။

''အို''

ဘုရားရေ။



သူ ဘယ်လိုကြည့်နေတာပါလိမ့်။

သူ၏ စူးရဲလွန်းသော အကြည့်တွေကြောင့် ခင်ဝတီ ခေါင်းလေးငုံ့လျက် မျက်လွှာလေးချသွားလေသည်။

ရင်ထဲမှာတော့ ရင်ခုန်သံတွေက ကသောင်းကနင်းဖြစ်နေရကာ တဒိတ်ဒိတ်နှင့် ခုန်လာသည့် ရင်ခုန်သံတွေကို သူကြားသွားမှာပင် စိုးရိမ်နေရတော့သည်။

မင်းညီညွှတ်မှာ ခင်ဝတီမျက်နှာလေး နီရဲကာ ခေါင်းလေးငုံ့သွားပါမှ သူ့အကြည့်တွေအတွက် သတိရသွားကာ သူမလေးကို ရှက်အားနာကြီး ဖြစ်သွားရသည်။

''ကိုယ်ပြောချင်တာက အခုလိုအခြေအနေတွေနဲ့ ကြုံတွေ့နေရတဲ့ ဝတီကို ကိုယ်သိပ်အားနာတာပဲ''

''မာမီက ကိုယ်ရှင်းပြတာကိုလည်း နားမထောင်ဘူး၊ သူ့စိတ်ထဲ ထင်တာတွေ လျှောက်လုပ်နေတော့ ဝတီကို ကိုယ် ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ဘူး''

သူမမျက်နှာလေးကို ကြည့်ကာ အားနာစကားတွေဆိုနေရပေမယ့် တကယ်တမ်း မင်းညီညွှတ်ရင်ထဲက ခံစားချက်အမှန်က

တော့ မာမီထင်သလို သူနှင့်သူမလေး၏ အဖြစ်များသည် အမှန်တကယ်သာ ဖြစ်လိုက်ပါတော့ဟူ၍ တွေးလိုက်မိပေမယ့် ဒီအဖြစ်တွေက တကယ်မဟုတ်မှန်းလည်း သိနေပြန်တော့ မင်းညီညွတ်ရင်ထဲ ဝေဒနာတွေ လွှမ်းဆွဲနေရတော့သည်။

"ဝတီလည်း အစ်ကိုကို အားနာပါတယ်၊ ဝတီကြောင့် အစ်ကို ခုလို ကြားထဲက စိတ်ရှုပ်ရပြီနော်၊ ဒါပေမယ့် အစ်ကိုမှာသီကို ဝတီ အမှန်အတိုင်း မဖြေရှင်းရဲဘူး၊ အဲဒါက အစ်ကိုကို ဒုက္ခရောက်စေရပြီနော်၊ ဝတီ ဝတီ ဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူးရှင်"

ခင်ဝတီမှာ ဝေ့ဝဲတက်လာရသော မျက်ရည်စများကို မျက်တောင်ရှည်ကြီးများဖြင့် ပုတ်ခတ်သိမ်းဆည်းရင်း ရှက်အားနာစွာ ဆိုလိုက်သည်။

"ဝတီရယ်…ကိုယ့်ကို အားနာစရာ မလိုပါဘူးဗျာ"

"ဝတီ ဒီကထွက်သွားရင် ကောင်းမယ်ထင်ပါတယ်"

"ဟာ…မင်း အဲလိုမလုပ်ရဘူး၊ ခေါင်းအေးအေးနဲ့ စဉ်းစားပြီး ဖြေရှင်းရင် အားလုံးအဆင်ပြေသွားမှာပါ၊ ဒါကြောင့် ဝတီ ဘယ်မှမသွားဘဲ ဒီမှာပဲ ခေါင်းအေးအေးနဲ့ စိတ်အေးလက်အေးနေပါ၊ ဝတီအတွက် ကိုယ် အကောင်းဆုံးကူညီပါ့မယ်"



သူ့စကားကြောင့် ခင်ဝတီ စဉ်းစားဟန်နှင့် ငြိမ်သက်သွားလေသည်။

"အခုကိစ္စကို ကိုယ့်မိဘတွေ နားလည်အောင် နောက်တော့ ဖြည်းဖြည်းချင်း ရှင်းပြပါ့မယ် ဝတီ၊ ကဲ ခုတော့ ဝတီ နားလိုက်ဦး၊ ရေချိုးခန်းက ဒီဘက်မှာရှိတယ်၊ ဝတီ လွတ်လွတ်လပ်လပ်နေ ဟုတ်လား၊ ကိုယ် အပြင်ခဏသွားလိုက်ဦးမယ်"

ပြောပြောဆိုဆို မင်းညီညွတ်သည် သိပ်လှသော ခင်ဝတီအား တစ်ချက်စိုက်ကြည့်ကာ အခန်းထဲမှ ထွက်သွားလေသည်။

ခင်ဝတီမှာသာ သူမနှင့် ဘယ်လိုမှ ရင်းနှီးပတ်သက်ခြင်းမရှိသည့် သူစိမ်းတရုံ၏ အလယ်မှာ စိတ်အားငယ်စွာ တစ်ကိုယ်တည်း ကျန်ခဲ့ရလေသည်။

□ □ □

## အခန်း (၅)

ဒက်ဒီဦးမင်းဝေ ပြန်ရောက်လာပြီးနောက် ညနေထမင်းဝိုင်းတွင် မင်းညီညွှတ်တို့မိသားစုသုံးယောက်နှင့်အတူ ခင်ဝတီမှာလည်း ထမင်းလက်စုံစားဖြစ်လေသည်။

"စား…သမီး၊ ထည့်စား ဘာမှအားနာစရာမလိုဘူး၊ အားလုံး မိသားစုတွေပဲ"

ချွေးမချောကို ဦးမင်းဝေမှာ အပြုံးနှင့်ကြည့်ရင်း ပြောလိုက်သည်။ သားခေါ်လာသည့် ချွေးမ အချောအလှပေါ် ဦးမင်းဝေသည် အမှန်တကယ်လည်း ကရုဏာစိတ်ဖြစ်နေရပါသည်။

ဇနီးဖြစ်သူ ပြောပြထားသဖြင့် သူမ၏ဘဝတစ်စိတ်တစ်ပိုင်းကိုလည်း ဦးမင်းဝေ သိခဲ့ပြီးပြီမို့ မိဘနှစ်ပါးလုံး မရှိတော့



Scanned by CamScanner

သည့် အခေါ်နှင့် နေပါသည်ဆိုသော ခင်ဝတီကို စာနာသနားစိတ် တွေနှင့် ကရုဏာသက်နေရခြင်းဖြစ်သည်။

ထမင်းစားသောက်ပြီးနောက် ဒက်ဒီနှင့်မာမီကို နှုတ်ဆက် ကာ ခြံထဲသို့ နှစ်ဦးသား ဆင်းလာခဲ့ကြသည်။

ခြံထဲရှိ ခုံတန်းလေးပေါ် နှစ်ဦးသား ထိုင်မိကြပေမယ့် မင်းညီညွှတ်ရော ခင်ဝတီပါ တစ်ယောက်နှင့်တစ်ယောက် စကား မဆိုမိကြပါ။

ထိန်ထိန်သာနေသည့် လမင်းကြီးကို နှစ်ယောက်သား ကြည့်ရင်း ကိုယ်စီ တိတ်ဆိတ်စွာ ရှိနေကြသည်။

အတန်ကြာမှ မင်းညီညွှတသည် ခင်ဝတီကို ကြည့်လာ ရင်း…

"ဝတီ…အခန်းထဲသွားနားချင် နားလေ၊ ဝတီ ကြည့်ရ တာ ပင်ပန်းနေသလိုပဲ"

နုနုနယ်နယ် မိန်းမသားတစ်ယောက်ဖြစ်သော ခင်ဝတီ မှာ အမှန်ပဲ ခရီးပန်းလာသဖြင့် မင်းညီညွှတ်၏ မျက်နှာချောချောကို ဖျတ်ခနဲကြည့်လာရင်း…



"အစ်ကိုကော မနားသေးဘူးလား"

"ကိုယ် ထိုင်ချင်သေးတယ်၊ ဝတီ ကိုယ့်ကို အားမနာ ပါနဲ့၊ သွားနားလိုက်ပါ"

"ဒါဆို…ဝတီ သွားမယ်နော်"

ခင်ဝတီ သူ့အနားက ထွက်သွားလေသည်။ ထွက်သွား သည့် ခင်ဝတီ၏ နောက်ကျောလှလှလေးကိုကြည့်ပြီး သူ သက်ပြင်း တစ်ချက်ချလိုက်သည်။

ညင်းသွဲ့သွဲ့လေးပြေနှင့်အတူ ပန်းပေါင်းစုံရနံ့များဖြင့် ဝေဖြာ နေရသည့် ခြံထဲတွင် ထိုင်နေရင်းမှ အိပ်မပျော်နိုင်သည့် အတွေးများ စွာဖြင့် ရှိနေရသည်မို့ စီးကရက်တစ်လိပ်ပြီးတစ်လိပ် သူသောက် နေလိုက်သည်။

မင်းညီညွှတ်၏ အကြည့်များက သာလွန်းနေသည့် ငွေလမင်းကြီးကို ကြည့်နေပေမယ့် သူ့မျက်ဝန်းထဲမှာတော့ ထိုလမင်း ကြီးပေါ် အရိပ်ထပ်တင်လာသည့် ခင်ဝတီ၏ မျက်နှာလှလှလေး။

မင်းညီညွှတ်သည် ခင်ဝတီအား မြတ်မြတ်နိုးနိုး နှင့်သည်း စွာ ချစ်ခဲ့ပြီမို့ သူ့အနေနှင့် ထိုအဖြစ်ကိုလည်း မညာချင်။

BookSharing

Scanned by CamScanner

ဘာဟန်ဆောင်မှုမှ မရှိဘဲ ရိုးသားစွာ ဖြူစင်ရှင်းသန့်သော ချစ်သူလေးသည် သူ့အတွက်တော့ ဘာနှင့်မှ မနှိုင်းယှဉ်နိုင်သည့် သူ၏ အချစ်မြတ်နိုးရဆုံးသော မိန်းကလေးပင်ဖြစ်သည်။

သူမ အခက်အခဲကို ကူညီရင်း မမျှော်လင့်သည့် အခြေအနေနှင့် ကြုံခဲ့ရပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ကတော့ သိပ်ချစ်ရသော ချစ်သူလေးကို ကူညီခွင့်ရတာကိုပင် သူ့ရင်ထဲ ကြည်နူးမိရတော့သည်။

သူနှင့်ခင်ဝတီတို့နှစ်ယောက် ဆုံတွေ့ပုံကလည်း ကံတရား၏ ဖန်တီးမှုပင်ဖြစ်သည်။ ထိုကံတရားကြောင့်လည်း ခင်ဝတီနှင့် သူ ဆုံစည်းခဲ့ကာ ဤကဲ့သို့ အခြေအနေမျိုး ရောက်ရှိခဲ့ရခြင်းဖြစ်ပါသည်။

ခင်ဝတီနှင့် ဆုံတွေ့ခွင့်ရအောင် ဖန်တီးပေးခဲ့သော ထူးခြားဆန်းကြယ်သည့် ကံကြမ္မာကိုလည်း သူ့ရင်မှာ ကျိတ်၍ ကျေးဇူးတင်နေရတော့သည်။

ခင်ဝတီဆိုတဲ့ ကိုယ့်ချစ်သူလေးရယ်။ မင်းညီညွှတ် ချစ်မိသူလေးအား တမ်းတမိရင်း သူ့ခြေလှမ်းများက ချစ်မိသူလေးရှိရာ



အိမ်ပေါ်ထပ်ဆီသို့ ထွက်လာခဲ့လိုက်သည်။

အပေါ်ထပ် အခန်းထဲတွင် ရှိနေပါသော ခင်ဝတီမှာလည်း ပန်းနုရောင်များဖြင့် လွှမ်းမိုးနေရပါသော မင်္ဂလာအိပ်ခန်းကြီးကို မျက်နှာရဲရဲလေးဖြင့် မကြည့်ရဲအောင် ရှိနေရသည်။

တကယ်တော့ ခင်ဝတီသည် တစ်နေ့လုံး စိတ်မောလူမော အပြင် ခရီးပါ ပန်းလာသည်မို့ လူက အနားယူချင်နေရပေမယ့် သူမ ဘယ်လိုမှ အနားမယူရဲအောင် ရှိနေရသည်။

လှပစွာပြင်ဆင်ထားသည့် မင်္ဂလာအိပ်ခန်းကြီးက ခင်ဝတီအား စိတ်ကျဉ်းကြပ်စေရသလို သူများ ဘယ်အချိန် ဒီအခန်းထဲ ဝင်လာမလဲဆိုတာကိုလည်း သူမသည် ရင်တထိတ်ထိတ်နှင့် စောင့်စားနေရသည်မှာ အချိန်တွေကုန်လို့ ညဉ့်အတော်နက်နေရပြီဖြစ်သည်။

ခြံထဲမှာပဲ မင်းညီညွှတ် ရှိနေမှန်း ခင်ဝတီသိပါသည်။ ကြည့်ရတာ မင်းညီညွှတ်သည်လည်း သူမနှင့် မျက်နှာချင်းဆိုင်ရမှာ အနေခက်နေရရှာသည်ထင်။

ညတာကိုလည်း သိပ်မစားဖြစ်ဘဲ မျက်နှာသိပ်မကောင်း

Scanned by CamScanner

သည့် မင်းညီညွတ်ကို ခင်ဝတီ သတိထားမိပေမယ့် သူမမှာလည်း သူမာမိနှင့် ဒက်ဒီတို့၏ မျက်လုံးများအောက်မှာ ရှက်မျက်နှာ မငုံမရဲ စိတ်တွေနှင့် ရှိနေခဲ့ရသည်။

ယခု ညရောက်လို့ နားချိန်ရောက်ပြန်တော့လည်း ခင်ဝတီ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် မနားရဲသေးပါ။

စိတ်ညစ်ညစ်နှင့် ခင်ဝတီ မှန်တင်ခုံရှေ့တွင် ငေးငေး ငူငူလေး ထိုင်နေမိသည်။

ထိုစဉ်

တံခါးဖွင့်သံနှင့်အတူ အခန်းထဲသို့ ဝင်လာသော မင်းညီညွတ်ကြောင့် ခင်ဝတီကိုယ်လေးမှာ ဆတ်ခနဲတွန့်တုန်သွားရသည်။

"ဟင်…ဝတီ မအိပ်သေးဘူးလား"

ငူငူလေးထိုင်နေသော ခင်ဝတီကို တွေ့လိုက်ရသဖြင့် မင်းညီညွတ် မျက်ခုံးထူထူကြီး တွန့်သွားရင်းက မေးလိုက်တော့ ခင်ဝတီ၏ မျက်နှာလှလှလေးမှာ ရဲပသွားရသည်။

"ဟို…အစ်ကို ဘယ်မှာ အိပ်မှာလဲဟင်"



သူမ ဘာကိုဆိုလိုမှန်း မင်းညီညွတ် သိပါသည်။

မင်းညီညွတ် အစကတည်းက တခြားအခန်းမှာ သွားအိပ်ဖို့ သူ စဉ်းစားထားပြီး ဖြစ်ပါ၏။ ဒါကို သူ ပြောချင်၍ သူမလေးရှိရာ အခန်းထဲကို သူ ဝင်လာခဲ့ခြင်းဖြစ်သည်။

"အစ်ကို ဟိုဘက်ခန်းမှာအိပ်မယ် ဝတီ"

မင်းညီညွတ်စကားကြောင့် ခင်ဝတီမှာ သူ့အား မျက်ဝန်း ပြာကြီးတွေနှင့် အားနာသလို ကြည့်ကာ

"အစ်ကို့ကို ဝတီ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ဝတီရယ်၊ ဝတီ စိတ်ချလက်ချသာ အိပ်ပါ၊ ကဲ ကိုယ်သွားပြီနော်၊ ကောင်းသောညပါ ဝတီ"

အပြုံးလွှန့်လွှန့်နှင့်အတူ ရိုဝေစွာ ဝိုက်ကြည့်လျက် ပြောလိုက်သော မင်းညီညွတ် စကားကြောင့် ခင်ဝတီ မျက်နှာလေး နွေးခနဲ ဖြစ်သွားရသည်။

ရှက်မျက်နှာရဲရဲလေးဖြင့် သူ့အား အကြည့်တွေလွှဲသွားသော ခင်ဝတီပုံစံလေးက မင်းညီညွတ့်မျက်ဝန်းထဲတွင် လှပမှုနှင့် အတူ အရမ်းကို ချစ်စရာကောင်းနေရသည်။

Scanned by CamScanner

မင်းညီညွတ် ထွက်သွားပြီးနောက် အခန်းထဲတွင် ခင်ဝတီ တစ်ယောက်တည်း အတွေးများနှင့် ကျန်ရစ်ခဲ့ရသည်။ အခန်းတံခါးကို သော့ချပြီးနောက် ပန်းနုရောင်မဂ်လာအိပ်ရာကြီးပေါ် သူမကိုယ်လေး လှဲချလိုက်ပြီးနောက် အိပ်ပျော်အောင် ကြိုးစားလိုက်မိသည်။

သို့ပေမယ့် သူမ ဘယ်လိုမှ အိပ်မပျော်နိုင်ပါ။ အိပ်မပျော်သူအဖို့ ညသည် ရှည်ကြာလွန်းသည်ဆိုတဲ့စကား မှန်ပေသည်။

အိပ်ရာထက်တွင် အတွေးများကြောင့် တလူးလူး တလွန့်လွန့်ဖြင့် အိပ်မပျော်နိုင်သူ ခင်ဝတီသည် သူ့မဘဝကို သူမ စဉ်းစားနေမိသည်။

တစ်ကယ်တော့ ခင်ဝတီဆိုသော သူမဘဝသည် ငယ်စဉ် သိတတ်စ ကလေးဘဝတည်းက မိဘနှစ်ပါးလုံးမရှိခဲ့။ မိဘမဲ့ဘဝဖြင့် ရှင်သန်ကြီးပြင်းခဲ့ရကာ အဒေါ်ဖြစ်သူ ဒေါ်ခင်ဖုန်းတင့် လက်ထဲမှာပင် သူမဘဝ ကြီးပြင်းခဲ့ရလေသည်။

အဒေါ်ဖြစ်သူ ဒေါ်ခင်ဖုန်းတင့်သည် ငယ်စဉ်ကတည်းက ခင်ဝတီအား သူ ချမှတ်ထားသည့် စည်းကမ်းအဖိနှိပ်များအတိုင်းသာ



ရှိနေခဲ့စေရသည်။

သူမ ကလေးဘဝကတည်းက ဒေါ်ခင်ဖုန်းတင့်သည် သူ ချမှတ်ထားသည့် စည်းကမ်းများကို ချိုးဖျက်မိပါက ပြင်းပြင်းထန်ထန် ဒဏ်ပေးတတ်သူလည်း ဖြစ်သည်။

အိမ်ကြီးတစ်ဆောင်လုံးမှာ ဒေါ်ခင်ဖုန်းတင့်၏ ဩဇာကို လွန်ဆန်နိုင်ရဲသူဟူ၍ တစ်ယောက်မှမရှိ။ ငယ်စဉ်ကလေးဘဝက မသိတတ်ခဲ့ပေမယ့် တဖြည်းဖြည်း တွေးခေါ်နိုင်စွမ်းရှိလာသော အရွယ် ရောက်လာချိန်တွင်တော့ လုပ်မိသည့်အပြစ်နှင့် ပေးသည့် အပြစ်က ပိုမိုပြင်းထန်ရက်စက်လာကြောင်း အဒေါ်ဖြစ်သူနှင့် ပတ်သက်ကာ တစ်စတစ်စ တွေးခေါ်မိလာရသည်။

သူမဘဝတွင် ငယ်ငယ်ကလေးဘဝတည်းက ဒေါ်ခင်ဖုန်းတင့် စိတ်တိုင်းကျ နေထိုင်ခဲ့ရသည်။ အဒေါ်ဖြစ်သူ ဒေါ်ခင်ဖုန်းတင့်၏ စကားကို မြေဝယ်မကျ နားထောင်ခဲ့ရသူလည်းဖြစ်သည်။

ဒါပေမဲ့ သူမ ဘယ်လောက်ပဲနာခံခဲ့ပါစေ သူမ တစ်ခုခု အပြစ်ကျူးလွန်မိပါကလည်း အဒေါ်ဖြစ်သူသည် သူမအား ရက်ရက်စက်စက် အပြစ်ပေးတတ်လေသည်။

Scanned by CamScanner

ယုတ်စွအဆုံး ထမင်းစားပြီးလျှင် ကိုယ့်ထမင်းပန်းကန်ကို ကိုယ့်ဘာသာကိုယ် ဆေးကြောရလေသည်။

ဒါက သူမ ငယ်စဉ်သိတတ်စကတည်းက သူမအပေါ် ချမှတ်ထားသည့် စည်းကမ်းသည် ယခုအရွယ်ရောက်သည့်အချိန်ထိ တစ်စက်ကလေးမှ လျော့မသွားခဲ့။

ကြီးမားကျယ်ဝန်းလှသည့် အိမ်ကြီးမှ အိမ်ဖော်တွေများစွာ ရှိခဲ့ပေမယ့် သူမကတော့ ယခုချိန်ထိ သူမစားပြီးသည့် ထမင်းပန်းကန်ကို ကိုယ်တိုင်ဆေးကြောနေရဆဲ။

တစ်ခါတစ်ရံတော့လည်း သူမ စဉ်းစားမိပါသည်။ သူမဘဝသည် အဖိနှိပ်အချုပ်ချယ်ခံ ဘဝမျိုးသာ ဖြစ်သည်ဟု စဉ်းစားမိ၏။

သူမဘဝက ကိုယ့်ကိုယ်နှင့် သူများစိတ် ရှင်သန်နေရသည့် ဘဝမျိုးဟူ၍လည်း အောက်မေ့မိပါသည်။

အဒေါ်ဖြစ်တဲ့ ဒေါ်ခင်ဖုန်းတင့်သည် သူမအား ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးခဲ့သည်မှာ မှန်ပါသော်လည်း ဘယ်သောအခါမှ သူမအား နွေးထွေးကြင်နာစွာ မဆက်ဆံခဲ့ဖူးပါ။



သူမအတွက် အစစလိုလေသေးမရှိအောင် ထားခဲ့ပေမယ့် နွေးထွေးသည့် မေတ္တာတရားနှင့် အကြင်နာကိုလည်း အဒေါ်ဖြစ်သူသည် ဘယ်တုန်းကမှ မပေးခဲ့ဖူးပါ။

အများအမြင်တွင် ချမ်းသာကြွယ်ဝပြည့်စုံလွန်းသည့် ဒေါ်ခင်ဖုန်းတင့်၏ တူမအဖြစ် ခင်ဝတီသည် သူဋ္ဌေးသမီးလေးတစ်ယောက်လို လိုသည်မရှိ ပြည့်စုံစွာ နေနိုင်သူတစ်ယောက်ဟု ထင်ကောင်းထင်ခဲ့ပေမယ့် တစ်ကယ်တမ်း သူမဘဝက စိတ်ချမ်းသာမှုမျိုး မရှိခဲ့ပါ။

ကံတရား၏ အကျိုးပေးမှုကြောင့် ခင်ဝတီရုပ်ရည် သိပ်ကို လှပကာ အများတကာငေးယူရလောက်အောင် လှပါသည်။

မနိမ့်မမြင့်အရပ်နှင့်အတူ အချိုးအစား ပြေပြစ်တင့်တယ်လွန်းသည့် ကိုယ်လေးက မယ်တစ်ယောက်ပမာ ရှိနေရသလို ဝါဖြွေနွယ်သန်းနေပါသော နူးနူးညံ့ညံ့ အသားအရည်ကလည်း မထိရက်၊ မတို့ရက်ချင်စရာဖြစ်သည်။

မသွယ်မဝိုင်း မျက်နှာလေးထက် ပန်းသွေးရောင်ပြေးနေပါသော ပါးမို့မို့လေးနှင့်အတူ စင်ရော်တောင် မျက်ခုံးလေးနှင့်

Scanned by CamScanner

ထိုမျက်ခုံးလေးအောက်က မျက်တောင်ရှည်များဝန်းရံထားသည့် လှပစွန်းလက်လွန်းသည့် မျက်ဝန်းလှလှလေးတစ်စုံ။

နီသွေးသွေး ခပ်ထူထူနှုတ်ခမ်းအစုံကလည်း ဘာဆိုးဆေးမှ မကူပါဘဲ သွေးရောင်တွေလျှမ်းနေရသည့်အဖြစ်က မြင်ရသူဘဝင်ကို ခိုက်ချင်စရာ ရင်တုန်စရာပင်ဖြစ်သည်။

အလှတွေတစ်ခုချင်း ပေါင်းဆုံကာ သိပ်လှလွန်းနေပါသော သူမသည် ရှည်လျားသည့် ပိုးသားလိုဆံနွယ်ရှည်ကြီးများကိုလည်း ပိုင်ဆိုင်ထားသူဖြစ်၏။

အနီးကပဲ ကြည့်ကြည့်၊ အဝေးကပဲ ကြည့်ကြည့် ဘယ်သူမဆို သူမအလှကို နှစ်ခါပြန်လှည့်ကြည့်ကြမှာက သေချာပါသည်။

ခင်ဝတီအလှက ဒီမျှအထိ ဆွဲဆောင်မှုတွေကြောင့်လည်း သူမအနားတွင် သူမအချစ်ကို ရယူလိုသည့် ယောကျ်ားများ ရှိခဲ့ပါသည်။

သို့ပေမယ့် ခင်ဝတီ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ စိတ်ဝင်စားခြင်း မရှိခဲ့ပါ။ ဒီလိုနှင့် သူမ ကျောင်းပြီးခဲ့သည်။



ကျောင်းပြီးလို့မှ မကြာသေး။ ခင်ဝတီတစ်ယောက် အိမ်ထောင်ရေးဆိုသည့် စည်းဘောင်ကြီးထဲရောက်ရန် အဒေါ်ဖြစ်သူက ဖန်တီးလာခဲ့သည်။

ဖြစ်ချင်တာကိုဖြစ်အောင် လုပ်တတ်သော ဒေါ်ခင်ဖုန်းတင့်သည် ခင်ဝတီအား သူ ရွေးချယ်ထားသောလူနှင့် အိမ်ထောင်ချပေးရန် စီစဉ်လာသောကြောင့် ဖြစ်သည်။

တကယ်တော့ ခင်ဝတီသည် အိမ်ထောင်ရေးဆိုတာကို စိတ်ဝင်စားသူတစ်ယောက် မဟုတ်ပါ။

ထို့ကြောင့်လည်း သူမ ကျောင်းတက်စဉ်ကာလတစ်လျှောက်လုံးမှာ သူမအချစ်ကို ရယူပိုင်ဆိုင်ချင်သည့် အမျိုးသားများ၏အချစ်ကို ငြင်းဆန်ခေါင်းခါခဲ့သူဖြစ်သည်။

အခုတော့ မမျှော်လင့်ဘဲ အိမ်ထောင်ကျရတော့မည့်အဖြစ်။

အဒေါ်ဖြစ်သူ၏ အစီအစဉ်မို့ သူမအနေနှင့် ငြင်းဆန်အားမရှိပေမယ့် ခင်ဝတီလက်ထပ်ရမည့်သူ ဦးကောင်းကျော်ဆိုတာက သူမနှင့်သူ တခြားစီမို့ သူမအနေနှင့် ဘယ်လိုမှ လက်မခံနိုင်။

Book Sharing

Scanned by CamScanner

ဦးကောင်းကျော်ဆိုသည့်လူကို ဟိုအရင်က ခင်ဝတီ မတွေ့ဖူးခဲ့ပေမယ့် အဒေါ်ဖြစ်သူ ဒေါ်ခင်ဖုန်းတင့်ထံ မကြာခဏ လာနေတတ်သူတစ်ယောက်မို့ သူမ သိနေရခြင်းဖြစ်သည်။

ရိုဝေဝေမျက်ဝန်းများနှင့် ကြည့်တတ်သောဦးကောင်းကျော် သည် အသက်လေးဆယ်ကျော် ရှိနေပြီး အခုနောက်ပိုင်းမှာ အဒေါ်ဖြစ်သူထံ အမြဲလို လာနေတတ်သူလည်းဖြစ်သည်။

သူမကို မြင်လျှင် ဣန္ဒြေသိက္ခာမရှိတော့ဘဲ အမြဲတမ်း မျက်ဝန်းရိုဝေဝေကြီးတွေနှင့် ခင်ဝတီအား ကြည့်နေတတ်သူလည်း ဖြစ်သည်။

ဒီလိုလူမျိုးနှင့် တူမဖြစ်သူ သူမကို လက်ထပ်ပေးဖို့ စီစဉ် သော ဒေါ်ခင်ဖုန်းတင့်ကို ခင်ဝတီ နားမလည်ချင်ပါတော့။

ထို့အတူ အဒေါ်ဖြစ်သူ၏ အစီအစဉ်ကိုလည်း သူမ ဒီတစ်ခါ ဘယ်လိုမှ လက်မခံနိုင်ဖြစ်လာရသည်။

ဒါကြောင့်လည်း ဖြစ်ချင်ရာဖြစ်ဆိုသော ဆုံးဖြတ်ချက် တွေနှင့် ခင်ဝတီ လက်ထပ်ပွဲမတိုင်မီ ထွက်လာခဲ့ခြင်းဖြစ်သည်။

ယခုဆိုလျှင် ခင်ဝတီ ပျောက်သွားသည်ကို သိရှိပြီး အဒေါ်



ဖြစ်သူ ဒေါ်ခင်ဖုန်းတင့်တစ်ယောက် ဘယ်လောက်များ စိတ်ဆိုး ဒေါသဖြစ်နေမည်လဲ မသိပါ။

သူမ သိလည်း မသိချင်တော့။

ဒီလိုလူမျိုးနှင့်တော့ ခင်ဝတီ ဘယ်လိုမှ လက်မထပ်နိုင် ပါ။ အဒေါ်ဖြစ်သူ၏ စည်းကမ်းအမိန့်တွေအောက်မှာ တစ်သက်လုံး နေထိုင်လာတဲ့ သူမ၊ ဒီတစ်ခါတော့ သူမ စိတ်တိုင်းကျ ပြုမူခဲ့ လေပြီ။

ဒါကို အဒေါ်ဖြစ်တဲ့သူ စိတ်ဆိုးမည်ဆိုလျှင် ဆိုးပါစေ။ ခင်ဝတီ အားလုံးကို ဂရုမစိုက်ချင်တော့ပါ။

အတွေးများစွာဖြင့် တွေးတောရင်း ခင်ဝတီတစ်ယောက် မကြာမီ မျက်ခွံလေးများ မေးစင်းလာရကာ နှစ်နှစ်ခြိုက်ခြိုက်လေး အိပ်ပျော်သွားရပါတော့သည်။

ချောက်....

တံခါးဖွင့်သံနှင့်အတူ ရုတ်တရက် မင်းညီညွှတ်ဆိုသော သူကို တွေ့လိုက်ရသဖြင့် သူမမျက်ဝန်းလေးအစုံ ပြူးကျယ်ပိုင်းစက် သွားရလေသည်။

"အို…မင်းညီညွတ်၊ ရှင်…ရှင် ဘာလာလုပ်တာလဲ"

"အဟွန်း…ဘာလုပ်ရမှာလဲ၊ မင်းက ကိုယ်လက်ထပ်ထားတဲ့မိန်းမပဲ"

"အို…ရှင်နော်၊ ဘာတွေ ပြောနေတာလဲမင်းညီညွတ်၊ ရှင် ဝတီ့အနားမလာနဲ့ သိလား"

"မလာလို့ မရဘူး ဝတီ၊ မင်းဟာ ကိုယ့်မိန်းမ"

"အို"

ဒူးရှတောက်ပလွန်းသည့် အကြည့်များဖြင့် သူမကို စူးစူးရဲရဲကြည့်ပြီး အနားသို့ တရွေ့ရွေ့ကပ်လာသော မင်းညီညွတ်ကြောင့် ခင်ဝတီတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရင်သွားရသည်အထိ ရှက်စိတ်တွေနှင့်အတူ ကြောက်စိတ်တွေပါ ဝင်လာရသည်။

"ရှင်…ရှင် ဝတီအနား ကပ်မလာနဲ့နော်"

ပြောပြောဆိုဆို သူမအိပ်ရာထက်မှ ထလိုက်ပြီး သူ့ကိုရှောင်တိမ်းဖို့ ကြိုးစားလိုက်သည်။

"မင်း ဘယ်ကို သွားမလို့လဲ ဝတီ၊ မသွားရဘူး"

အနားသို့ ရောက်လာကာ ခင်ဝတီလက်ကလေးတစ်ဖက်



ကို ဖျတ်ခနဲ ဖမ်းယူအုပ်ကိုင်လိုက်တာကြောင့် နှစ်ဦးသား အရှိန်ဖြင့် မွေ့ရာကြီးပေါ် လုံးထွေးပစ်ကျသွားရသည်။

"အို….ရှင်· လွှတ်…လွှတ်နော်"

"မလွှတ်ဘူး၊ ဝတီဟာ ကိုယ့်မိန်းမ"

"ဖယ်…ဖယ် ရှင် ဝတီ့အသားကို မထိနဲ့နော်"

ရှက်လန့်တုန်လှုပ်စိတ်တွေနှင့် ခင်ဝတီ အော်လိုက်မိသည်။

"ညကြီးအချိန်မတော် ဘာလို့ အော်နေတာလဲ"

"အော်မှာပဲ၊ မအော်စေချင်ရင် ရှင် ဝတီ့အနားမလာနဲ့၊ ထွက်သွား ခုထွက်သွားပါ"

သူ့ရင်ခွင်ထဲကနေ ခင်ဝတီသည် ရှက်လန့်တကြား ရုန်းထွက်ပစ်လိုက်သည်။

"မထွက်ဘူး ဝတီ၊ မင်းဟာ ကိုယ်သိပ်ချစ်တဲ့ ကိုယ့်မိန်းမ"

"အို…မသိဘူး၊ ဖယ်…လွှတ်"

သူ့ရင်ခွင်ထဲတွင် မွန်းကျပ်စွာရှိနေရပါသော ခင်ဝတီသည် အင်အားရှိသမျှ သူ့ရင်ခွင်ထဲက ဇွတ်ဝိုးရုန်းထွက်ရင်း မျက်ဝန်းလေး

အစုံကို ဖျတ်ခနဲ ဖွင့်လိုက်သည်နှင့် မှန်ပြတင်းတံခါးမှတစ်ဆင့် တိုးဝင်လာရသော မပီပြင်သေးသည့် အလင်းရောင်တစ်ချို့ကို မြင်တွေ့လိုက်ရလေသည်။

ထိုအခါမှ သူမ အိပ်မက်မက်နေမှန်း သိလိုက်သည်။

ဘုရားရေ....

ဘယ်လို အိပ်မက်ပါလိမ့်။

ပါးလေးတွေ ရဲထွသွားရသည်အထိ ခင်ဝတီ ရှက်အားပိုသွားရသည်။ အင်း အိပ်မက်မို့လို့သာ တော်ပါတော့၏။ မဟုတ်ပါက ခင်ဝတီရှက်တာနှင့်ပင် သေမည်လားမသိ။

အပျိုစင်လေးရဲ့အိပ်မက်တွေက ရင်သိမ့်တုန်စရာအဖြစ်မို့ ခင်ဝတီခုချိန်ထိ ရင်ခုန်နှုန်းတွေ မပြေသေး။

ရှက်စိတ်နှင့် ဖောချွေးလေးတွေ ပြန်ချင်လာပြီ။ သွားမှန်းစရာကောင်းတဲ့ အိပ်မက်။

အိပ်မက်ကို ပြန်တွေးရင်းက လှပလွန်းသော သူမ မျက်နှာလေးက ရှက်သွေးတွေနှင့် ရဲရဲနီနေရပြီ။

ခင်ဝတီ အိပ်ရာထက်မှထကာ မျက်နှာသစ် ရေမိုးချိုး



လိုက်ပြီး အဝတ်အစား လဲလိုက်သည်။

မကြာပါ။ အခန်းတံခါးခေါက်သံကြောင့် ခင်ဝတီ အခန်းတံခါး ဖွင့်ပေးလိုက်သည်။

ချောမောတည်ကြည်သော မင်းညီညွတ် သူမအား အပြုံးနှင့် ဆီးကြိုနေသည်။

"ညက ကောင်းကောင်း အိပ်ပျော်ရဲ့လား ဝတီ"

မှိုမှိုပြည့်ပြည့် ခင်ဝတီမျက်နှာလေးကိုကြည့်ပြီး ကြင်နာမှုတွေနှင့် မင်းညီညွတ် မေးလိုက်တော့ ခင်ဝတီမျက်နှာလေး ရှက်သွေးတွေနှင့် ခေါင်းညိတ်ပြလေသည်။

ညက အိပ်မက်ကြောင့် အပျိုစင်လေး ခင်ဝတီခမျာ သူနှင့် မျက်နှာချင်းဆိုင်ရမှာကိုပင် ရင်မှာ ရှက်အားတွေပိုနေရလေသည်။

"အောက်ထပ်ကို ဆင်းကြရအောင်နော်၊ ကိုယ် အပြင်က စောင့်နေမယ်"

ခင်ဝတီ အခန်းထဲက ထွက်လာတော့ မင်းညီညွတ်သည် လသာဆောင်မှနေ အပြင်ကို ငေးကြည့်နေလေသည်။

သူ့နောက်ပါးမှ တိုးတိတ်သော ခြေသံလေးကြောင့်

Scanned by CamScanner

မင်းညီညွတ် အကြည့်တွေ နောက်သို့ ရောက်ရှိသွားတော့ ကြည်ပြာရောင်ဝတ်စုံလေးနှင့် အရမ်းလှနေပါသော ခင်ဝတ်ကို တွေ့လိုက်ရသည်။

သူ့အကြည့်တွေက သူမမျက်နှာလေးထက် စူးစူးစိုက်စိုက်နှင့် အချိန်အတော်ကြာ ရောက်ရှိသွားရလေသည်။

"ဝတီ"

"ရှင်"

မင်းညီညွတ် ခင်ဝတီမျက်နှာလေးကို ခပ်စူးစူးကြည့်နေသည်မို့ ခင်ဝတီ မနေတတ်တော့သလို ဖြစ်သွားရသည်။

သူ့အကြည့်တွေက သူမ စိတ်ထင်လို့ပဲလားမသိ။ အကြည့်တွေက နွေးထွေးနေသလို ခံစားရသည်။

ရင်မှာ လိုက်ခနဲ ခုန်သွားရသော ရင်ခုန်ခံစားမှုတွေနှင့် ခင်ဝတီ သူ့ကို ဖျတ်ခနဲကြည့်လိုက်ရင်း

"အစ်ကို ဝတီ့ကို ဘာပြောချင်လို့လဲဟင်၊ ပြောလေ"

အကြည့်စူးစူးကြောင့် သူမ၏ နှလုံးသားလှုပ်ခါသွားရသလို နှုတ်ခမ်းဖျားမှ အသံကလေးကလည်း ရှက်စိတ်တွေကြောင့် တုန်ခါ



နေရသလို။

"ဝတီ ဒီမှာခဏနေခဲ့ပါ၊ ကိုယ် ဒီနေ့ မြို့ကို ပြန်မယ်၊ ဝတီနဲ့ပတ်သက်တဲ့ကိစ္စတွေကို ကိုယ် သေသေချာချာ စုံစမ်းလိုက်ဦးမယ်"

"အဓိက ကတော့ ဝတီ အိမ်က ဘယ်မှ ထွက်မသွားဖို့ပဲ၊ အဲဒီကတိ ဝတီ ကိုယ့်ကို ပေးဖို့လိုတယ်၊ ဝတီ ပေးနိုင်တယ် မဟုတ်လား"

ခင်ဝတီ မင်းညီညွတ် မျက်နှာကိုသာ ငေးကြည့်မိလိုက်သည်။ သူသည် သူမ ထွက်သွားမှာကို စိုးရိမ်နေသလို ခုချိန်မှာ သူမတွင်လည်း သွားစရာမြေ မရှိပါ။

"ဝတီ ကတိပေးပါတယ် အစ်ကို၊ အစ်ကို မသိဘဲ ဝတီ အိမ်ကနေ ထွက်မသွားပါဘူး"

"ကျေးဇူးပဲကွာ၊ အစ်ကို ဝတီအတွက် စိုးရိမ်တယ်"

"အစ်ကိုရယ် ဝတီကို ခုလို အစစအရာရာ ကူညီနေတဲ့ အစ်ကို့ကို ဝတီ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး၊ အစ်ကို့ကျေးဇူးတွေက ဝတီအပေါ် သိပ်များနေပါပြီရှင်"

Scanned by CamScanner

ခင်ဝတီစကားက မင်းညီညွတ်နှလုံးသားကို ကရုဏာများစွာ သက်သွားစေရသည်။

တကယ်တော့ ခင်ဝတီကို သူ သိပ်ချစ်ပါသည်။ ခင်ဝတီ အပြုအမူလေးတွေက မင်းညီညွတ်၏ အချစ်များကို ဖွင့်ဟ ပေါက်ကွဲစေနိုင်ပေမယ့် သူ့အနေနဲ့ စောင့်စည်းရမည့်အကြောင်းအရာများကြောင့် ရင်မှာပေါက်ကွဲချင်နေရသည့် အချစ်များကို ရင်မှာ မျိုသိပ်ထားရင်း သူမလေးကိုသာ အရိပ်လို သူ ကြည့်နေမိသည်။

တကယ်တမ်း သူ့ရင်ထဲက ဆန္ဒအစစ်အမှန်ကတော့ သူမလေးကို သူ တစ်ခါတည်းသာ လက်ထပ်လိုက်ချင်ပါတော့၏။

ချစ်သူလေးနှင့် နှစ်ကိုယ်တူ ဘဝတစ်ခုကို သူ တည်ဆောက်လိုပေမယ့် လက်တွေ့မှာတော့ သူ့ရင်ထဲကအဖြစ်များကို မျိုသိပ်ထားလျက်သာ။

ဒါကို ချစ်သူလေးလည်း သိနိုင်မည်မဟုတ်။

သူ့မှာသာ ရင်ထဲ တစ်ဖက်သက်ဝေဒနာခံစားမှုတွေဖြင့် အချစ်စိတ်တွေ မွန်းမွန်းကျပ်ကျပ် ရင်မှာပေါက်ကွဲမတတ် ဖြစ်နေရသည့်အဖြစ်။



ခင်ဝတီနှင့် သူ့ဆိုတာက အခုမှ နီးနီးကပ်ကပ် ရင်းနှီးပတ်သက်ခွင့် ရတဲ့သူ။ ထို့အပြင် ခင်ဝတီမှာလည်း သူ့ကိုယ်တိုင် သိခွင့်မရသေးသော ပြဿနာတွေနှင့်။

ဒုက္ခရောက်နေသူလေးတစ်ဦးကို တာဝန်ယူကူညီနေသော သူ့ကိုယ်တိုင် ရင်ထဲက မရိုးမသား အချစ်တွေကို အခုလိုအချိန်မှာ ရင်ဖွင့်ပေါက်ကွဲမိလျှင် မင်းညီညွတ်ကို အခွင့်ရေးသမားတစ်ယောက်အဖြစ် ခင်ဝတီ အထင်အမြင်လွဲသွားမှာကို သူ ကြောက်လှပါသည်။

ထို့အတူ ချစ်သူလေး သူ့မိဘ သူ့အရိပ်အောက်က ပျောက်သွားမှာကိုလည်း မင်းညီညွတ် အဖြစ်မခံနိုင်။

"ကိုယ် ဝတီ့ကတိကို ယုံကြည်တယ်၊ ဝတီ ကိုယ့်မသိဘဲ၊ တခြားဘယ်ကိုမှ မသွားဘူးဆိုတာ ကိုယ် ယုံကြည်တယ် ဝတီ၊ ကိုယ် ယုံကြည်ပါတယ်"

ထိုစကားကို သူ့စိတ်ထဲ လေးလေးနက်နက် ဆိုရင်း ချစ်သူမျက်နှာကိုသာ တမ်းတလွမ်းမောသည့်အကြည့်တွေနှင့် ကြည့်လိုက်ပါတော့သည်။

ဪ…အခြေအနေတွေ မပေးသေးတော့လည်း ချစ်သူ

Book Sharing

Scanned by CamScanner

လေးနှင့် ခွဲရပေဦးမည်ပဲလေ။

ရင်ထဲမှာတော့ သူမလေးအား "သိပ်ချစ်သည်" လို့ ဆိုနေလိုက်ပါသည်။

□ □ □

## အခန်း (၆)

"အေးလေ အလုပ်ကိစ္စက အရေးကြီးတယ်ဆိုတော့လည်း သား ပြန်လာမှပဲ သားတို့မင်္ဂလာကိစ္စကို စီစဉ်ကြတာပေါ့"

မာမီ ဒေါ်စိမ်းဝေ၏ စကားကြောင့် သူ အသက်ရှူ အနည်းငယ် ချောင်သွားရသလို။

"သမီးရော ဘယ်လိုသဘောရလဲ"

မာမီက ခင်ဝတီမျက်နှာလေးကိုကြည့်ရင်း မေးလိုက်တော့ သူမမျက်နှာရဲရဲလေးနှင့် မျက်လွှာလေးချကာ

"ဝတီ မပြောတတ်ပါဘူး မာမီ၊ မာမီတို့နဲ့အစ်ကို ကောင်းသလိုသာ ကြည့်စီစဉ်ပါ"

"အင်း မာမီကတော့ ဖြစ်နိုင်ရင် သားနဲ့သမီးမင်္ဂလာပွဲကို

အမြန်ဆုံး စီစဉ်လိုက်ချင်တာပဲ၊ သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်တောင် အကျဉ်းချုံးပြီး စီစဉ်တာမျိုးပေါ့၊ မင်္ဂလာဧည့်ခံပွဲကိုတော့ သားတို့ ကြိုက်တဲ့နေရာမှာပဲ လုပ်ကြ"

"ဖြည်းဖြည်းပေါ့ မာမီ၊ အချိန်တွေ ရှိပါသေးတယ်၊ အခု သား ခွင့်လည်း သိပ်မရဘူး၊ ဒီကိစ္စကို အချိန်ယူပြီး လုပ်ကြတာပေါ့"

"ဒါဆိုလည်း သားတို့သဘောပဲလေ၊ မာမီကတော့ မာမီ့ ချွေးမလေးကို မျက်နှာမငယ်စေချင်ဘူး၊ ဒါပေမဲ့ သားတို့သမီးတို့ သဘောပါ"

မင်းညီညွတ်မှာ သူ့အကြောင်းနဲ့သူမို့ မာမီ့ကို ပြောရာ ပြောကြောင်းစကားတွေ၊ နှစ်သိမ့်စကားတွေဆိုရင်း မျက်နှာနွမ်းနွမ်း လေးနှင့် ခင်ဝတီကိုသာ ရင်မှာ သနားချစ်ခြင်းတွေနှင့် ကြည့်နေလိုက်သည်။

ခင်ဝတီအဖို့ရာမှာလည်း သူမအဖြစ်က ဘယ်လိုစဉ်းစားစဉ်းစား သူမ ရှေ့ဆက်ရမည့်ခရီးက ရင်မောရင်လေးဖွယ်ရာမို့ စိတ်ချမ်းသာစရာ မရှိခဲ့ပါ။



ဆိုးဝါးလှသည့် သူမအဖြစ်ကိုတွေးမိပြီး ခင်ဝတီ ရင်မှာ ဝမ်းနည်းစိတ်တွေနှင့် မျက်ရည်တွေဝဲတက်လာရသည်။

သူမအဖြစ်ကို မင်းညီညွတ် နားလည်ပါသည်။ နားလည် စိတ်နှင့်အတူ သူမမျက်နှာလှလှလေးကို အပြုံးနှင့်ကြည့်ရင်း

"ကိုယ် သိပ်မကြာပါဘူး ဝတီရယ်၊ ဝတီ မာမီတို့နဲ့ စိတ်ချမ်းချမ်းသာသာ နေပါ"

သူ့စကားကို ခေါင်းညိတ်ပြလိုက်သည်။ ခင်ဝတီပုံစံလေးက သနားစဖွယ်။ မင်းညီညွတ် သူမလေးကို ဘယ်လိုမှ စိတ်မချနိုင်တော့။

ခင်ဝတီဆိုတာ သူ့နှလုံးသားကို အနက်ရှိုင်းဆုံး ထိုးဖောက်နေရာယူလေပြီ။

မင်းညီညွတ် ဖြစ်လာသမျှ အခြေအနေပေါ်မူတည်ပြီး ခင်ဝတီအား မာမီတို့နှင့်အတူထားခဲ့ပြီး ကြည်စိမ်းလှဲခြံကြီးကို ပြန်လာခဲ့ရသည်။

အပြန်လမ်းတစ်လျှောက်လုံးတွင် ခင်ဝတီနှင့် သူ့အား ဆုံတွေ့ခွင့်ပေးသည့် ကံကြမ္မာအကြောင်းကို တွေးလာမိသည်။

Scanned by CamScanner

ခင်ဝတီ၏ ဘဝသည် တကယ်တမ်းတွေးကြည့်လျှင် သနားစရာဖြစ်သည်။ အဒေါ်ဖြစ်တဲ့ ဒေါ်ခင်ဖုန်းတင့်ကို သူ ကြည်စိမ်းလှဲ့မှာ နေစဉ်တုန်းကတော့ တစ်နေ့တစ်ခေါက် နှစ်ခေါက် ဆိုသလို သူ မြင်တွေ့ခဲ့ရပါသည်။

အဒေါ်နှင့်တူမသာဆိုသည် ရုပ်ရည်ချင်းက တခြားစီ ဖြစ်နေတာကိုလည်း သူ စဉ်းစားမရ။ ခင်ဝတီဆိုတာက မြင်ရသူ အားလုံးကို နှစ်ခါပြန် လှည့်မကြည့်ဘဲ မနေနိုင်အောင် ဆွဲဆောင် နိုင်လွန်းသည့် အလှပိုင်ရှင်တစ်ယောက်ဖြစ်ပေမယ့် အဒေါ်ဖြစ်တဲ့ ဒေါ်ခင်ဖုန်းတင့်ကတော့ သာမန်ရှုက်ကြမ်းရေကျိုသာရှိသူ။

ဒေါ်ခင်ဖုန်းတင့်သည် ခင်ဝတီဖခင်ဘက်က တော်စပ်သူ လား၊ သူမ မိခင်ဘက်က တော်စပ်သူလားဆိုတာကိုလည်း မင်းညီညွှတ် မသိပါ။

ခင်ဝတီ အပြောအရဆိုလျှင်တော့ ဒေါ်ခင်ဖုန်းတင့်သည် သူမငယ်စဉ်ဘဝထဲက သူမ၏ အဒေါ်တစ်ယောက်အဖြစ် သိခဲ့ခြင်း ဖြစ်သည်ဆိုတာပင်။

စည်းစနစ်ကြီးမားမှုကို မင်းညီညွှတ် နားလည်လက်ခံ



ပေမယ့် တူမအပျိုအချောအလှလေးကို ဦးကောင်းကျော်လိုလူမျိုးနှင့် လက်ထပ်ပေးဖို့ စီစဉ်ခဲ့သည့် ဒေါ်ခင်ဖုန်းတင့်၏ စိတ်ဓာတ်ကိုတော့ သူ နားလည်သဘောမပေါက်နိုင်ပါ။

ဘာကြောင့်များ ခင်ဝတီလို မိန်းကလေးနှင့် ဦးကောင်းကျော်ကို လက်ထပ်ပေးချင်ရပါသည်လဲ။

သူ ဘယ်လိုတွေးတွေး အဖြေက ရှိမလာခဲ့။ ဦးကောင်းကျော်ဆိုတာက အသက်လေးဆယ်ကျော်၊ အရက်သောက် သလို မိန်းကလေးကိစ္စမှာလည်း ကင်းရှင်းမည့်သူ မဟုတ်။

အတွေးတွေ့နှင့်ပင် စဉ်းစားရင်း မင်းညီညွှတ် ကြည်စိမ်းလှဲ့ ကို ရောက်လာခဲ့ရသည်။

ရောက်ရောက်ချင်း ဆောက်နဲ့တွင်းဆိုသလိုပင် ဆေးရုံမှ လုပ်ငန်းတာဝန်များ ပြီးနောက် ကြည်စိမ်းလှဲ့သို့ ပြန်လာသည့်အခိုက် မှာပင် သူ့ကားရှေ့သို့ ရုတ်တရက်ဝိတ်ရပ်လာသော ကားတစ်စီး ကြောင့် မင်းညီညွှတ် ကားဘရိတ်ကို အမြန် ဖိနင်းလိုက်သည်။

"ကျွိ"

ကတ္တရာလမ်းမပေါ်တွင် မင်းညီညွှတ်ကားလေးမှာ အနှံ့

ဖြင့် ဘာရိတ်အုပ်လိုက်မှုကြောင့် တုံ့ခနဲ ရပ်သွားရသည်။

သူ့ကားရှေ့တွင် အနက်ရောင်ကားအကောင်းစားတစ်စီး ပိတ်ရပ်နေသည်ကို တွေ့ရတော့ မင်းညီညွတ် မျက်ပုံးကြီးအစုံ ပင့်တက်သွားရသည်။

ဒါ ဘာသဘောပါလဲ။

ဒီကားသည် သူ သွားမည့်လမ်းရှေ့ ဘာကြောင့် ပိတ်ရပ် ရပါသည်လဲ။ မင်းညီညွတ် နားမလည်နိုင်တော့။ ထိုစဉ် ကားပေါ်မှ လူသုံးယောက်ဆင်းလာသည်ကို တွေ့ရလေသည်။

"မိတ်ဆွေက ဒေါက်တာမင်းညီညွတ် ကင်တယ်"

ရှေ့ဆုံးမှ အသက်လေးဆယ်ကျော်ခန့် လူတစ်ဦးက သူ့ကို မေးလာသဖြင့် သူ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားတို့ ဘာသဘောနဲ့ ဒီလို လုပ်ရတာလဲ၊ ခင်ဗျားတို့နဲ့ကျုပ် ဘာရန်ငြိုးရန်စ ရှိနေလို့လဲ"

"သိပ်လည်း ဒေါသကြီးမနေပါနဲ့ ဒေါက်တာ၊ ဒေါက်တာကို ကျုပ်တို့က သိချင်တာလေး မေးချင်လို့ပါ၊ ဒေါက်တာ အမှန်အတိုင်း ဖြေရင်တော့ ကျုပ်တို့နဲ့ဒေါက်တာကြားမှာ



ပြေလည်နိုင်စရာရှိပါတယ်၊ တကယ်လို့ ဒေါက်တာက အမှန်ကို မပြောဘူးဆိုရင်တော့ ဟဲ…ဟဲ…ဟဲ"

မနိုးမခန့် အရယ်အပြုံးတွေနှင့်အတူ လူမိုက်ဆန်ဆန် ဆိုလာသော စကားများကြောင့် မင်းညီညွတ် ဒေါသဖြစ်သွားရ ပေမယ့် ထိုသူတွေကို သူ တစ်ခါမှလည်း မမြင်တွေ့ဖူးသေးပါ။

ကားလမ်းပေါ် လူကရှင်းနေပြီး လူသွားလူလာကလည်း ပြတ်တောက်နေသဖြင့် သူတို့အဖြစ်အပျက်ကို ဘယ်သူမှ သတိ မထားမိပါ။

"ကဲ ပြော၊ ခင်ဗျားတို့ ဘာသိချင်တာလဲဆိုတာ"

"ခင်ဝတီဆိုတဲ့ မိန်းကလေးကို ဒေါက်တာကားနဲ့ ခေါ်သွားတယ်လို့ ကျုပ်တို့ သိထားတယ်၊ အဲဒါ သူ့ကို ဘယ်ခေါ် သွားလည်း ကျုပ်တို့ သိချင်တယ်"

"အဟွန်း…သေချာလို့ချည်လား၊ ဒီမှာ ကိုယ့်လူ၊ ခင်ဗျား စကားတွေက သေချာရဲ့လား၊ ကျုပ် ဘယ်မိန်းကလေးကိုမှ ခေါ်မသွားဖူးဘူး၊ ကဲ ခင်ဗျားကား ကျုပ်ရှေ့က ဖယ်ပေးပါ"

"မဖယ်နိုင်ဘူး ဒေါက်တာ၊ ကျုပ်တို့ သိချင်တာကို

Scanned by CamScanner

ပြေပြီးမှ ဒေါက်တာ သွားခွင့်ရှိမယ်၊ ဒီမှာ ကျုပ် ရှင်းရှင်းလင်းလင်းပဲပြောမယ်၊ ကျုပ်က ဒီမြို့မှာ အပ်ကျတာကအစ သိတယ်၊ ဒေါက်တာနဲ့ ခင်ဝတီ ပါသွားတယ်ဆိုတာ ကျုပ်တို့ သတင်းအတိအကျ ရထားပြီးပြီ''

''ဒီမှာ ကိုယ့်လူ၊ ခင်ဗျား ဘယ်လိုလူလဲ၊ ကျုပ် ဘယ်မိန်းကလေးကိုမှ ခေါ်မသွားဘူးလို့ ပြောပြီးပြီမဟုတ်လား''

''ဒေါက်တာ ဒီလိုသာ ငြင်းနေမယ်ဆိုရင်တော့ ဒေါက်တာရဲ့ အနာဂတ်ဟာ လှပနိုင်လိမ့်မယ် မထင်ဘူးဆိုတာ ဒေါက်တာသိစေချင်တယ်''

မင်းညီညွတ်မှာ သူ့အား ခြိမ်းခြောက်စကားတွေ ဆိုလာသောသူကို မျက်ဝန်းတည်တည်တွေနှင့် စေ့စေ့ကြည့်လိုက်သည်။ သည်နောက် အံကို ကြိတ်လိုက်ကာ

''ခင်ဗျား ခြိမ်းခြောက်တိုင်း ကျုပ်က ကြောက်လိမ့်မယ်လို့များ ခင်ဗျားထင်နေလား''

သူ့စကားကြောင့် ထိုလူ မျက်နှာတစ်ချက်မဲ့သွားရပြီး

''ကျုပ် ဒေါက်တာနဲ့ ပြေပြေလည်လည်ပဲ ဖြစ်ချင်တယ်၊



ဒေါက်တာ ပြောပါ၊ ခင်ဝတီကို ဒေါက်တာ ဘယ်ကိုခေါ်သွားလဲဆိုတာကို ပြောပြပါ၊ ဒါဟာ ဒေါက်တာအတွက် အပန်းကြီးတဲ့ကိစ္စ မဟုတ်ဘူးလို့ ကျုပ်ထင်တယ်''

ခင်ဝတီနှင့်ပတ်သက်ကာ မရအရမေးနေသော လူတွေကိုကြည့်ပြီး ခင်ဝတီနှင့်ပတ်သက်သည့်ကိစ္စမှာ ခပ်ပေါ့ပေါ့တွေး၍ မရတော့မှန်း သူ နားလည်လိုက်သည်။

''ကျုပ် စကားကို နှစ်ခါမပြောဘူး၊ ဘယ်မိန်းကလေးကိုမှ ကျုပ် ခေါ်မသွားဖူးဘူး''

''ကောင်းပြီလေ၊ ဒေါက်တာက ဒီလောက် ငြင်းနေမှတော့ ကျုပ် ဘာတတ်နိုင်တော့မှာလဲ၊ ဒေါက်တာက ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးနေတာကိုး''

''အေးလေ၊ နောက်တော့မှ ဒေါက်တာ နောင်တမရပါနဲ့''

''ခင်ဗျားတို့ပြောချင်တာ ဒါပဲဆို ကျုပ်ရှေ့က ခင်ဗျားတို့ကားကို ဖယ်လိုက်ပါ''

မကျေနပ်သည့်အကြည့်တွေကို မင်းညီညွတ် ဂရုမစိုက်

Book Sharing
Scanned by CamScanner

တော့ပါ။ သူ့ကားရှေ့မှ ကားဖယ်လိုက်သည်နှင့် မင်းညီညွတ် သူ့ကားကို မောင်းထွက်လာခဲ့လိုက်သည်။

ခင်ဝတီ ဘယ်မှာရှိသည်ဆိုတာ ဒီလူတွေကို သူပြောပြလို့ မဖြစ်ပါ။ ပြီးတော့ ဒီလူတွေ ဘယ်သူဆိုတာကိုလည်း သူ သိချင်နေရသည်။

ဒါကြောင့်လည်း သူမနှင့်ပတ်သက်ကာ သူ လျှို့ဝှက်ထားခဲ့ခြင်းဖြစ်သည်။ ပြောရလျှင် ဒီလူတွေကို မယုံကြည်ပါ။ ကြည့်ရတာ လူမိုက်တွေလိုလို၊ လူရမ်းကားပုံတွေမို့ ခင်ဝတီနှင့် ပတ်သက်ပြီး သူ နည်းနည်းမှ စိတ်မချနိုင်။

ထိုလူများသည် ဘာကြောင့် ခင်ဝတီကို အသည်းအသန် ရှာဖွေနေရပါသည်လဲ။ ခင်ဝတီနှင့် ထိုလူများ၏ပတ်သက်မှုသည် ဘယ်လိုရှိနေရသည်လဲဆိုတာတွေပါ မင်းညီညွတ် မစဉ်းစားတတ်အောင် ဖြစ်လာရသည်။

ဘယ်လိုပဲဖြစ်ဖြစ် ထိုလူများ၏ ပုံစံများကို ကြည့်ခြင်းအားဖြင့် ခင်ဝတီအတွက် အန္တရာယ်က ရှိနေပြီဖြစ်ကြောင်း သူ ရိပ်မိလိုက်သည်။



အတွေးများနှင့် မင်းညီညွတ် ကြည့်စိမ်းလှဲခြံထဲသို့ ရောက်ခဲ့သည်။

"ဘယ်လို…အစ်ကိုလေး၊ ဒီလူတွေက အစ်ကိုလေးကို ပြဿနာရှာတယ် ဟုတ်လား၊ ဟာ ဒါ လုံးဝမဖြစ်သင့်တဲ့ကိစ္စပဲ၊ ခင်ဝတီပျောက်သွားတာနဲ့ အစ်ကိုလေးကို သူတို့ ဒီလိုဆက်ဆံစရာလား"

အေးမောင်မှာ သူ့စကားကို နားထောင်ပြီးနောက် မကျေနပ်စွာ ပြောလိုက်သည်။

ခင်ဝတီနှင့်ပတ်သက်သည့် ကိစ္စအားလုံးကို မင်းညီညွတ် အေးမောင်အား အသိပေးထားပြီးဖြစ်သည်။ ခင်ဝတီအတွက် အကောင်းဆုံးအဖြေတစ်ခုကို အေးမောင်နှင့်အတူ စဉ်းစားရင်းက ထိုလူများ၏လုပ်ရပ်ကို အေးမောင် မကျေနပ်စွာ ဆိုလိုက်ခြင်းဖြစ်သည်။

"အဲဒီလူသုံးယောက်က ဘယ်လိုပုံစံတွေလဲ အစ်ကိုလေး၊ ဘာပဲဖြစ်ဖြစ် ဒီလူတွေက ဒေါ်ခင်ဖုန်းတင့်နဲ့ တစ်နည်းနည်း ပတ်သက်နေမှာပဲ"

"အေးကွာ မင်းပြောသလို ငါလည်း စဉ်းစားမိပါတယ်၊ ဒါပေမဲ့ ငါ တွေးမိတာက သူတို့ ဘာကြောင့် ခင်ဝတီနဲ့ပတ်သက်ပြီး ဒီလောက် အသည်းအသန် ဖြစ်နေရတာလဲဆိုတာ"

မင်းညီညွှတ်ပြောရင်းက သူ ရင်ဆိုင်တွေ့ခဲ့ရသည့် လူတွေ၏ ပုံစံကိုပါ အေးမောင်အား ပြောပြလိုက်သည်။

"အဲဒီလူမျိုးနဲ့ ပုံစံဆိုရင်တော့ ဒေါ်ခင်ဖုန်းတင့်ခြံမှာ ကျွန်တော်တွေ့ခဲ့ရတဲ့လူတွေပဲ ဖြစ်လိမ့်မယ် အစ်ကိုလေး"

"ဒေါ်ခင်ဖုန်းတင့်နဲ့ ဘယ်လိုပတ်သက်နေမှန်း ကျွန်တော် မသိပေမယ့် အဲဒီလူပုံစံတွေကိုတော့ ကျွန်တော် မှတ်မိနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ဒေါ်ခင်ဖုန်းတင့်ခြံကို အမြဲတမ်း ဝင်ထွက်နေလို့ ကျွန်တော် သတိထားမိတာ"

"ခင်ဝတီနဲ့ပတ်သက်ပြီး ရှုပ်ထွေးတဲ့ပြဿနာတော့ တစ်ခုခု ရှိလိမ့်မယ်၊ ခင်ဝတီသာ ငါ့အိမ်မှာရှိနေတာ သူတို့ သိသွားရင် ပြဿနာက ပိုပြီး ရှုပ်ထွေးသွားနိုင်သလို ခင်ဝတီ အတွက်လည်း အန္တရာယ်က ပိုပြီး နီးကပ်လာနိုင်တယ်"

"အစ်ကိုလေးပြောတာ ဟုတ်တယ်၊ သူတို့ဘက်က



ခင်ဝတီနဲ့ပတ်သက်ပြီး ဒီလောက်ဖြစ်နေမှတော့ သူတို့မှာလည်း အကြံအစည်တစ်ခုခုတော့ ရှိနေရလိမ့်မယ်၊ တကယ်တမ်း ရိုးရိုး သားသားဆိုရင် ဒီလူတွေ ဒီလောက်ထိဖြစ်စရာ အကြောင်းမရှိဘူး"

အေးမောင်စကားတွေ မှန်ပါသည်။ ဒေါ်ခင်ဖုန်းတင့်မှာ ခင်ဝတီနှင့်ပတ်သက်ပြီး လျှို့ဝှက်ချက်တစ်ခုခု ရှိနေသည်လား။

ဘာကြောင့်များ ဒေါ်ခင်ဖုန်းတင့်နှင့် ပတ်သက်နေသည့် လူတွေသည် သူ့အား ဒီလိုဆက်ဆံကြပါသည်လဲ။

"ဘယ်လိုပဲဖြစ်ဖြစ် သူတို့နဲ့ပတ်သက်ပြီး သတိတော့ ရှိမှဖြစ်လိမ့်မယ် အစ်ကိုလေး၊ ခင်ဝတီနဲ့ပတ်သက်ပြီး ကျွန်တော် တို့ကို သူတို့ဘက်က အလစ်ပေးမှာ မဟုတ်တော့ဘူး၊ အစ်ကိုလေး ခင်ဝတီကို ခေါ်သွားတာ သူတို့ဘက်က တစ်ယောက်ယောက် မြင်သွားပုံရတယ်"

အေးမောင်ပြောသလို ခင်ဝတီနှင့်ပတ်သက်ပြီး ပြဿနာ က တစ်စထက်တစ်စ ပိုမိုနက်ရှိုင်းလာရပြီဖြစ်သည်။

ခင်ဝတီနှင့်ပတ်သက်ကာ သူ ပြဿနာရင်ဆိုင်ရပြီး နောက်ပိုင်း ဒေါ်ခင်ဖုန်းတင့်ရှိရာ တစ်ဖက်ခြံကြီးကို သူနှင့်အေးမောင်

Scanned by CamScanner

ပိုပြီး ဂရုစိုက်လေ့လာနေရတော့သည်။

ဒေါ်ခင်ဖုန်းတင့်နှင့်ပတ်သက်သမျှ အကြောင်းတွေကိုလည်း သူ တတ်နိုင်သလောက် စုံစမ်းနေရတော့သည်။ ဒေါ်ခင်ဖုန်းတင့်သည် ဒီမြို့မှာ အခြေချနေထိုင်လာခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်သော်လည်း တကယ်တမ်း ဒေါ်ခင်ဖုန်းတင့်၏ စစ်မြစ်ကို ဘယ်သူမှ သေသေချာချာ မသိကြပါ။

ရန်ကုန်ကလိုလို၊ မန္တလေးဘက်က လိုလိုနှင့်ပင် ဒီမြို့မှာ ဒေါ်ခင်ဖုန်းတင့် အခြေချနေထိုင်ခဲ့ခြင်းဖြစ်သည်ကို သိကြသည်။

သို့သော် ဒေါ်ခင်ဖုန်းတင့်သည် ဒီမြို့မှာတော့ အချမ်းသာဆုံးသူ တစ်ယောက်ပင်။

ပတ်ဝန်းကျင်နှင့် သိပ်အဆက်အဆံမရှိ၊ ခပ်ကင်းကင်းနေတတ်သော ဒေါ်ခင်ဖုန်းတင့်မှာ မြို့၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင်တော့ ရှေ့မှဦးဆောင်ကာ ငွေကြေးသုံးစွဲလှူဒါန်းတတ်သည့် သတင်းကလည်း မြို့လေးမှာတော့ နာမည်ကြီးပါသည်။

ဒါပေမဲ့ ဒေါ်ခင်ဖုန်းတင့်သည် လူများနှင့် ဆက်ဆံတတ်သူတော့မဟုတ်။ ထို့ကြောင့် ဒေါ်ခင်ဖုန်းတင့်နှင့်ပတ်သက်ပြီး



အတွင်းရေးကိစ္စများကို သိသူ နည်းပါးလှသည်။

အလုပ်သမားတွေဆိုတာကလည်း စည်းစနစ်ကြီးသော ဒေါ်ခင်ဖုန်းတင့် လက်အောက်တွင် အလုပ်လုပ်နေရသူတွေမို့ ဒေါ်ခင်ဖုန်းတင့်အား ကြောက်ရွံ့ရိုသေမှုများဖြင့် ဘာသတင်းမှ စုံစမ်း၍ မရပါ။

စုံစမ်းလို့ရသလောက် ခင်ဝတီနှင့်ပတ်သက်ပြီး ဘာထူးခြားမှုမှ ရှိမနေခဲ့ပါ။

ခင်ဝတီဆိုတာက အဒေါ်ဖြစ်သူ ပေးစားသည့်ယောကျ်ားကို မယူလို၍ အိမ်မှ ထွက်ပြေးသွားသည့် အိမ်ပြေးမလေးအဖြစ် အကြမ်းဖျင်း သိထားကြသူတွေ။

တကယ်တမ်းဆိုပါမူ ထိုအကြောင်းအရာများထက် ပိုမိုနက်ရှိုင်းသည့် ပြဿနာတွေ ရှိနေသည်ဆိုတာ မင်းညီညွတ် သိပါသည်။ သို့ပေမယ့် သူကိုယ်တိုင်က အဖြေရှာမရနိုင်ခဲ့ပါ။

ခင်ဝတီနှင့်ပတ်သက်ပြီး မင်းညီညွတ်ထံသို့ ပြဿနာတစ်ခုံတစ်ရာ ရောက်မလာခင်မှာပင် သူ့အတွက် မမျှော်လင့်ပါပဲ ကံကောင်းစွာ ရန်ကုန်သို့ အလုပ်နှင့်ပတ်သက်သည့် သင်တန်း

သွားတက်ရှန် ဖန်လာခဲ့သည်။

"ဒါဆို အစ်ကိုလေး ရန်ကုန်က သင်တန်းသွားတက်ရဦးမှာပေါ့"

"အေးကွာ၊ တကယ်ဆို ငါ ခင်ဝတီနဲ့ပတ်သက်ပြီး ထပ်စုံစမ်းချင်သေးပေမယ့် အခြေအနေက မင်းမြင်တဲ့အတိုင်းပဲ၊ ဒီတော့ မင်းကိုပဲ ငါ တာဝန်ပေးခဲ့ရမှာပဲ၊ ဒေါ်ခင်ဖုန်းတင့်ခြံမှာ အခြေအနေတစ်ခုထူးတာနဲ့ ငါ့ဆီမင်း ဖုန်းဆက်ပေး ဟုတ်လား"

"စိတ်ချပါ အစ်ကိုလေး၊ ဒီကိစ္စ ကျွန်တော် တာဝန်ယူပါတယ်၊ ကျွန်တော် ဒီက အခြေအနေတွေစုံစမ်းပြီး အစ်ကိုလေးဆီကို ဖုန်းဆက်အကြောင်းကြားပါ့မယ်၊ အစ်ကိုလေး ရိပ်မိလား၊ ခင်ဝတီ အစ်ကိုလေးလက်ထဲမှာ ရှိတယ်ဆိုတာ သူတို့ သိတော့ သိပေမယ့် သူတို့ သိထားတဲ့ သတင်းကလည်း ဝေဝေဝါးဝါး ဖြစ်နေပုံရတယ်၊ ဒါပေမဲ့ အစ်ကိုလေး သတိတော့ထားပါ"

"ကျေးဇူးပဲကွာ၊ မင်းလည်း သတိထားပြီးနေပါ အေးမောင်"

"စိတ်ချပါ အစ်ကိုလေး၊ အစ်ကိုလေးသာ ရန်ကုန်ကို



စိတ်အေးလက်အေး သွားပါ"

ကံဇာရားက မင်းညီညွတ်အတွက် ကံကောင်းသည့် အချိန်လို့ ပြောရမည်ဖြစ်သည်။

ချစ်သူလေးနှင့် ပြန်ဆုံရဖို့ သူ့အတွက် ကံဇာတ်ဆရာကပင် ဖန်တီးလာခဲ့သည်ပဲ။

ခင်ဝတီဆိုသော နုနုနယ်နယ် မိန်းမသားလေးထံတွင် မမြင်နိုင်သည့် အန္တရာယ်တွေ ရှိနေသည်ဆိုတာ မသိသေးသည့် ခင်ဝတီကိုလည်း မင်းညီညွတ် သနားကြင်နာစိတ်တွေနှင့်သာ အချစ်တွေ တိုးနေရပါတော့သည်။

□ □ □

Scanned by CamScanner

## အခန်း (၇)

"ဘယ်လို...အစ်ကို၊ အစ်ကို ပြန်ရောက်တာနဲ့ သူတို့က ဒီလို လုပ်ကြတယ်၊ ဟုတ်လား အစ်ကို"

"ဟုတ်တယ် ဝတီ၊ ကိုယ်လည်း အစက ဘာကိစ္စမှန်းတော့ မသိဘူး၊ ဝတီကိုမေးတော့မှပဲ ဝတီနဲ့ပတ်သက်တယ်ဆိုတာ အစ်ကို သိတာ"

မင်းညီညွတ်ပြောပြသော စကားများကြောင့် ခင်ဝတီ၏ လှပလွန်းသော မျက်နှာလေးမှာ ကွက်ခနဲပျက်သွားရသည်။

"ဝတီနဲ့ပတ်သက်ပြီး အစ်ကို အန္တရာယ်တွေနဲ့ ရင်ဆိုင်ရမှာ ဝတီ စိုးရိမ်တယ်"

စိတ်ထိခိုက်သွားရသည့် သူမပုံစံလေးကြောင့် မင်းညီညွတ်



Book Sharing

Scanned by CamScanner

ရင်မှာ ဘယ်လိုမှ မကောင်းနိုင်တော့ပါ။

ဖူးဥနုထွေး ချောမောလှပလွန်းရပါသော ခင်ဝတီ၏ မျက်နှာလေးတွင် အရွယ်နှင့်မမျှအောင် သောကဝေဒနာများ ဖိစီးနေရသည်မို့ မျက်နှာလေးက ညှိုးနွမ်းနေရ၏။

"ဒေါ်ခင်ဖုန်းတင့်နဲ့ပတ်သက်ပြီး ဝတီ စိတ်ထဲရှိတာတွေကို ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား"

"ဝတီစိတ်ထဲမှာ ဝတီရဲ့အဒေါ် ဒေါ်ခင်ဖုန်းတင့်ရဲ့ လုပ်ရပ်တွေကို နားမလည်တာကလွဲပြီး ဝတီ ဘာမှမပြောတတ်တော့ပါဘူး အစ်ကို"

"ဝတီရယ် ဝတီပြောတာတွေကို ကိုယ် နားလည်ပါတယ်ဗျာ၊ ဒေါ်ခင်ဖုန်းတင့်နဲ့ပတ်သက်ပြီး တစ်ချိန်မှာတော့ ဝတီ စိတ်တွေ ရှင်းလင်းသွားမှာပါ၊ လောလောဆယ်တော့ ခုကိုယ်တို့ ကြုံတွေ့နေရတဲ့ ပြဿနာကို ဘယ်လိုလုပ်ကြမလဲဆိုတာ စဉ်းစားကြရအောင်"

"ဝတီတို့ ဘာလုပ်ကြမလဲ အစ်ကို"

မင်းညီညွတ်၏မျက်နှာကို မော့ကြည့်ရင်း ကလေးတစ်ယောက်လို အားကိုးတကြီး မေးနေသော ဝင်းဝင်းပပ လှပလွန်းသည့် ခင်ဝတီ၏မျက်နှာလေးကိုကြည့်ပြီး သူ ဘာပြောရမှန်းပင် မသိတော့။



တကယ်တော့ လောလောဆယ် သူတို့ကြုံတွေ့နေရသည့် ကိစ္စတွင် ခင်ဝတီလို မိန်းကလေးမပြောနှင့် သူ့လိုယောကျ်ားတစ်ယောက်ပင် ဘာလုပ်ရမှန်း မသိပါ။

"ဟူး"

မင်းညီညွတ် သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်လိုက်သည်။ သည်နောက် သူမမျက်နှာလေးကို ကြည့်ကာ

"ဝတီရယ် အခု လောလောဆယ်မှာတော့ ကိုယ်လည်း ဘာလုပ်ရမှန်း မစဉ်းစားတတ်တော့ဘူး၊ မာမီကတော့ ဒက်ဒီနဲ့ တိုင်ပင်ပြီး ကိုယ်တို့ရဲ့မင်္ဂလာကိစ္စကို အားချင်းစီစဉ်နေပြီ၊ ကိုယ်တို့ရဲ့ မင်္ဂလာပွဲဆိုတာ ကိုယ်လည်း ခုမှသိတယ်"

"ဒုက္ခပါပဲ အစ်ကိုရယ်၊ ဝတီတို့တော့ အပျက်အပျက်နဲ့ ဒုက္ခရောက်တော့မယ်နဲ့ တူပါတယ်၊ ဝတီတော့ စိတ်ညစ်တာပဲ"

"ကိုယ် ဝတီကို အရမ်းအားနာပါတယ်ဗျာ၊ ဝတီကို

Scanned by CamScanner

ကြည့်ချင်တဲ့ ကိုယ့်စေတနာက ဝေဒနာများ ဖြစ်ကုန်ပြီလား မသိပါဘူး''

''အို…ဒီလိုလည်း မဟုတ်ပါဘူး အစ်ကိုရယ်၊ ဖြစ်လာတဲ့ အခြေအနေတွေက ဘယ်လိုမှ မထင်ထားတဲ့ အဖြစ်တွေပဲ၊ နောက်ပြီး ခုလိုဖြစ်ရတဲ့အဖြစ်တွေအားလုံးဟာ ဝတီကြောင့်ပါ၊ ဝတီ ဒုက္ခပေးမိလို့ ခုလို ဖြစ်ရတာတွေပါ''

''အိုဗျာ…မဟုတ်တာ၊ ကိုယ့်ကိုယ်ကို အဲလို အပြစ်မတင်ပါနဲ့ ဝတီရယ်၊ ဝတီမှာ ဘာအပြစ်မှ မရှိပါဘူး''

ခင်ဝတီ မျက်နှာလေးကိုကြည့်ကာ မင်းညီညွတ်ရင်ထဲ မဖုံးဖိနိုင်သည့် အကြင်နာများ သူ့မျက်နှာချောချောကြီးတွင် ပေါ်လွင်နေရသည်။

''အစ်ကို''

''ဗျာ''

''အစ်ကို့မာမီက မင်္ဂလာပွဲ တကယ်လုပ်မှာတဲ့လား ဟင်''

''ဟုတ်တယ် ဝတီ၊ ကိုယ်လည်း ဒါကြောင့် စိတ်ညစ်



နေတာ၊ မာမီတို့က ကိုယ်တို့အတွက် မင်္ဂလာပွဲကို အားလုံးစီစဉ်နေတာ၊ မနက်ဖြန်ပဲ မင်္ဂလာပွဲလုပ်တော့မှာ၊ လူတွေကိုလည်း ဖိတ်ပြီးပြီတဲ့လေ''

''အို''

မင်းညီညွတ်စကားအဆုံးဝယ် ခင်ဝတီမှာ ဟန်မဆောင်နိုင်အောင် မျက်နှာပျက်သွားရသည်။ ဒီပုံစံအတိုင်းဆိုပါက ခင်ဝတီ အဖြစ်က ဘယ်လိုလုပ်ရမှန်းပင် မသိတော့။

''အစ်ကို ဝတီ တစ်ခုပြောချင်တယ်''

''ဘာလဲ ဝတီ၊ ပြောလေ''

''ဝတီ ခုချိန် ဒီကထွက်သွားရင် အားလုံးအတွက် အဆင်ပြေသွားလိမ့်မယ်ထင်တယ် အစ်ကို၊ ဝတီကို သွားခွင့်ပြုပါနော်၊ ဝတီ သွားပါရစေတော့''

''ဘယ်လိုပြောလိုက်တာလဲဗျာ၊ ဝတီ ခုချိန်မှ အိမ်က ထွက်သွားရင် ကိုယ်တို့မိသားစုအားလုံး ပတ်ဝန်းကျင်မှာ ဘယ်လိုမှ မျက်နှာပြရဲတော့မှာ မဟုတ်ဘူး၊ အားလုံး မျက်နှာပျက်ရလိမ့်မယ်၊ ဝတီ ဒါကိုရော စဉ်းစားမိရဲ့လား''

Scanned by CamScanner

ဟုတ်ပါရဲ့။ သူမ ဒါကို မစဉ်းစားမိခဲ့။ ခင်ဝတီ ဒီမှာ ဆက်နေဖို့ကလည်း အခက်၊ ထွက်သွားဖို့ရာကလည်း အခက်နှင့် အခက်တွေ့နေရတော့သည်။

"ဒီတစ်ခါတော့ ဝတီဆီက ကိုယ်ပြန်ပြီး အကူအညီ တောင်းတယ်လို့ပဲ သဘောထားပါ၊ ဘာပဲဖြစ်ဖြစ် ဝတီ ဒီက ထွက်မသွားပါနဲ့၊ မာမီတို့စီစဉ်ထားတဲ့ကိစ္စကိုတော့ ကိုယ့်ကို ကူညီတဲ့အနေနဲ့ လက်ခံပေးပါလို့ ကိုယ် တောင်းပန်ပါရစေ၊ ဒီကိစ္စက ဝတီမှမကူညီရင် ကိုယ်တို့တစ်မိသားစုလုံး အရှက်ကွဲရတော့မယ့် အဖြစ်၊ အထူးသဖြင့် မာမီ၊ မာမီ သိပ်ခံစားသွားရလိမ့်မယ် ဝတီ"

သူပြောတာ မှန်သည်။ ဒေါ်စိမ်းဝေသည် သူမတို့ မင်္ဂလာပွဲအတွက်နှင့်ပတ်သက်ကာ အရမ်းကို မျှော်လင့်ထားသည်ကို သူမ သိနေရသည်။ ဒီလိုအခြေအနေမှာ သူမထွက်သွားပြန်ရင်လည်း သူမသည် ကျေးဇူးမသိတတ်သည့်သူတစ်ယောက် ဖြစ်သွားမှာက မလွဲ။

ထွက်မသွားလို့ သူမ ဆက်နေပြန်ရင်လည်း တစ်ဖက်က သူမိဘတွေ စီစဉ်ထားသလို သူမ သူ့ကို လက်ထပ်ရတော့မည့်



အဖြစ်။

ခင်ဝတီအဖြစ်က ဘယ်လိုစဉ်းစားစဉ်းစား ရှေ့ဆက်ရမည့် ခရီးက ရင်လေးဖွယ်ရာပင်။

"ကိုယ်တောင်းတဲ့အကူအညီက ခင်ဝတီအတွက် မလွယ်ကူမှန်းလည်း ကိုယ်သိပါတယ် ခင်ဝတီ၊ ဒါပေမဲ့ ဝတီရယ်၊ ကိုယ် ကိုယ် ဝတီ့အပေါ် မတရားသလိုများ ဖြစ်နေပြီလားဗျာ"

ထိုစကားအတွက် ခင်ဝတီ အဖြေမရှိ နှုတ်ဆိတ်နေလိုက်သည်။ ဒီကိစ္စက မိန်းကလေးတစ်ယောက်အတွက် ဘဝတစ်ခုလုံးနှင့် သက်ဆိုင်နေရသည်ပဲ။

နှုတ်ခမ်းလေးကို ခပ်ဖွဖွကိုက်ကာ ခင်ဝတီ သူ့ကို ကြည့်လိုက်သည်။ သူမ အကြည့်ကို မင်းညီညွတ်သည် စူးစူးနင့်နင့် ပြန်ကြည့်ရင်း

"ဝတီ"

"ဝတီ မသွားတော့ပါဘူး အစ်ကို"

"ဟာ....ဝတီရယ်"

"ကျေးဇူး...ကျေးဇူးပါပဲဗျာ"

Scanned by CamScanner

မျက်နှာရဲရဲလေးနှင့် ခင်ဝတီ ခေါင်းလေးငုံ့သွားလေသည်။ ခုချိန်မှာတော့ သူမ မတတ်နိုင်တော့။ ဖြစ်လာသမျှ သူမအနေနှင့် ရင်ဆိုင်ရန်သာ ရှိတော့သည်ပဲလေ။

မင်းညီညွှတ်နှင့် ခင်ဝတီ မင်္ဂလာဧည့်ခံပွဲလေးက ထင်တာထက်ပင် ပို၍ စည်ကားစွာ ကျင်းပပြီးစီးသွားရသည်။

မိဘဆွေမျိုး အပေါင်းအသင်းတွေက လိုက်ဖက်လွန်းသည့် သူတို့နှစ်ဦးကိုကြည့်ပြီး ဝမ်းသာပီတိတွေ ဖြစ်နေချိန်မှာ သတို့သားဖြစ်သူ မင်းညီညွှတ်မှာလည်း ကျေနပ်ကြည်နူးပြုံးတွေနှင့် ကျိတ်ပျော်နေရလေသည်။

သိပ်လှနေသည့် ခင်ဝတီကို ရယူပိုင်ဆိုင်ခွင့်ရခဲ့သည့် အဖြစ်က သူ့အတွက် အိပ်မက်ပမာ။

"ဝတီရယ်"

သူ့ရှေ့က အဖြူရောင်သတို့သမီးလေးကိုကြည့်ပြီး မင်းညီညွှတ် ရင်တွေ ခုန်လာရသည်။ ရင်ခုန်ခြင်းတွေနှင့် အချစ်စိတ်တွေကလည်း တိုးနေရသည်။

ခင်ဝတီမှာ မင်းညီညွှတ်၏ အကြည့်စူးစူးကြီးတွေ



အောက်မှာ ရင်ခုန်ခြင်းတွေနှင့် အနေခက် ရှက်ရွံ့နေရသည့်အဖြစ်။ သူ့အကြည့်တွေကို ဘယ်လောက်ပဲ မသိဟန်ပြု လွှဲထားပါစေ။ သူမ မျက်ဝန်းထဲ သူ့ပုံရိပ်ကြီးက ထင်ဟပ်နေရသလို ရင်တွေလည်း အရမ်းခုန်နေရပါပြီ။

ရင်ခုန်ခြင်းတွေနှင့်အတူ ပြောင်းလဲသွားရသည့် သူမဘဝကို ခင်ဝတီမှာ အံ့သြနေရသည်။ ခုချိန်မှာ ခင်ဝတီဆိုတာ မင်းညီညွှတ်ရဲ့ ဇနီးသည်ဘဝ။

အတွေးတွေနှင့် ရင်မှာ စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရသည်။ တစ်ဆက်တည်း သူမအကြည့်လေးများက သူ့ထံကို ဖျတ်ခနဲ ရောက်ရှိသွားတော့

"အို"

"ဟောဗျာ"

"အဟွန်း…ဟွန်း…ဟွန်း"

အကြည့်သူခိုးလေး သူမ လူမိသွားရသည်မို့ ခင်ဝတီ အရမ်းကို ရှက်သွားရသည်။ ကြည့်စမ်း သူကလည်း သူမကို ကြည့်နေသည်တဲ့လား။

Scanned by CamScanner

အရှမ်းရှက်သွားသည့် ခင်ဝတီမျက်နှာလေးကို မြတ်နိုးရိပ်တွေနှင့် စိုက်ကြည့်ရင်း အပြုံးတွေနှင့် သူမနား မင်းညီညွတ် ရောက်လာကာ သူမလက်ကလေးကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး

"လာ ဝတီ"

"အို…ဘာလဲ အစ်ကို၊ လွှတ်ပါ"

ရှက်ရွံ့မှု တိုးလျှသံလေးနှင့် ခင်ဝတီ သူ့လက်ထဲမှ ရုန်းထွက်လိုက်သည်။

မင်းညီညွတ်ကတော့ မလွှတ်ပါ။ ရုန်းထွက်နေသည့် ခင်ဝတီလက်လေးကို ပိုဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး

"ဟိတ် မရုန်းနဲ့လေကွာ၊ ကိုယ်တို့ကို လူတွေကြည့်နေတယ်၊ အဝတ်အစားလဲရအောင်လို့ အပေါ်ထပ်သွားမလို့ ငြိမ်ငြိမ်လိုက်ခဲ့"

ခင်ဝတီ မရုန်းရဲတော့ပါ။

အသံလေးတိတ်လျက် သူ့နောက် ပါလာခဲ့ရသည်။

"အို"

အခန်းထဲရောက်သည်နှင့် သေချာစွာပြင်ဆင်ထားသည့်



မင်္ဂလာအိပ်ခန်းကြီးထက် နှစ်ယောက်အိပ်မင်္ဂလာ ခုတင်ကြီးကို တွေ့လိုက်ရတော့ ခင်ဝတီတစ်ကိုယ်လုံး ထူပူရှက်ရွံ့အနေခက်သွားရသည်။

"ဝတီ"

လှပသော ခင်ဝတီမျက်နှာလေးကို စူးစိုက်ကြည့်ရင်း ခေါ်လိုက်တာကြောင့် ခင်ဝတီ ရင်လေးတွေ ဖိုသွားရသည်။

"အို…အစ်ကို၊ ဝတီ…ဝတီ့အနား မလာပါနဲ့"

"ဘာဖြစ်လို့လဲ ဝတီ၊ ကိုယ်က…"

"ဟင့်အင်း…မသိဘူး၊ အစ်ကို ဝတီ့နား မလာနဲ့ဆို မလာပါနဲ့"

ရှက်ရွံ့နေရသော သူမက ကြောက်လန့်မှုတွေနှင့် ပြောလိုက်သဖြင့် မင်းညီညွတ် နားမလည်နိုင်အောင် ဖြစ်သွားရသည်။

နားမလည်မှုတွေနှင့် သူ သူမအနား ခြေတစ်လှမ်းတိုးသွားတော့ ခင်ဝတီမျက်နှာလေး ငိုမဲ့မဲ့ဖြစ်ရုံမက မျက်ရည်ဥတွေက ပါးပြင်ပေါ်သို့ဝင် ကျလာရသည်။

"အဟင့်…ဟင့်…ဟင့်"

Book Sharing

Scanned by CamScanner

"ဟာ…ဝတီ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲဟင်"

စိုးရိမ်မှုတွေနှင့် သူမအနား သူ တိုးကပ်သွားလေ ခင်ဝတီကလည်း နောက်သို့ ခြေတစ်လှမ်းဆုတ်လေနှင့်

"ဝတီ့အနား မလာပါနဲ့ဆို မလာနဲ့ပေါ့"

"ဝတီရယ်"

မျက်ရည်တွေနှင့် သိပ်လှသော သူမ ငိုရှိုက်နေသည်ကို ကြည့်ပြီး မင်းညီညွတ်ရင်မှာ နာကျင်မှုတွေနှင့် သူမအဖြစ်ကို သူ တဖြည်းဖြည်း နားလည်သလိုရှိလာရသည်။

ကြည့်စမ်း သူ၏ ချစ်သူလေးသည် ဘယ်လောက်များ ဖြူစင်လွန်းပါသည်လဲဆိုတာ။ ချစ်သူအပေါ် ချစ်ခြင်းတွေနှင့် မင်းညီညွတ် သနားမှုတွေ ဖြစ်သွားရသည်။

ဝတီ သူ့ကို အထင်လွဲနေပြီဆိုတာ မင်းညီညွတ်သိလိုက်တော့ စိတ်ညစ်ညစ်နှင့် ပြုံးချင်သွားရသည်။

"ကိုယ့်စကားကို ဝတီ နားထောင်ပါဦးဗျာ၊ ဝတီ ကိုယ့်အပေါ် အယုံအကြည်မရှိဘူးလား၊ ကိုယ် ဝတီ့ကို လက်ထပ်ခဲ့ပြီးပြီ၊ ဝတီနဲ့ကိုယ်…"



"အို…မပြောနဲ့"

"ဟင်"

ခင်ဝတီသည် သူ့စကားကို ရှေ့ဆက်မခံတာကြောင့် သူ ရယ်ချင်သွားရသည်။ သူ သိလိုက်ပါပြီ။ သူမလေး သူ့ကို အရမ်း ရှက်နေပြီဆိုတာ။

"ကောင်းပြီ၊ ဝတီမပြောနဲ့ဆို ကိုယ် ဒီအကြောင်း မပြောဘူး၊ ဒါပေမဲ့ ဝတီ ကိုယ့်ကို ယုံကြည်သင့်တယ်"

တည်ကြည်သော သူ့ရုပ်သွင်နှင့် လေးနက်လွန်းသည့် သူ့စကားတွေကြောင့် ခင်ဝတီ သူ့ကို အားနာသွားရပြန်သည်။

သူ့အပေါ် သူမ ဘာကြောင့် အယုံအကြည်ကင်းမဲ့သလို ဖြစ်သွားရပါသည်လဲ။ ရှက်စိတ်တွေက သူမအပေါ် ဒီလောက်ပဲ လွှမ်းမိုးသွားရသည်တဲ့လား။

သည်အတွက် ခင်ဝတီ မင်းညီညွတ်ကို အားနာမဆုံးနိုင်တော့ပါ။ သူ့ကို ကြည့်လိုက်တော့ မေးကြောကြီးတွေ ထောင်းထကာ တစ်စုံတစ်ရာအတွက် စိတ်ဝယ်ခံပြင်းနေရသလို နှုတ်ခမ်းကို ဖိကိုက်ထားလေသည်။

ဘုရားရေ

သူမ သူ့အပေါ် အရမ်းကို အထင်အမြင်လွဲမှားသွားခဲ့သည် ပါလားလေ။

"ဝတီကို ခွင့်လွှတ်ပါ အစ်ကို၊ ဝတီ . . . ဝတီ အစ်ကို့ အပေါ် အဲလို မဖြစ်သင့်ဘူးဆိုတာ သိရက်နဲ့ ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ ဝတီကို ခွင့်လွှတ်ပါနော်"

တောင်းပန်သူက တောင်းပန်နေပေမယ့် သူ့ရင်ထဲမှာတော့ မကောင်းနိုင်။ ချစ်သူလေး၏ အထင်အမြင်လွဲမှားမှုတွေက သူ့ရင်ကို နာကျင်စေရသည်ပဲ။

ဒါပေမဲ့ တစ်ဖက်ကလည်း သူမ ခံစားချက်တွေကို သိနေရသည်မို့ သူမအား အပြစ်မမြင်ရက်ဘဲ

"ဝတီရယ် အစ်ကို နားလည်ပါတယ်ဗျာ၊ အစ်ကို့ကို ဝတီ တောင်းပန်ဖို့ မလိုပါဘူး"

ခင်ဝတီမျက်နှာလေးကို ငုံ့မိုးစိုက်ကြည့်ရင်းက မင်းညီညွှတ် သည် ခပ်တိုးတိုး ဆိုလိုက်သည်။

"အစ်ကို"



"ပြောလေ ဝတီ"

"ဝတီကို အစ်ကို တကယ်ပဲခွင့်လွှတ်တယ်နော်"

သူမအား ခွင့်မလွှတ်မှာကို စိုးရိမ်နေဟန်လေးနှင့် ကလေး တစ်ယောက်လို စိတ်မချစွာပြောနေသော ချစ်ရသူလေးကိုကြည့်ပြီး စောစောက သူ ခံစားရသမျှတွေက ခဏချင်းပင် လွင့်စင် ပျောက်ကွယ်သွားရသည်။

မင်းညီညွှတ် သူ့ကိုယ်သူ သတိမထားမိခင်မှာပင် ခင်ဝတီ၏ ပါးမို့မို့လေးကို ကလေးတစ်ယောက်လို ချစ်စနိုး လိမ်ဆွဲလိုက်မိတော့ ခင်ဝတီသည် မျက်ဝန်းတောက်တောက် လေးနှင့် မျက်နှာလေးရဲသွားကာ သူ့အား အံ့သြသလို ကြည့်လာ လေ၏။

မင်းညီညွှတ် သူမကို ပြုံးပြလိုက်ရင်း

"ဒီတာကလည်းကွာ ကလေးကျနေတာပဲ၊ တိတ် အရှုံးမလေး၊ နောက်ကို အဲလိုမဆိုးနဲ့ သိလား"

ကလေးတစ်ယောက်ကို ချော့သလို ခင်ဝတီအား စိတ်ရှည်လက်ရှည်နှင့် ချော့နေသည့် မင်းညီညွှတ်ကြောင့် ခင်ဝတီ

Scanned by CamScanner

ရင်မှာ လှိုတ်ခနဲခုန်သွားကာ သူ့အပေါ် သူမ အထင်လွဲမိသည့် အဖြစ်အတွက် ရင်မှာ ရှက်အားနာတွေ ပိုသွားရသည်။

သူမ ရှက်နေမှန်းသိတော့ မင်းညီညွှတ်သည် အပြုံးတွေနှင့် စကားပြောင်းလိုက်သည်။

"ဝတီ ကိုယ့်ကို ကြောက်နေသလား"

"ဟင့်အင်း"

"အဟွန်း…ဟွန်း၊ တကယ်ရော ဟုတ်ရဲ့လားဗျာ"

အပြုံးချောချောကြီးနှင့် စ,နေပြန်တာမို့ ဒီတစ်ခါတော့ ခင်ဝတီ နှုတ်ခမ်းမစူဖြစ်တော့ပါ။

သူနှင့်အတူ သွားစွယ်လေးများပေါ်အောင် ရယ်လိုက်မိပါတော့သည်။

□ □ □

# အခန်း (၈)

ညနေထမင်းဝိုင်း မိသားစုတွေ ဆုံမိသည်နှင့်

"သားနဲ့သမီး ထည့်စားကြလေ၊ မာမီက ဒီနေ့ မင်္ဂလာ အထိမ်းအမှတ်အနေနဲ့ သားနဲ့သမီးကြိုက်မယ်ထင်တာလေးတွေ ရွေးချက်ထားတာ၊ စား စား ထည့်စားကြ"

ဒေါ်စိမ်းဝေ ပြောလည်းပြော၊ သူကိုယ်တိုင်ကလည်း ဟင်းပန်းကန်ထဲက ဟင်းများကို မင်းညီညွှတ်နှင့် ခင်ဝတီပန်းကန် ထဲသို့ ထည့်ပေးနေလိုက်သည်။

"ရော့…သမီးလေး စား၊ ဒီမှာ ပုစွန်ထုပ်ဟင်း ဆီပြန် လေးချက်ထားတာ၊ ကင်မွန်းချဉ်ဟင်းလေးသောက်ပြီးစား သမီး"

"ဟုတ်ကဲ့ မာမီ"

Scanned by CamScanner

မင်းညီညွတ်တို့မိသားစု၏ စေတနာမေတ္တာကတော့ တစ်ကယ့်ကို အပြည့်အဝပင်။ မိဘမေတ္တာငတ်ခဲ့သော၊ မိသားစု အကြင်နာမရှိခဲ့သော ခင်ဝတီအတွက် နွေးထွေးအေးမြလွန်းနေရသည်။

ညစာ စားပြီးသည်နှင့်

"ကဲ သားနဲ့သမီး သွားနားတော့၊ ညှော်ခံပွဲမှာလည်း ပင်ပန်းထားတယ်"

ဒက်ဒီဦးမင်းဝေ၏စကားကြောင့် မင်းညီညွတ်နှင့် ခင်ဝတီသည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ထလိုက်ပြီး

"ဒက်ဒီနဲ့မာမီကို သားတို့ကန်တော့ပါရစေ"

မင်းညီညွတ် မိဘနှစ်ပါးရှေ့တွင် ထိုင်လိုက်တော့ ခင်ဝတီပါ သူ့ဘေးတွင်ထိုင်ကာ ကန်တော့လိုက်လေသည်။

"အေးကွယ် သားနဲ့သမီး တစ်သက်လုံး အိုအောင်မင်းအောင် ပေါင်းနိုင်ကြပါစေကွယ်၊ သမီးလေးလည်း ဘာမှ စိတ်အားမငယ်နဲ့၊ အခု မင်္ဂလာကိစ္စ ပြီးပြီဆိုတော့ သား သင်တန်းပြီးတာနဲ့ ဒက်ဒီနဲ့မာမီတို့ကိုယ်တိုင် သမီးအဘေါနဲ့ လိုက်တွေ့ပြီး



သေသေချာချာ ပြောပြပေးမယ် ဟုတ်လား"

"ရှင်…ဟုတ်ကဲ့ ဒက်ဒီ"

တစ်ယောက်အခက်အခဲကိုတစ်ယောက် ကူညီရင်း ဟန်ဆောင်လက်ထပ်လိုက်ရသည့် သူတို့နှစ်ဦး၊ တကယ်တမ်း အဖြစ်မှန်ကို သူတို့သာသိပေမယ့် အများအမြင်မှာတော့ ခင်ဝတီနှင့် သူသည် လူကြီးမိဘများရှေ့ တရားဝင်လက်ထပ်ခဲ့ရသည့် ဇနီးမောင်နှံဖြစ်နေပြီကို ဘယ်သူမှ ငြင်းလို့မရပါ။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ကတော့ သိပ်ချစ်ရသည့် ချစ်သူလေးကို ပိုင်ဆိုင်ခွင့်ရသည်ကပင် သူ့ရင်ကို ကြည်နူးကျေနပ်ခြင်းများစွာ ဖြစ်စေရသည်။

ခင်ဝတီအား သူ့နှလုံးသားမှ မြတ်နိုးတွယ်တာစွာ စူးစူးနစ်နစ် ချစ်မိနေရသည်။

မင်းညီညွတ်နှင့်အတူ အပေါ်ထပ် အိပ်ခန်းရှိရာသို့ ဝင်ခဲ့ပါသော ခင်ဝတီမှာ ရင်ထဲ အမည်မဖော်နိုင်သည့် ခံစားမှုများဖြင့် ရင်တွေ တဒိတ်ဒိတ်ခုန်လာရသည်။

အခြေအနေအရ နှစ်ယောက်သား လက်ထပ်ခဲ့ရသည်

Scanned by CamScanner

ဆိုပေမယ့် သူစိမ်းယောကျ်ားတစ်ယောက်နှင့် နှစ်ဦးအတူရှိနေရခြင်းက သူမရင်ခုန်သံတွေ မြန်နေရပြီဖြစ်သည်။

"အစ်ကို"

"ဘာလဲ ဝတီ၊ ဘာပြောမလို့လဲ"

"ဟို…ဟိုလေ"

ခင်ဝတီ ပြောချင်သည့်စကားများကို မင်းညီညွတ် သိပါသည်။ သူမ ဒီအိမ်ရောက်စက မင်းညီညွတ်သည် သူမ လွတ်လွတ်လပ်လပ်နေနိုင်ရန် မာမီတို့မရိပ်မိအောင် သူ တခြားအခန်း သွားအိပ်ခဲ့လေသည်။

ဒါပေမဲ့ ခုတော့ဖြင့် ရတော့မည်မဟုတ်။ သူမဂ်လာပွဲအတွက် လာသည့် ဆွေမျိုးများကလည်း အိမ်မှာရှိနေရသည်မို့ အခန်းလွတ်ပင် မရှိတော့။

"ဝတီ ဘာပြောချင်လဲဆိုတာ ကိုယ်သိတယ်၊ ကိုယ် ဟိုတစ်ခါကလို တခြားအခန်း သွားအိပ်ဖို့ဆိုတာ အဆင်ပြေမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်မှာလည်း ဆွေမျိုးတွေ ရောက်နေတယ်လေ၊ ဒီတော့ ကိုယ် ဒီအခန်းမှာပဲ အိပ်ရလိမ့်မယ်"



"ရှင်"

သူ့စကားကြောင့် ခင်ဝတီ မျက်နှာလေးပျက်သွားရသည်။ ထိတ်လန့်သွားရှာသည့် ခင်ဝတီပုံစံလေးကို ကြည့်ပြီး မင်းညီညွတ် အသည်းယားသွားရသည်။

ဒီမိန်းကလေးသည် သူ့စကားကို ဘယ်လိုထင်သွားသည် မသိပါ။ ထိတ်လန့်စိုးရိမ်ဟန်နှင့် သူ့အား ကြည့်လာပါသော ခင်ဝတီကိုကြည့်ပြီး မင်းညီညွတ် သက်ပြင်းချလိုက်သည်။

"ဟင်း"

ဒီမိန်းကလေးသည် သူ့နှလုံးသားကို တော်တော်လည်း လှုပ်ခါနိုင်စွမ်းသူပါလား။

"ဘာဖြစ်လို့လဲ ဝတီ၊ ကိုယ့်ကို ဝတီ့အနားမှာ မရှိစေချင်လို့လား"

"ဟို…ဝတီ"

"ကိုယ် ဝတီ့အခက်အခဲ နားလည်ပေမယ့် မာမီတို့ သိသွားရင် ပြဿနာတွေ ပိုရှုပ်ကုန်မှာစိုးလို့ပါ၊ ကိုယ်ပြောတာကို ဝတီနားလည်ပါတယ်နော်"

Book Sharing

Scanned by CamScanner

"ဟုတ်ကဲ့ အစ်ကို၊ ဝတီ နားလည်ပါတယ်၊ ကိစ္စမရှိပါဘူး၊ အစ်ကို ဒီအခန်းမှာပဲ အိပ်ပါ၊ ဝတီ ဒီအောက်မှာ ဖျာခင်းပြီး အိပ်ပါ့မယ်၊ အစ်ကိုက ခုတင်ပေါ်မှာ အိပ်ပေါ့"

"ဟာ…ဘယ်ဖြစ်မလဲ၊ ဝတီက နုနုနယ်နယ်နဲ့ ကြမ်းပေါ်မှာ အိပ်လို့မဖြစ်ပါဘူး၊ မအိပ်ရဘူး…မအိပ်ရဘူး၊ ခုတင်က အကြီးကြီးပဲ၊ ပြီးတော့ ဝတီ ကိုယ့်ကိုယုံပါ၊ ဝတီက ဟိုဘက်မှာအိပ်၊ ကိုယ် ဒီဘက်မှာအိပ်မယ်၊ စိတ်ချပါ ဝတီ၊ ကိုယ့်ကို မင်းစိတ်ချပါ၊ ကဲ…ကိုယ်လည်း ပင်ပန်းထားတယ်၊ နားတော့မယ်"

ပြောရင်း မင်းညီညွတ် ခုတင်ပေါ် သူ့ကိုယ်ကြီးကို လှဲလိုက်လေသည်။ အလယ်မှာတော့ ခွေါင်းအုံးကြီးထားလျက်။

ခင်ဝတီ စိတ်ညစ်သွားရသည်။

သူက အိပ်နိုင်ပေမယ့် ခင်ဝတီမှာ မိန်းမသားမို့ ဘယ်လို စိတ်ချလက်ချ အိပ်ရဲမှာတဲ့လဲ။

"ဟိတ်…လာ အိပ်လေ၊ ဘာလုပ်နေတာလဲ"

သူမအဖြစ်ကိုကြည့်ပြီး မင်းညီညွတ် သနားသွားရပေ



မယ့် သူ့အနေနဲ့လည်း ဒီလိုမလုပ်၍မဖြစ်။

အပြင်မှာ သူတို့ကိုအကဲခတ်နေမည့် မျက်ဝန်းတွေက ရှိနေလေသည်။

သူမကို သနားပေမယ့်လည်း သူမလေးကိုတော့ မင်းညီညွတ် အောက်မှာမအိပ်စေချင်ပါ။ ဒါကြောင့်လည်း သူ အသံခပ်မာမာနှင့် ပြောလိုက်ခြင်းဖြစ်သည်။

ခင်ဝတီ စိတ်ညစ်၊ အခက်တွေ့နေရသော မျက်နှာလေးနှင့် အတန်ကြာ ရပ်နေပြီးနောက် သူ့ကိုကြည့်လိုက်သည်။

မင်းညီညွတ်မှာ အသက်ရှူသံမှန်မှန်နှင့် အိပ်ပျော်နေလေပြီ။ ထိုအခါမှ ခင်ဝတီ ခုတင်ပေါ် ရောက်ခဲ့သည်။

ပြောမည်ဆိုလျှင် ခင်ဝတီလည်း သူ့နည်းတူ ပင်ပန်းထားသူဖြစ်ပါသည်။ ပင်ပန်းထားသည်မှာ လူက မလှုပ်ချင်တော့။ ဒါပေမဲ့ သူ့ရှေ့မှာ အိပ်ဖို့ဆိုတာ သူမ ဘယ်လိုမှမရဲသည်မို့ အခက်တွေ့နေရခြင်းဖြစ်သည်။

သူ အိပ်ပျော်သွားမှ ခင်ဝတီ ခုတင်တစ်ဖက်စွန်းသို့ဝင်ကာ ဝင်အိပ်လိုက်လေသည်။

ခင်ဝတီမှာ ခုတင်ပေါ် မအိပ်ပြန်ရင်လည်း သူ့သိက္ခာကို မယုံကြည်ရာ ရောက်ပေလိမ့်မည်။

ဒီလိုတော့လည်း မဖြစ်သေးပါ။

သူမ သူ့သိက္ခာကိုတော့ ယုံကြည်ရပါမည်။ ယုံကြည်စိတ်နှင့်လည်း ခင်ဝတီ သူ့ဘေး ခုတင်စွန်းတစ်ဖက်တွင် ဝင်အိပ်လိုက်ခြင်းဖြစ်သည်။

သူမ လှုပ်ရှားမှုမှန်သမျှကို မင်းညီညွတ် အားလုံးသိနေပါ၏။

သူ မအိပ်ရင်လည်း သူမ အိပ်မည်မဟုတ်ဆိုတာကို သိနေသည်မို့ မင်းညီညွတ် သူမကို သနားစိတ်နှင့် အိပ်ချင်ယောင်ဆောင်လိုက်ခြင်းဖြစ်သည်။

သူထင်သည့်အတိုင်း သူ အိပ်ပျော်ပြီအထင်နှင့် သူမလေး သူ့ဘေးသို့ ဝင်အိပ်လိုက်တော့မှ မင်းညီညွတ် စိတ်ချလက်ချနှင့် အိပ်ပျော်သွားရသည်။

□ □ □

"ဟာ…ဒုက္ခပါပဲ"

အိပ်ရာက နိုးသည်ဆိုရင်ပဲ မင်းညီညွတ် မျက်ဝန်းအစုံပြူးကျယ်သွားရလေသည်။

မြတ်စွာဘုရား…ဘယ်လိုတွေဖြစ်ကုန်ပါလိမ့်။

မင်းညီညွတ်တစ်ကိုယ်လုံး ရင်ခုန်တာတွေရော၊ ရင်တုန်တာတွေရော ပေါင်းလျက် သွေးများပင် ဆူပွက်သွားရသည်။

ကြည့်စမ်းပါဦး။

သည်မှာတော့ ပင်ပင်ပန်းပန်းနှင့် အိပ်ပျော်သွားသမျှ သူနိုးလာသည့်အချိန်မှာတော့ သူ မအိပ်ခင်က အလယ်မှာထားခဲ့ပါသော ခွေခေါင်းအုံးကြီးသည် ဘယ်သို့ရောက်သွားမှန်း မသိသလို သူဖက်ထားသည်ကလည်း ခွေခေါင်းအုံးမဟုတ်ဘဲ ခင်ဝတီ

ကိုယ်လေး ဖြစ်နေရလေသည်။

မင်းညီညွှတ် အသက်ရှူတွေ မမှန်ချင်တော့။ ချစ်သူလေးကို နှစ်နှစ်ကာကာ ချစ်သည်ဆိုပေမယ့် ချစ်သူအပေါ်တော့ သူ အခွင့်အရေးမယူရက်ပါ။

ခုတော့ သူ့အဖြစ်က မရှုနိုင် မကယ်နိုင် ဖြစ်နေရလေပြီ။ ဒါတွေကို ဘာမှမသိသည့် ခင်ဝတီကတော့ သူ့ရင်ခွင်ထဲ အိပ်ပျော်နေဆဲ။

မင်းညီညွှတ် ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာပင် ခင်ဝတီသည် မျက်ဝန်းလေးအစုံ ဖျတ်ခနဲ ပွင့်လာရသည်။

"ဟင်…အို"

ထိတ်လန့်တုန်လှုပ်သံလေးနှင့် ခင်ဝတီ မျက်နှာလေး ရဲတက်သွားရသည်။ သည်နောက် ချက်ချင်းဆိုသလိုပင် သူ့ရင်ခွင်ထဲက ရုန်းထွက်ထထိုင်လိုက်ကာ…

"ဘယ်လို….ဘယ်လိုဖြစ်…"

"အို"

ရှေ့ဆက်စကားဆိုဖို့ပင် ခင်ဝတီ မရဲတော့ပါ။ မျက်နှာ



လေးကတော့ ရဲတောက်နေပြီ။

ဘုရား…ဘုရား။

သူမ သူ့ရင်ခွင်ထဲ ဘယ်လိုဖြစ်၍ ရောက်ရတာပါလိမ့်။ ဒါဖြင့် သူမနှင့်သူ…အို…။

တွေးလေ ရှက်စိတ်တွေက ပိုရလေမို့ ခင်ဝတီ မင်းညီညွှတ် မကြည့်ရဲတော့။

သူ့အား ရင်ဆိုင်ရန် အင်အားတွေလည်း သူမတွင် မရှိတော့သလို နီမြန်းနေရသော ရှက်မျက်နှာလေးက ဝမ်းနည်းကြောက်လန့်မှုတွေနှင့် မျက်ရည်များ မျက်ဝန်းအိမ် ပြည့်လျှံလာရသည်။

အခြေအနေတွေကို မင်းညီညွှတ် သူမအား ရှင်းပြမှ ဖြစ်ပေတော့မည်မို့

"ဝတီ"

"အဟင့်…ဟင့်…ဟင့်၊ ဝတီ့ကိုမခေါ်နဲ့၊ ဝတီ့ကို မခေါ်ပါနဲ့"

ပြောရင်းက မျက်ရည်တွေက ပါးပြင်နှစ်ဖက် ရွှဲရွှဲစိုနေ

Scanned by CamScanner

ရသည်။ မင်းညီညွတ် သူမမျက်ရည်များကိုမြင်တော့ ထိတ်လန့်သွားကာ

"ဝတီ ကိုယ်ရှင်းပြမယ်၊ ဝတီ ထင်သလို မဟုတ်ဘူး၊ ကိုယ်နဲ့ဝတီ..."

"အို...မပြောပါနဲ့၊ ဝတီ မကြားချင်ဘူး၊ ဘာမှမကြားချင်ဘူး၊ အဟင့်..ဟင့်..ဟင့်"

ပြောလည်းပြော ငိုလည်းငိုနေသော ခင်ဝတီကိုကြည့်ကာ မင်းညီညွတ် ရူးချင်သွားရသည်။

တကယ်တော့လည်း သူမ အထင်လွဲသည်က လွဲလောက်စရာ အဖြစ်ပင်။ သူမ နိုးလာချိန်မှာ သူ့ရင်ခွင်ထဲ သူမလေးရောက်နေသည့်အဖြစ်က အပျိုစင်မိန်းမသားတစ်ယောက်အနေနှင့် ထိတ်လန့်တုန်လှုပ်ချင်စရာပင်ဖြစ်သည်။

"ဝတီရော ကိုယ်ပါ ပင်ပန်းပြီး အိပ်ပျော်သွားတာ၊ ကိုယ်နိုးလာတော့ ဝတီက ကိုယ့်ရင်ခွင်ထဲရောက်...."

"အို...တော်ပါတော့"

သူ့အား အထင်မလွဲအောင် ရှင်းပြကာမှ ပိုဆိုးသွားရသည်



ကိုလည်း မင်းညီညွတ် မသိပါ။ ခင်ဝတီမှာ ရှက်စိတ်တွေနှင့်ရှိနေရသလို သူမဘဝကို သူမ ယူကျုံးမရဖြစ်နေဆဲ

"ကိုယ်နဲ့ဝတီ ဘာမှ မဖြစ်ခဲ့ဘူးဆိုတာ ကိုယ် ကျိန်ပြောရဲပါတယ် ဝတီ၊ ကိုယ် ဝတီ့ကို ဖက်ထားတယ်ဆိုတာကလည်း ဖက်ခေါင်းအုံးအမှတ်နဲ့"

ခင်ဝတီ သူ့စကားကို နားမထောင်တော့ပါ။ ရှက်စိတ်တွေကြီးစွာနှင့်ပင် အခန်းထဲမှ အပြေးလေးထွက်လာခဲ့လိုက်သည်။

ခင်ဝတီ သေချာပြန်စမ်းစစ်ကြည့်လိုက်တော့ သူနှင့်သူမဘယ်လိုမှ ပတ်သက်ရင်းနှီးခြင်းမရှိမှန်းသိရတော့ သူ့အပေါ်အထင်လွဲမိသည့်အဖြစ်အတွက် အားနာသွားရပြန်သည်။

သူ့လက်မောင်းကြီးကို ခေါင်းအုံးအမှတ်နှင့် အိပ်ခဲ့သည့်သူမအဖြစ်က တွေးလိုက်တိုင်း ရှက်စရာ။

ရှက်စိတ်တွေနှင့် ခင်ဝတီ သူ့အား တစ်နေ့လုံး ရှောင်နေမိတော့သည်။ သူမ ရှောင်လေလေ မင်းညီညွတ် ရင်ထဲ အသည်းယားယားနှင့် မချင့်မရဲကြီး ဖြစ်နေရလေဖြစ်သည်။

ယခုလည်း သူ သင်တန်းကပြန်လာပြီး ထမင်းစားပြီး

Scanned by CamScanner

သွားသည့်တိုင် သူမကိုတော့ သူ အရိပ်မျှပင် မမြင်ရသေး။

သူမလေးကို သူ မမြင်ရပြန်တော့လည်း မင်းညီညွှတ်မှာ မနေတတ်အောင်ပင် ဖြစ်သည်။

ဒါကို သူမ နည်းနည်းလေးမှ မရိပ်မိဘူးတဲ့လား။ မင်းညီညွှတ် သူမကို မြင်ချင်တွေ့ချင်စိတ်တွေနှင့် သူမလေးရှိရာ အနား မယောင်မလည်သွားပြန်တော့ သူမသည် သူနှင့် မျက်နှာချင်း မဆိုင်ပါဘဲ မာမီအနားမှာ တစ်ချိန်လုံး ကပ်နေလေသည်။

မင်းညီညွှတ် အခက်တွေ့နေရလေပြီ။ သူမလုပ်နေပုံကို လည်း မင်းညီညွှတ် အသည်းယားနေရ၏။

မင်းညီညွှတ်မှာ သူမလုပ်ရပ်တွေကြောင့် စိတ်ရှုပ်စွာအကြံ ထုတ်နေရင်း ရုတ်ချည်း သူ့ခေါင်းထဲ အကြံတစ်ခုရလာကာ

"ဝတီ ခဏ"

"ဟော...သားတော့ သမီးကိုခေါ်နေပြီ၊ သားဆီ သွားလိုက်ဦး သမီး"

မင်းညီညွှတ် အကြံကို ဘာမှမသိသော မာမီက ခင်ဝတီ အား သားဖြစ်သူအနား သွားခိုင်းနေသည်မို့ ခင်ဝတီ မငြင်းသာ



တော့ဘဲ သူ့အနား ရောက်လာခဲ့ရသည်။

ဒု.ဘွပါပဲနော်

သူနဲ့ မျက်နှာချင်းမဆိုင်ချင်ပါဘူးဆိုနေမှ ဘာကြောင့် သူမကို သူ ခေါ်နေရတာပါလိမ့်။

စူပုပ်ပုပ်မျက်နှာလေးနှင့် သူ့အနား ရောက်လာသော ခင်ဝတီကိုကြည့်ပြီး မင်းညီညွှတ် ရယ်ချင်သွားရပေမယ့် သူ မရယ်ပါ။

"ဝတီ ကိုယ် မြို့ထဲသွားမလို့၊ လိုက်ခဲ့ပါလား"

"ဟင့်အင်း ဝတီ မလိုက်တော့ဘူး"

သူ့ကိုမကြည့်ဘဲ ခင်ဝတီ ဖြေလိုက်သည်။

"အိမ်မှာပဲနေတာ မပျင်းဘူးလား၊ ပြီးတော့ ဘယ်မှလည်း မရောက်သေးဘူး၊ ကိုယ် လိုက်ပို့ပေးမယ်လေ"

"ကျေးဇူးပါပဲ အစ်ကို၊ ဝတီ မသွားချင်သေးလို့ပါ"

ပြောပြီး နေရာက ထွက်သွားရန်ပြင်နေသော ခင်ဝတီ ကြောင့် မင်းညီညွှတ် သူမရှေ့ရပ်လိုက်ပြီး

"နေပါဦး ဝတီ"

Book Sharing

Scanned by CamScanner

"ဟင်"

ခင်ဝတီ အံ့သြသွားရသည်။

"ဝတီ ကိုယ့်ကိုရှောင်နေတာတော့ မဟုတ်ပါဘူးနော်"

"ရှင်…ဟင့်အင်း၊ ဝတီ မရှောင်ပါဘူး"

"အဟွန်း…ဟွန်း…ဟွန်း အေးလေ၊ မရှောင်ဘူးဆိုလည်း ပြီးတာပါပဲ၊ ကိုယ်က ဝတီ ကိုယ့်ကိုရှောင်နေတယ် မှတ်လို့"

"အို"

သူမမျက်နှာကို ပြုံးစိစိစိုက်ကြည့်ကာ ပြောလာသော မင်းညီညွတ်ကြောင့် ခင်ဝတီ သူမကိုယ်သူမ မလုံမလဲလေးဖြစ်သွားရသည်။

သူ့အကြည့်တွေကြောင့် ခင်ဝတီ မနေတတ်ဖြစ်သွားရကာ သူမ မျက်လွှာလေးအချ

"မင်း သိပ်လှတယ် ဝတီ"

"အို"

"အဟွန်း…ဟွန်း…ဟွန်း"



ရယ်သံခပ်လွင့်လွင့်နှင့် စကားအဆုံးတွင် မင်းညီညွတ် သူမအနားမှာ မရှိတော့ပါ။ သူ မောင်းသွားသောကားလေးသည် မြို့အပြင်ကို ရောက်သွားရပြီ မဟုတ်ပါလား။

ရင်ထဲတွင်တော့ ခင်ဝတီသည် သူ့စကားတွေကြောင့် တုန်လှုပ်စွာ ကျန်ရစ်ခဲ့ရလေသည်။

□ □ □

## အခန်း (၉)

တိတ်ဆိတ်ငြိမ်သက်နေသော အခန်းဝယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာသော မင်းညီညွတ်ကိုကြည့်ပြီး ကြာလျှင် သူမအဖြစ်က ခက်သည်ထက် ပိုခက်တော့မည့်အရေးကိုတွေးပြီး ခင်ဝတီသည် သူမဘဝကို သူမ တွေးနေရသည်။

သူမဘဝကို သနားစာနာစိတ်တွေနှင့် ညာတာကာ သူမအပေါ် ရိုးသားစွာကူညီခဲ့ပါသော မင်းညီညွတ်ကို ခင်ဝတီရင်ထဲက ကျေးဇူးတင်ရပါသည်။

ယောကျ်ားကောင်းပီသစွာနှင့် သူမအပေါ် ဘာအခွင့်အရေးမှ မယူခဲ့သော မင်းညီညွတ်ကို ခင်ဝတီ နှလုံးသားထဲက လေးစားကြည်ညိုခြင်းများဖြင့် ရှိနေရသလို သူမအပေါ်ကြည့်သည့် သူ၏

Scanned by CamScanner

အကြည့်အပြောလေးများကြောင့်လည်း ခင်ဝတီ နှလုံးသားလေးက တုန်လှုပ်ရလေသည်။

ဘယ်လိုပဲဖြစ်ဖြစ် အခေါ်ဖြစ်သူ ခေါ်ခင်ဖုန်းတင့်နှင့် နေရသည့်ဘဝထက် သူမ ယခုလက်ရှိ နေရသည့်ဘဝကို ခင်ဝတီ တန်ဖိုးထားမိပါသည်။

ကျန်ခဲ့သည့် အခေါ်ဖြစ်သူကတော့ သူ၏ အစီအမံများကို လက်မခံဘဲ ဆန့်ကျင်ရှာထွက်သွားခဲ့သော သူမအပေါ် ဘယ်လောက်များ ဒေါသဖြစ်နေမည်ဆိုတာကိုလည်း ခင်ဝတီ မတွေးရဲတော့ပါ။

သူမဘဝတစ်ခုလုံး တင်းကျပ်ပြင်းထန်လွန်းသည့် စည်းကမ်းစနစ်များကြားထဲမှာ ရှင်သန်ခဲ့ရသော ခင်ဝတီ ထိုဘဝမျိုးကို ငြီးငွေ့နေရပြီဖြစ်သည်။

ဒါကြောင့်လည်း ဖြစ်လိုရာဖြစ်ပါစေတော့ဆိုသည့်စိတ်နှင့် ခင်ဝတီ အိမ်ကထွက်လာပြီးနောက် အမှတ်မထင် ကံတရား၏ စီမံမှုဖြင့် သူမ သူနှင့်ဆုံခဲ့ရခြင်းဖြစ်သည်။

သူနှင့်သူမ မတွေ့ပါလျှင် သူမဘဝသည်လည်း ဘယ်လို



ဖြစ်နေမည်မှန်း မတွေးရဲတော့ပါ။

သည်အတွက် သူ့ကို ကျေးဇူးတင်ရပါသည်။ ခင်ဝတီမှာ သူမအဖြစ်ကိုတွေးပြီး သက်မတစ်ချက်ချလိုက်သည်။

သူမအကြည့်တွေသည် အိပ်ပျော်နေသော သူ့ထံ ဖျတ်ခနဲ ရောက်ရှိသွားရပြီးနောက် ခင်ဝတီ၏ မျက်ဝန်းလေးများ တဖြည်းဖြည်း လေးလံလာရကာ မကြာမီ အိပ်ပျော်သွားရပါတော့သည်။

မျက်လုံးနှစ်လုံး ဖျတ်ခနဲပွင့်လာသည်နှင့် မင်းညီညွတ် အကြည့်တွေက သူ့ဘေးနားမှာရှိသော သူမ အိပ်သည့်နေရာလေးကို လှမ်းကြည့်လိုက်တော့ သူ မြင်ချင်တွေ့ချင်သည့် ချစ်သူကို မမြင်တွေ့ရပါ။

သူမလေး နံနက်စောစော ဘယ်အချိန်ကများ ထသွားပါလိမ့်ဟု သူ တွေးနေဆဲ

"ဝုန်း"

"အမေ့...အား"

"ဟာ...ဝတီ"

Scanned by CamScanner

သူ့နှုတ်မှ ခေါ်သံနှင့်အတူ မင်းညီညွှတ် အိပ်ရာပေါ်မှ ခုန်ထကာ သူမအသံကြားရာ ရေချိုးခန်းဆီသို့ သူ ရောက်သွားသည့် အချိန်မှာတော့

"ဟင်…ဝတီ ဘာဖြစ်တာလဲ"

ရေချိုးခန်းထဲတွင် ပုံ့ပုံ့လေးလဲနေသော ခင်ဝတီကို မြင်လိုက်ရတော့ မင်းညီညွှတ် သူမအတွက် စိုးရိမ်သွားကာ မေးလိုက်လေသည်။

"အား….ကျွတ်….ကျွတ်"

"နာလိုက်တာ…အဟင့်…ဟင့်"

ညည်းသံလေးနှင့်အတူ မျက်ရည်တွေနှင့် ငိုရှိုက်လာသူလေးကို ကြည့်ပြီး မင်းညီညွှတ်မျက်နှာကြီး ပျက်သွားကာ

"ဘယ်လိုဖြစ်ရတာလဲကွာ၊ သိပ်နာနေလား ဝတီ၊ နေဦး ကိုယ် ပွေ့ခေါ်သွားမယ်"

မျက်နှာလေးမဲ့လျက် နာကျင်မှုဝေဒနာကို ခံစားနေရသော ခင်ဝတီကိုယ်လေးကို မင်းညီညွှတ် ကလေးတစ်ယောက်လို ပွေ့ပိုက် ချီမလိုက်သည်။



"ပြောစမ်းပါဦး ဘယ်လိုဖြစ်ရတာလဲဆိုတာ"

"ရေချိုးခန်းမှာ ခြေချော်သွားတာ"

"ကျွတ်…ဖြစ်ရလေကွာ၊ ခု အရမ်းနာနေလား"

ခင်ဝတီကိုယ်လေးကို ခုတင်ပေါ်တင်ပေးလိုက်ပြီး မင်းညီညွှတ် စိုးရိမ်မှုတွေနှင့် သူမခြေထောက်လေးကို သေချာစွာ ကိုင်ကြည့်လိုက်သည်။

"အား…နာတယ်"

နာလွန်းသဖြင့် ခင်ဝတီမှာ မခံနိုင်သလိုမျိုး သူမ ခြေထောက်လေးကို ကိုင်လာသည့် သူ့လက်ကြီးကို ကြောက်ကြောက်နှင့် ဖမ်းဆုပ်ထားလိုက်သည်။

"ခဏနေဦးနော်၊ ကိုယ် ဆေးအိတ်ယူလိုက်ဦးမယ်"

ခင်ဝတီ ခေါင်းလေးညိတ်ပြလိုက်သည်။ တစ်ကယ်တော့ ခင်ဝတီ ခုလိုဖြစ်ရခြင်းက မနက်စောစောထကာ သူနှင့် မိသားစုအတွက် နံနက်စာ သူမကိုယ်တိုင် ပြင်ဆင်ချင်တာကြောင့် မျက်နှာသစ်၊ သန့်ရှင်းရေးလုပ်ပြီး ရေချိုးခန်းထဲကအထွက် ခြေချော်ကာ လဲသွားရခြင်းဖြစ်သည်။

မင်းညီညွတ် သူမအနား ပြန်ရောက်လာသည်နှင့် သူမခြေထောက်ကို လိုအပ်တာများပြုလုပ်ပြီး ပတ်တီးစည်းပေးလိုက်သည်။

ခြေထောက်ကဒဏ်ရာကြောင့် လမ်းကောင်းကောင်းမလျှောက်နိုင်သော သူမကို မင်းညီညွတ်ကပင် ကူညီပေးခဲ့ရသည်။

ခင်ဝတီမှာ မင်းညီညွတ်၏ ကြင်နာယုယမှုများကြားတွင် ရှက်မျက်နှာရဲရဲလေးနှင့် ရှိနေရတော့သည်။

မင်းညီညွတ်၏ ဂရုစိုက် ပြုစုကုသမှုများကြောင့် သူမ၏ခြေထောက်က အတော်ပင် သက်သာလာရပြီမို့ လမ်းကိုပြန်၍ လျှောက်နိုင်ပြီဖြစ်သည်။

လမ်းကို ပြန်လျှောက်နိုင်ပြီမို့ မင်းညီညွတ် ပြန်အလာကို စောင့်ရင်း ခြံထဲတွင် လှိုင်လှိုင်ပွင့်နေသည့် စံပယ်ပန်းများကို ခင်ဝတီ ခူးနေလိုက်သည်။

ခရမ်းနုရောင်သွေးဝတ်စုံလေးနှင့် ခေါင်းလျှော်ပြီး ဆံနွယ်ရှည်များကို ဖြန့်ချထားသော သူမပုံစံလေးက ကြည်လင်လန်းဆန်းမှုတို့ဖြင့် အရမ်းကိုလှပနေရသည်။



ပန်းခူးနေသော သူမပုံစံလေးက အေးအေးလူလူနှင့် ဘာအပူအပင်မှ မရှိသလို အေးချမ်းနေရသည်။

ထိုစဉ် သင်တန်းပြီး၍ ပြန်လာသော မင်းညီညွတ်၏ ကားလေး ခြံထဲသို့ မောင်းဝင်လာသည်ကို ခင်ဝတီမှာ မသိလိုက်ပါ။

မင်းညီညွတ်ကတော့ သူ့ကားလေးခြံထဲ မောင်းဝင်လာကတည်းက သိပ်လှသော သူမလေးကို မြင်နေပါသည်။

ကားကို ပေါ်တီကိုအောက်ရပ်ပြီး မင်းညီညွတ် ကားပေါ်မှ ဆင်းလိုက်သည်။ ဒီနောက် သူ့ခြေလှမ်းတွေက သူမလေးရှိရာဆီသို့ လျှောက်လာလေ၏။

ခင်ဝတီကတော့ သူ့အား ကျောပေးထားသည့် အနေအထားမို့ သူ လာသည်ကို မမြင်ပါ။ မြင်နေရသည့် သူမအလှတွေကြောင့် ရင်တွေခုန်နေရပြီဖြစ်သည်။

ကြည့်စမ်းပါဦးလေ....

သူ၏ ချစ်သူလေးသည် ဘယ်လောက်များ လှလိုက်ပါသည်လဲဆိုတာ။ ကျောရှင်းနေသည့် သူမ၏နောက်ပိုင်းအလှတွေ

Book Sharing

Scanned by CamScanner

ကို ကြည့်ရင်း မင်းညီညွတ် သူမအနား ရောက်ခဲ့သည်။

''ဝတီ''

''အမေ့''

''အဟွန်း…ဟွန်း…ဟွန်း''

''ဆောရီး…သိပ်လန့်သွားလား''

''ဟို…ရုတ်တရက်မို့ပါ''

သူ့ခေါ်သံကြောင့် ကိုယ်လေး တုန်သွားသည်အထိ လန့်သွားရသော ခင်ဝတီအဖြစ်ကိုကြည့်ပြီး မင်းညီညွတ် ချစ်အသည်းတွေ ယားသွားရသည်။

သူမလေး ဒီလောက် လန့်သွားရအောင် ဘာတွေများ တွေးနေလို့ပါလိမ့်။

''ပြောပါဦးဗျာ၊ ကိုယ်ခေါ်တာနဲ့ ဒီလောက်လန့်သွားရအောင် ဘာတွေများ တွေးနေလို့လဲဆိုတာ''

''ဟင့်အင်း…ဘာမှမတွေးပါဘူး၊ ဒီလိုပါပဲ''

''အဖြေကလည်း ဒီလိုတဲ့လား''

''ဟို…အစ်ကို ရုတ်တရက်ရောက်လာတော့…''



''သော်…ကျုပ်ကြောင့်ပေါ့လေ''

''အစ်ကိုနော်၊ ဝတီကို အပြစ်ပြောချင်တာလား''

ခင်ဝတီမှာ သူ့အဖြစ်ကို သူ မလုံလဲစွာ ရှက်မျက်စောင်းလေးထိုးရင်း ပြောလိုက်သည်။

''မပြောပါဘူးဗျာ၊ ကိုယ်က ဝတီကို အမြဲတမ်း အပြစ်ကင်းစင်စွာ မြင်နေတဲ့သူပါ၊ သော်…ဒါနဲ့ ဝတီ့ခြေထောက် သက်သာသွားပြီလား''

''ဟုတ်ကဲ့…သက်သာသွားပါပြီ၊ အစ်ကို့ကို ဝတီ ကျေးဇူးတင်တယ် သိလား''

''ဘာအတွက်လဲ''

''ဝတီကို ဂရုစိုက်ပေးတဲ့အတွက်ရော အားလုံးအတွက်ပါပဲ''

''ဝတီရယ် မလိုပါဘူးဗျာ၊ ဝတီအတွက် ကိုယ်က အမြဲတမ်း ကူညီချင်တဲ့သူပါ''

သူမမျက်နှာလေးကို စူးစိုက်ကြည့်ရင်း မင်းညီညွတ် ပြောလိုက်သည်။ ခင်ဝတီ သူ့အကြည့်တွေကြောင့် ရှက်ပြုံးလေး

နှင့် ခေါင်းငုံ့သွားရသည်။

မင်းညီညွတ်၏ ချစ်ရည်ရွှန်းလက်သော အကြည့်များက ခင်ဝတီ နလုံးသားကို တုန်ခါစေရသည်။

"ဝတီ…ကိုယ်တို့ဆီမှာနေရတာ ပျော်ရဲ့လား"

"အင်း…ပျော်ပါတယ် အစ်ကို"

နှစ်ဦးသား စကားပြောရင်း ခုံတန်းလေးပေါ် ထိုင်လိုက်သည်။ ထိုအခိုက် ခုံတန်းလေးဘေးရှိ သစ်ပင်ကြီးပေါ်မှ တစ်စုံတစ်ရာ ပြုတ်ကျလာသံကြောင့် နှစ်ဦးသား လန့်သွားရကာ ထိုအရာကိုအကြည့်

"အမလေး…မြွေ..မြွေကြီး၊ အား…ကြောက်တယ်၊ ကြောက်တယ်"

မြွေမြင်တာနှင့် ခင်ဝတီ မျက်လုံးလေးပြာဝေသွားကာ သူမကိုယ်လေး မင်းညီညွတ် ရင်ခွင်ထဲသို့ အတင်းပင် တိုးဝင်လိုက်သည်။

မင်းညီညွတ်က သူမကိုယ်လေးကိုမှ ရင်ခွင်ထဲထွေးပွေ့ထားရင်း တစ်ဖက်ကလည်း မြွေကို ခြောက်လှန့်လိုက်သဖြင့်



မြွေမရှိတော့။

ဒါကို ခင်ဝတီကတော့ မသိဘဲ မင်းညီညွတ် ရင်ခွင်ထဲမှာသာ သူမကိုယ်လေးက ကြောက်လန့်မှုတွေနှင့် ရှိနေရသည်။

ကြောက်လန့်နေရသည့် ခင်ဝတီ ကိုယ်လေးကို မင်းညီညွတ် ခပ်တင်းတင်းလေး ပွေ့ဖက်လိုက်သည်။

"အို"

တင်းကျပ်လွန်းသည့် အပွေ့အဖက်များကြောင့် ခင်ဝတီ လက်ရှိအဖြစ်ကို သတိရသွားရကာ မင်းညီညွတ် ရင်ခွင်ထဲမှ သူမကိုယ်လေး ရုန်းထွက်လိုက်သည်။

သို့သော် မင်းညီညွတ်ကတော့ သူမကိုယ်လေးကို လွှတ်မပေးပါတော့။

ချစ်စိတ်တွေက သူ့ရင်မှာ ဆက်လက်ချုပ်ထိန်းဖို့ ဘယ်လိုမှမရတော့သည့်အဆုံး မင်းညီညွတ်သည် ခင်ဝတီ မျက်နှာလေးကို ချစ်ခြင်းတွေနှင့် နမ်းရှိုက်လိုက်ပါတော့သည်။

"အို"

"ချစ်တယ် ဝတီရယ်၊ သိပ်ချစ်တယ်၊ မောင် မင်းကို

Scanned by CamScanner

ချစ်နေမိပြီ ဝတီရယ်"

"အစ်ကို"

အနမ်းတွေက မွတ်မွတ်သိပ်သိပ်နှင့် ဆက်တိုက်ဆိုသလို ကျလာရသည့်အခါ ခင်ဝတီ သူ့ရင်ခွင်ထဲတွင် ခေါင်းမဖော်နိုင်ပါတော့။

ရှောင်ဖယ်ဖို့ သူမ ကြိုးစားပေမယ့် ခင်ဝတီ သူ့အနမ်းများကို မရှောင်ဖယ်နိုင်ခဲ့ပါ။

သူ့အနမ်းတွေက သူမထံ ပြင်းပြင်းထန်ထန် ရောက်ရှိနေရတော့သည်။ ခင်ဝတီ သူ့ရင်ခွင်ထဲတွင် မွန်းကျပ်နေရသည်။ သူ့ရင်ခွင်ထဲကလည်း သူမ ရုန်းထွက်၍မရပါ။

သူမကိုယ်လေးကို သူ တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်ထားသည်။

"အို…လွှတ်ပါ၊ ဝတီကိုလွှတ်ပါတော့"

ခင်ဝတီ၏ ရုန်းဖယ်ငြင်းသံက လေမှာပင် ပျောက်ကွယ်သွားရသည်။

"ဝတီ"



သူ့ခေါ်သံက ချစ်ခြင်းတွေနှင့် နှင့်ဖြာနေရသလို။ ရဲပတောက်နေသည့် ချစ်သူမျက်နှာလေးကိုကြည့်ပြီး မင်းညီညွတ် ချစ်အသည်းယားစွာ ပြုံးလိုက်သည်။

"အဟွန်း…မောင်ခေါ်နေတယ်လေ ဝတီ"

"ဟင့်အင်း"

"သိပ်ချစ်တယ်၊ အရမ်းချစ်တယ် ဝတီရယ်"

"အို"

သူမ ဒီထက်ပိုကာ စကားမဆိုရဲတော့ပါ။

သူ့အပွေ့အဖက်တွေက တင်းကျပ်လျက် သူမအား မွန်းကျပ်နေစေရသည်။

"ဝတီ့ကို လွှတ်ပါ"

"သိပ်ချစ်တယ်၊ မောင့်ကိုချစ်လား"

သူ့ရင်ခွင်ထဲက ဖွတ်တိုးရုန်းနေသူလေးကို မင်းညီညွတ် အသည်းတယားယားနှင့် ပွေ့ဖက်ရင်း မေးလိုက်သည်။

ခင်ဝတီ့အသံက ထွက်မလာ။

သူ ပို၍အသည်းယားသွားရပြီး….

Scanned by CamScanner

''မောင် မေးနေတယ်လေ၊ မောင့်ကိုချစ်လားဆိုတာ''

''ဟင့်အင်း…လွှတ်‥ဝတီကိုလွှတ်ပါ၊ ဝတီ‥ဝတီ မသိဘူး''

''အဟွန်း…ဟွန်း‥မသိလို့မရဘူးဗျ၊ သိရမယ်၊ ပြီးတော့ ဝတီ မောင့်ကိုချစ်ရမယ်''

''အို…အို''

ချစ်စကားတွေ ဇွတ်ဆိုရင်း ချစ်အနမ်းတွေ ဇွတ်ပေးနေသော မင်းညီညွတ်ကြောင့် ခင်ဝတီ မလှုပ်သာအောင် ရှိနေရသည်။

သူကတော့ သူမအဖြစ်ကို ဂရုမစိုက်သလို သူမကိုယ်လေးကိုသာ ရင်ခွင်ထဲ ဇွတ်တိုးဖက်ရင်း သူ့မျက်နှာချောချောကြီးက သူမမျက်နှာလေးနှင့် ပူးကပ်ထားသည်။

''မရန်းနဲ့ ဝတီ၊ မောင် မင်းကို သိပ်ချစ်နေမိပြီ၊ ချစ်တာမှ မင်းကို မောင် မြင်မြင်ချင်းချစ်တာ''

''မသိ…အို…အစ်ကိုနော်''

ငြင်းဆန်ခွင့်စကားကိုမျှ မင်းညီညွတ်သည် သူမအား မပေးပါပေ။ မင်းညီညွတ်တစ်ယောက် ရင်မှာ ချုပ်ထိန်းရသမျှ



အချစ်စိတ်တွေ ပေါက်ကွဲနေရပြီဖြစ်သည်။

ခင်ဝတီ သူ့ရင်ခွင်ထဲတွင် မရုန်းသာ မလွန့်သာနိုင်သမျှ သူ့ချစ်ခြင်းအနမ်းတွေကိုသာ ရှက်မျက်နှာလေးနှင့် ခံယူနေရတော့သည်။

''မောင့်ကိုချစ်တယ်မဟုတ်လား ဝတီ''

''အေးဗျ…မချစ်ဘူးလို့တော့ မပြောနဲ့၊ ဒီစကားကို မောင်ကလည်း ခွင့်ပြုမှာမဟုတ်ဘူး၊ ဘာကြောင့်လဲ သိလား၊ ကျုပ်က ခင်ဗျားလေးကို သိပ်ချစ်နေလို့''

''အစ်ကိုရယ်''

''ချစ်တယ် ဝတီရယ်''

''အမေ့''

အုပ်မိုးပူးကပ်လာသည့် သူ့မျက်နှာကို ခင်ဝတီ ရှောင်ချိန်မရတော့ပါ။ ရှက်မျက်နှာ အံ့နေခက်စွာနှင့်ပင် သူမမျက်နှာလေး သူ့ရင်ခွင်ထဲ ဖွက်ထားလိုက်ပါတော့သည်။

''မောင့်ကိုကြည့်ပါဦး ဝတီ''

''အစ်ကိုနော်''

Scanned by CamScanner

"အဟွန်း…ဟွန်း…ဟွန်း…အဲဒီအခေါ် မကြိုက်ဘူး၊ မောင်လို့ခေါ်"

"ရှင်နော်"

"ကောင်မလေးနော်၊ ဘာရှင်လဲ"

"ဝတီ့ကို လွှတ်ပါ"

"မောင့်ကိုချစ်တယ်လို့ပြော"

"အစ်ကို သိပ်ဆိုးတာပဲ"

"အဲဒါ ဆိုးတာမဟုတ်ဘူး၊ ချစ်တာဗျ…အဟွန်း…ဟွန်း"

"အစ်ကိုနော်"

"မောင်လို့ ခေါ်ဆို၊ မောင့်ကိုချစ်လား"

"သွားပါနော်၊ မချစ်လို့ရော ရလို့လား"

"ဟုတ်တယ်၊ မချစ်ဘူးလို့ပြောတာနဲ့ ဟောဒီကောင်မလေးကို မောင်…"

"ဘာလုပ်မှာလဲ"

"အဟွန်း…ဟွန်း…ဘာလုပ်ရမှာလဲ၊ မင်းလေးကို ဟောဒီလို တစ်ခါတည်း 'အပိုင်သိမ်းလိုက်မှာပေါ့"



"အို…အို"

ခင်ဝတီ သူ့ရင်ခွင်ထဲတွင် ခေါင်းလေးမော့သွားရတော့ မင်းညီညွှတ် သူမနှုတ်ခမ်းလေးကို နွေးထွေးစေလိုက်သည်။

"တော်ပြီကွယ်၊ မောင်နော်"

"ဟင်…ဘယ်လို၊ ဝတီ မောင့်ကို ဘယ်လိုခေါ်လိုက်တယ်"

"သွားပါ၊ သူ တော်တော်အူမြူးနေ"

"အဟား…ဒါ ဝတီ မောင့်ကိုချစ်ပြီပေါ့နော်၊ ဟုတ်လား ဝတီ"

ရှက်ပြုံးလေးနှင့် ခင်ဝတီ သူ့အား မျက်စောင်းလေးထိုးလိုက်ကာ…

"မချစ်ဘဲနဲ့ ဝတီက မောင့်ရင်ခွင်ထဲမှာ ရှိပါ့မလားလို့"

"ဟား…ချစ်ရယ်ဗျာ"

သူ မျှော်လင့်စောင့်စားခဲ့ရသည့် ချစ်သူလေးထံမှ အချစ်များကို မင်းညီညွှတ် ပိုင်ဆိုင်ခွင့်ရပြီမို့ အပျော်တွေက သူ့ရင်ထဲ ပြည့်လျှံသွားရသည်။

Book Sharing

Scanned by CamScanner

သူ့ဘဝ အရာအားလုံး ပြည့်စုံသွားရလေပြီ။ အပျော်တွေ ချစ်ခြင်းတွေနှင့် နှလုံးသားလေးက တဆတ်ဆတ်တုန်ယင်လာရ သလို ချစ်သူမျက်နှာကိုလည်း ချစ်မြတ်နိုးခြင်းတွေနှင့် ချစ်မဝစွာ ငေးစိုက်အကြည့်…

"အို…ဘာကြည့်တာလဲ"

"အဟွန်း…မောင့်ချစ်သူကို မောင် သိပ်ချစ်လို့"

"တော်ပါနော်၊ ဒီလိုပြောပြီး လူကို…"

ပြောပြီး သူမသည် ရှက်သွားသလို စကားလေး ရပ် သွားလေသည်။ မင်းညီညွတ် သူမကို အပြုံးချောချောကြီးနှင့် ကြည့်ပြီး….

"ဟိတ်…ဆက်ပြောလေ၊ လူကို ဘာဖြစ်လဲဆိုတာ"

"မသိဘူးကွာ၊ သူ တော်တော်ပျော်နေတယ်နဲ့တူတယ်"

"ဘယ့်နှယ်ပြောတာလဲ၊ ပျော်တာပေါ့ကွဲ၊ မောင် သိပ်ချစ်တဲ့ ဟောဒီကောင်မလေးရဲ့အချစ်တွေကို မောင် ပိုင်ဆိုင် ခွင့်ရတာ မောင် ဘယ်လောက်ပျော်လဲ မင်းလေးသိလား"

"မောင်ရယ်…ဝတီ သိပါတယ်၊ ဝတီလည်း မောင့်



လိုပါပဲ"

"တကယ်"

"တကယ်ပေါ့၊ ဘာလဲ မောင်က ဝတီပြောတာ မယုံ ဘူးလား"

"အဟွန်း…ဟွန်း… ယုံပါတယ်၊ ပြီးတော့ သိပ်ချစ် တယ်"

"မောင်ရယ်"

သူ့အပေါ် တွယ်ငြိခဲ့သည့် သံယောဇဉ်တွေနှင့် မင်းညီညွတ် ရင်ခွင်ထဲ ခင်ဝတီ ရှက်မျက်နှာလေးကို တိုးဝင်ကာ သူ့ရင်ခွင် ကျယ်ကြီးကို သူမလက်လေးနှင့် တွေးဖက်ထားလိုက်ပါတော့ သည်။

တစ်ဦးရင်ထဲက အချစ်တွေကို တစ်ဦး ပိုင်ဆိုင်ခွင့်ရပြီ ဖြစ်သည့် ခင်ဝတီနှင့် မင်းညီညွတ် ချစ်ခြင်းတွေက သူတို့နှစ်ဦး ရင်ထဲကို ကိုယ်စီပြည့်လျှံသွားရသည်။

□ □ □

## အခန်း (၂၀)

မင်းညီညွတ် သတင်းစာထဲက ကြော်ငြာလေးကို ကြည့်ကာ ဖနီးသည် ခင်ဝတီနှင့်ပတ်သက်နေမှန်း သိလိုက်သည်။

*တူမ*

*ရောက်ရာအရပ်က အမြန်ပြန်လာပါ။ ဒေါ်ဒေါ် အသည်းအသန် ဖြစ်နေသည်။*

*မြိုင်ဟောဝန်ခြံ*

နာမည်မပါပေမယ့် မြိုင်ဟောဝန်ခြံဆိုတာနှင့် ဒီကြော်ငြာသည် ဒေါ်ခင်ဖုန်းတင့်ရဲ့ ကြော်ငြာမှန်း သူ သိလိုက်သည်။

သတင်းစာလေးကိုကိုင်ကာ မင်းညီညွတ် ချစ်ဖနီးသည်ကို ပြလိုက်တော့



Scanned by CamScanner

"ဒါဆို ဝတီ မြင်ဟောဝန်ခြံကို ပြန်ရမှာလားမောင်"

မျက်နှာပျက်ပျက်လေးနှင့် သူ့ကိုမေးလာသူလေးကို ကြည့်ပြီး မင်းညီညွတ် စဉ်းစားရပေတော့သည်။

သည်ကြော်ငြာက ဒေါ်ခင်ဖုန်းတင့်ကြော်ငြာဆိုတာ သူ အတိအကျ သိပါသည်။ မကြာခင် သူ သင်တန်းပြီးဆုံးတော့မည်။ ခင်ဝတီကိုလည်း သင်တန်းပြီးတာနှင့် သူနှင့်အတူ ပြန်ခေါ်သွားဖို့ မင်းညီညွတ် စဉ်းစားထားပြီးသားရယ်ပါ။

မစဉ်းစားလို့ကလည်း မဖြစ်။

ခုချိန်မှာ ခင်ဝတီနှင့်သူဆိုတာ ဟန်ဆောင်ဇနီးသည်တွေ မဟုတ်တော့။ တစ်ဦးကိုတစ်ဦး အသက်ပေးကာ သိပ်ချစ်ကြသည့် ချစ်ဇနီးမောင်နှံ ဖြစ်နေကြလေပြီ။ ဒီကြော်ငြာပါသည့်အတိုင်းဆို အဒေါ် ဒေါ်ခင်ဖုန်းတင့်သည် အမှန်တကယ်နေမကောင်း၍ အသည်းအသန်ဖြစ်နေသည်လား။ ဒါမှမဟုတ် သူမကို ခေါ်ချင်၍ ကြော်ငြာခြင်းလား။

မင်းညီညွတ် တွေးရပါတော့သည်။

"ဝတီ့ဆန္ဒကော ဘယ်လိုရှိလဲ"

"ဝတီ မသိဘူး မောင်း ဒါဟာ တကယ်လား၊ ဒေါ်ဒေါ်ရဲ



လိမ်ညာမှုလားဆိုတာ ဝတီ မတွေးတတ်ဘူး"

"ဒါဆို ဒီလိုလုပ်ရအောင် ဝတီ၊ မောင် မကြာခင် သင်တန်းပြီးတော့မှာ၊ အစကတော့ မောင် ဝတီ့ကို သင်တန်းပြီးတာနဲ့ တစ်ခါတည်းခေါ်သွားမလို့ပဲ၊ ဒါပေမဲ့ ဝတီ့အဒေါ်ရဲ့ အန္တရာယ်က ရှိသေးတယ်၊ ဒါကြောင့် လောလောဆယ် ဝတီ ဒီမှာပဲ ခဏနေခဲ့လိုက်ဦး၊ မောင် ဟိုရောက်မှ အခြေအနေကြည့်ပြီး ဝတီကို ခေါ်လိုက်မယ်"

"ဝတီတော့ မသိတော့ပါဘူး မောင်ရယ်၊ မောင် ကောင်းသလိုသာ စီစဉ်ပါတော့"

"အေးမောင်ဆီက ဘာအဆက်အသွယ်မှ မရသေးပေမယ့် ဒေါ်ခင်ဖုန်းတင့်ရဲ့ သတင်းကိုတော့ သူ စုံစမ်းထားမှာပါ၊ ဒီတော့ မောင် အရင်သွားမယ်၊ ပြီးမှ ဝတီကို မောင် လာခေါ်မယ်၊ အင်း ပြောသာပြောရတာ၊ ဝတီကို မောင်က ခွဲနိုင်တာမဟုတ်ဘူး"

"မောင်ရယ်"

မောင် အချစ်ကြီးတာကို သူမ သိသည်မို့ မောင့်ကိုသာ ချစ်ခြင်းတွေနှင့် ခင်ဝတီကြည့်မိပါသည်။

"ဝတီ"

"ရှင်"

"ဘယ်လိုအခက်အခဲတွေပဲဖြစ်ဖြစ် စိတ်မညစ်နဲ့နော်၊ မောင် ဝတီ့အနားမှာ အမြဲတမ်းရှိတယ်"

"ယုံပါတယ် မောင်ရယ်၊ ဝတီ မောင့်ကို ယုံပါတယ်၊ ပြီးတော့ မောင့်ကို ဝတီချစ်တယ်"

"ချစ်ရယ်ဗျာ"

ချစ်ဇနီးကိုယ်လေးကိုသာ သူ့ရင်ခွင်ထဲ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်သည်။

ထိုစဉ် မိခင် ဒေါ်စိမ်းဝေ သူတို့အနားရောက်လာပြီး

"သားလည်း သင်တန်းပြီးတော့မယ်နော်၊ သားပြန်ရင် သမီးလေးကို မာမီတို့ သမီးအဒေါ်ဆီ လိုက်ပို့ပေးမယ်လေ"

ဒေါ်စိမ်းဝေစကားကြောင့် ခင်ဝတီနှင့် မင်းညီညွတ်မှာ တစ်ယောက်မျက်နှာကိုတစ်ယောက် လှမ်းကြည့်မိလိုက်သည်။

"ဟိုလေ...ဟို ဝတီ့အဒေါ်ဆီ ဝတီတို့ပဲ အရင်သွားလိုက်ပါမယ်၊ နောက်တော့မှ မာမီတို့လာကြရင် ပိုပြီး အဆင်ပြေလိမ့်မယ် ထင်တယ်နော် မောင်"

ခင်ဝတီမှာ မင်းညီညွတ်အား တိုင်ပင်သလို လှမ်းပြော



လိုက်တော့ မင်းညီညွတ်သည်လည်း အခြေအနေကို နားလည်ရကာ

"ဟုတ်တယ် မာမီ၊ မာမီတို့ နောက်မှ အေးအေးဆေးဆေး လာခဲ့ပါ၊ ခုလောလောဆယ်တော့ သားနဲ့ဝတီ အရင်သွားလိုက်မယ်၊ စိတ်ချပါ မာမီ၊ သား ဝတီ့အဒေါ်ကို သေချာပြောပြီး ကန်တော့ကြမှာပါ"

"အင်းလေ ဒါဆိုလည်း အဲဒီလိုပဲ လုပ်ကြတာပေါ့၊ သားတို့ ဒက်ဒီကလည်း အလုပ်တွေ ရှုပ်နေတာ၊ သမီးနဲ့သား ပြောသလိုလုပ်တာပဲ ကောင်းပါတယ်"

ဒေါ်စိမ်းဝေစကားကြောင့် ခင်ဝတီရော မင်းညီညွတ်ပါ သက်မ ချလိုက်သည်။ ခင်ဝတီနှင့် ပတ်သက်သမျှ ဘာတစ်ခုမှ သေချာမသိသေးသော ဒေါ်စိမ်းဝေကို မင်းညီညွတ် အဆင်ပြေအောင် ပြောလိုက်ရပေမယ့် သူ့ရင်ထဲမှာတော့ ဒေါ်ခင်ဖုန်းတင့်ကြောင့် ရင်မောနေရသည်။

သူမအဒေါ် နေမကောင်းဘူးဆိုတာ တကယ်ပဲလားဆိုသည့်စိတ်ကလည်း မင်းညီညွတ်ရော ခင်ဝတီပါ တွေးနေမိပါ၏။

အမှန်တကယ်ပင် နေမကောင်းတာဆိုပါက ခင်ဝတီသည် အဒေါ်ဖြစ်သူကို သွားကာ ပြုစုချင်ပါ၏။ ဘာပဲပြောပြော သူမတွင်

ဒေါ်ခင်ဖုန်းတင့်၏ ကျေးဇူးတွေရှိသည်က အမှန်။

ဒါမှမဟုတ် သူမ တွေးသလိုမဟုတ်ဘဲ သူမကို လိမ်ညာခေါ်သည်ဆိုပါက ဒေါ်ခင်ဖုန်းတင့်၏ အကြံသည် သူမနှင့်မောင့်ကို ခွဲရန်မှ တခြားမရှိနိုင်။

စိပ်ရှုပ်ရှုပ်နှင့် ခင်ဝတီ သူမအခန်းထဲ လမ်းလျှောက်ကာ တွေးနေဆဲ

"ဝတီ"

"မောင်"

"ဝတီရယ်"

မျက်နှာညှိုးနွမ်းနေရသည့် ချစ်သူလေးကို မင်းညီညွတ် သနားခြင်းတွေနှင့် သူ့ရင်ခွင်ထဲ သူမကိုယ်လေးကို တင်းတင်းလေး ပွေ့ဖက်လိုက်ပါသည်။

သည်နောက် သူမမျက်နှာလေး ခပ်ဖွဖွနမ်းရှိုက်ကာ

"ဝတီ"

"ရှင်"

"မောင်တို့အစီအစဉ်တော့ ပြောင်းရတော့မယ်နဲ့တူတယ်"

"ဝတီ မောင်နဲ့အတူ လိုက်ခဲ့ရမှာလား"



"ဝတီ မလိုက်ချင်ဘူးလား"

"ဘယ်လိုမေးလိုက်တာလဲ မောင်ရယ်၊ မောင်က ဝတီ့အချစ်တွေကို သံသယဖြစ်နေတာလား၊ ဒါမှမဟုတ် ဝတီ့အချစ်တွေကို မောင် မယုံတာလား"

"ဆောရီး ဝတီ၊ မောင် ပြောတာက"

"ဝတီ ဘာမှ မကြားချင်ဘူး မောင်၊ မောင် ဝတီ့အချစ်ကို အထင်သေးတယ်၊ မောင့်ကို ဝတီမုန်းတယ်"

"ဟာ...ဝတီ၊ မောင် ရှင်းပြ"

"အို မရှင်းပြနဲ့၊ ဝတီ ဘာမှမကြားချင်ဘူး၊ ဖယ်..ဖယ် ဝတီ သွားမယ်"

မျက်နှာတင်းတင်းလေးနှင့် ခင်ဝတီ တကယ်စိတ်ဆိုးသွားတော့ မင်းညီညွတ်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။

သူမ သူ့အပေါ် တစ်ခါမှ ဒီလိုစိတ်မဆိုးဘူးပါ။ ခုတော့ သူမ ပုံစံလေးက တကယ့်ကို စိတ်ဆိုးနာကျင်သွားရသလိုမျိုး သူ့အပေါ် ခါးခါးသီးသီး ဖြစ်သွားရပုံက သူ ဘယ်လိုမှ မျှော်လင့်မထားသည့်အဖြစ်။

သူ့ရင်ခွင်ထဲက ဖွတ်အတင်း ရုန်းဖယ်နေသော ချစ်ဇနီး

Book Sharing
Scanned by CamScanner

ကို သူသည် ပွေဖက်ကာ ထွက်ခွင့်မပေးပေမယ့် သူမကတော့ သူ့ရင်ခွင်ထဲက ဖွတ်ရုန်းထွက်နေလေ၏။

"လွှတ်…လွှတ်…ရှင့်ကို မုန်းတယ်…လွှတ်"

မျက်ဝန်းစိမ်းစိမ်းလေးနှင့် မုန်းစကားတွေ ဆိုနေသော သူမကို မင်းညီညွတ် ဘယ်လိုချော့ပေမယ့် မရ။

သူ့ရင်ခွင်ထဲကသာ သူမကိုယ်လေး ဖွတ်တိုးရုန်းထွက်နေလေသည်။ မဖြစ်တော့။ မင်းညီညွတ် စိတ်ဆိုးနေသည့် ချစ်သူလေးကို ဒီအတိုင်း လွှတ်ပေးဖို့ မဖြစ်တော့ပါ။

သူ့အနားက ထွက်ခွာရန်ပြင်နေသော သူမလေး အခန်းတံခါးဆီသို့မရောက်ခင်မှာပင်

"ဂျောက်"

"ဟင်"

အခန်းတံခါးကို ပိတ်လိုက်သည့် မင်းညီညွတ်ကြောင့် ခင်ဝတီ မျက်နှာလေးပျက်သွားရသလို လူကလည်း ဒေါသတွေ ဖြစ်သွားရပြီး

"ရှင်…ရှင် ဒါ ဘာလုပ်တာလဲ"

"အပွန်း…သော့ခတ်တာလေ"



"ရှင်နော်"

မတည်မပြုံး မျက်နှာကြီးနှင့် ခပ်စူးစူးစိုက်ကြည့်ကာ ပြောလိုက်သော မင်းညီညွတ်ကြောင့် ခင်ဝတီမျက်နှာလေး ရဲပသွားရကာ

"ရှင် အခန်းတံခါးကို ဖွင့်ပါ"

"ဖွင့်ရင် ဝတီ အခန်းထဲက ထွက်သွားမှာပေါ့"

"ထွက်မယ် ဘာဖြစ်လဲ၊ ရှင် ဝတီ့အချစ်ကို မယုံဘူးမို့လား၊ ကျွန်မအချစ်ကို အထင်သေးတဲ့ ရှင့်ကို မုန်းတယ်"

"ဝတီနော် မောင့်ကို မင်း ဘယ်လိုပြောတာလဲ၊ မုန်းတယ်ဆိုတဲ့စကား မောင် မကြားချင်ဘူး"

"သြော်…ရှင့်အလှည့်ကျတော့ သိတတ်ပါလား"

"ဝတီ မောင့်ကို အထင်လွဲနေပြီ၊ မောင် ဝတီ့ကို ရှင်းပြ"

"မရှင်းပြနဲ့၊ ရှင့်စကားတွေက သက်သေခံနေပြီပဲ၊ ကျွန်မ ဘာမှမကြားချင်ဘူး"

သူ့စကားကို နည်းနည်းမှ အရေးမလုပ်ဘဲ အခန်းထဲက ဖွတ်ထွက်ရန်သာ ပြင်နေသည့် ခင်ဝတီကို မင်းညီညွတ်သည် သွားများနေလျက် စူးခနဲ စိုက်ကြည့်ပစ်လိုက်သည်။

Scanned by CamScanner

ဒီမိန်းကလေး သူ့အချစ်တွေကို ဘာလို့နားမလည်နိုင်ရ တာပါလိမ့်။

''ဖွင့်ဆို့ ရှင်နော် ဘာလုပ်နေတာလဲ''

''ဝတီ မင်းကို မောင် တစ်ခုပဲပြောမယ်၊ မောင်ပြောတာကို ဝတီ နားထောင်ပါ၊ ဝတီ မောင့်ကို အရွဲ့တိုက်ဖို့ မကြိုးစားနဲ့''

ကြည့်စမ်း

သူ့စကားပြောနေပုံက နည်းနည်းမှ သည်းခံနိုင်စရာ မကောင်းပါလား။ သူကလည်း မှားသေးသည်။ သူကပင်ပြန်၍ သူမကို အရွဲ့တိုက်နေပုံက ခင်ဝတီဒေသများကို ပေါက်ကွဲနေအောင် လုပ်နေတာနှင့် အတူတူပင်ဖြစ်သည်ဆိုတာ သူ သိပုံမရ။

''ရှင်…ဒါ ဝတီ့ကို အမိန့်ပေးနေတာလား''

''ဝတီ မောင့်ကို အဲလို ထင်နေတာလား''

''ထင်တယ် ထင်တယ်၊ ရှင့်ကို ထင်ရုံတင်မကဘူး၊ ဟောဒီလို ဟောဒီလို ကဲ..ကဲ''

ဒေါသပေါ် ဒေါသဆင့်သွားရသော ခင်ဝတီမှာ မင်းညီညွှတ်ကိုယ်ကြီးကို သူမလက်သီးဆုပ်လေးများနှင့် ထုရိုက် နေပါတော့သည်။



မင်းညီညွှတ်မှာ ခင်ဝတီသူ့အား ထုရိုက်နေသမျှကို ဘာတစ်ခုမျှ မတုံ့ပြန်ဘဲ ငြိမ်သက်စွာ ခံယူနေရာမှ သူမ လက်ကလေးကို သူ့လက်အစုံနှင့် ဆုပ်ထွေးလိုက်ပြီးနောက် သူမ ကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ တင်းတင်းလေး ထွေးပွေ့ကာ

''ဝတီ''

''ဖယ်..လွှတ်၊ ဝတီ့ကို မထိနဲ့''

ခင်ဝတီမှာ သူ့အသားနှင့် ထိရမှာပင် မလိုလားသလို သူမကိုယ်ပေါ်မှ သူ့လက်များကို ဖယ်ရှားနေလေသည်။

မင်းညီညွှတ်သည် သူမကိုယ်လေးကို ရင်ချင်းဆွဲကပ်ကာ ခပ်တင်းတင်းလေး ထွေးပွေ့လိုက်ပြီး

''ဝတီရယ် မောင့်ကို ဒီလိုစိမ်းကားတဲ့အကြည့်တွေ၊ စကားတွေနဲ့ မပြောပါနဲ့လားဗျာ၊ မောင့်နှလုံးသားက ဝတီ့ရဲ့ စိမ်းကားတဲ့ဒဏ်ကို မခံနိုင်ဘူးဆိုတာ မင်းလေး မသိဘူးလားဟင်''

ရင်ထဲမှလာသော စကားတွေကို သူ လေးလေးနက်နက် ဆိုရင်း မင်းညီညွှတ် သူမမျက်နှာဝလေးကို ဆွဲမော့ယူကာ ကမူးရှူးထိုး နမ်းရှိုက်နေတော့သည်။

ရုတ်ခြည်း ခင်ဝတီသည် သူ့အနမ်းများကြား အငိုက်မိ

Scanned by CamScanner

သွားရပေမယ့် ချက်ချင်းပင် သူမကိုယ်လေး ရုန်းထွက်လိုက်ပြီး

"ဖယ်...လွှတ်"

"ဘာဖြစ်လို့လဲ၊ ဝတီ မောင့်ကို တကယ်မုန်းနေပြီလား"

"ဟုတ်တယ် မုန်းတယ်၊ ကျွန်မအချစ်ကို သံသယရှိတဲ့ လူကို ကျွန်မ မုန်းတယ်"

"မောင် တောင်းပန်ပါတယ် ဝတီ၊ မောင် ဝတီ့အချစ်ကို အထင်သေးလို့ ပြောတာမဟုတ်ဘူး"

"အို...မသိဘူး"

"ဝတီနော် မောင့်ဘဝမှာ ဝတီတစ်ယောက်တည်းရှိသလို ဝတီ့ဘဝမှာလည်း မောင်တစ်ယောက်ပဲရှိတယ်ဆိုတာ မောင် သိတယ်"

သူ့စကားကြောင့် ခင်ဝတီမျက်နှာလေး မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ ဝတီ မောင်ပြောတာကို မယုံဘူးလား"

"ကျွန်မ ယုံတာ မယုံတာ ရှင့်အတွက် အရေးကြီးလို့လား"

"မောင့်ကို ဘယ်လိုပြောလိုက်တာလဲ ဝတီ"



သူ့စကားကို ခင်ဝတီသည် နှုတ်ခမ်းလေးစူရင်း မျက်နှာလှလှလေးကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။

"ဝတီ့အပေါ်မှာ မောင် ဒီနေ့ဒီအချိန်ထိ ဘာတစ်ခုမှ မလိမ်ညာခဲ့ဖူးဘူး"

"ဟုတ်လို့လား"

ခင်ဝတီ၏ ခပ်ရွှောင်ရွှောင်ဟန်ကြောင့် မင်းညီညွတ် မျက်နှာချောချောမှာ မချင့်မရဲစိတ်တွေနှင့် နီရဲသွားရသည်။

"ဝတီ မောင့်ကို လှောင်တာလား"

"ဟင့်အင်း ကျွန်မ မလှောင်ရဲပါဘူးရှင်"

"ဝတီ"

သူမ၏ မထေမဲ့မြင်ဟန်လေးက မင်းညီညွတ် ရင်အစုံကို ခံရခက်ရလေပြီ။ ခံရခက်စိတ်တွေနှင့် မင်းညီညွတ် ခင်ဝတီ ကိုယ်လေးကို သိမ်းကျုံးဖက်လိုက်တော့ သူမသည် လန့်သွားသလို မျက်လုံးလေးပြူးသွားကာ

"အို...ဘာလုပ်တာလဲ လွှတ်"

"မလွှတ်ဘူး"

မချင့်မရဲဖြစ်ရသမျှ မင်းညီညွတ် သူမကိုယ်လေးကို

Scanned by CamScanner

တအားကျုံးဖက်ကာ အချစ်စိတ်တွေ ပေါက်ကွဲပစ်လိုက်သည်။

သူ၏ အချစ်များကြောင့် ခင်ဝတီ အသက်ရှူတွေ မွှန်းကျပ်နေရသည်။ သူမ သူ့အနမ်းများကို ရှောင်ပေမယ့် မရ။

ကြာတော့ ခင်ဝတီသည် မွှန်းကျပ်လာရသလို သူ့ကိုယ်ကြီးကို သူမလက်သီးဆုပ်လေးများနှင့် ထုရိုက်ရင်း

"ရှင် လွှတ်ဆို၊ ဝတီ့ကို အနိုင်မကျင့်နဲ့တော်၊ ရှင့်ကို မုန်းလိုက်မယ် သိလား"

"အဟွန်း…မုန်းလိုက်မယ်ဆိုတော့ မောင့်ကို မမုန်းသေးဘူးပေါ့နော်"

"အို…ရှင် သွား"

သူမစကား မှားသွားရပြီမို့ ခင်ဝတီ ရှက်မျက်နှာရဲရဲလေး မဖော်ရဲပါတော့။ မင်းညီညွှတ်ကတော့ သူ့ရင်ထဲချစ်ခြင်းတွေ ကြည်မွေ့သွားရသလို ရင်မှာ ချစ်ခြင်းများစွာနှင့်သာ သူမကိုယ်လေးကို တိုးဖက်လိုက်ပါတော့သည်။

□ □ □

## အခန်း (၁၁)

သူ့အပေါ် စိတ်ဆိုးမပြေသေးသော ချစ်ဇနီးလေးကြောင့် မင်းညီညွှတ်မှာ ခေါင်းဖုန်းတင့်နှင့်ပတ်သက်သည့်ကိစ္စ မဆွေးနွေးနိုင်ခဲ့ပါ။

အိပ်ရာထက်တွင် လှဲအိပ်နေရင်းက မျက်နှာကျက်ဖြူဖြူကို ဘာရယ်မဟုတ် ငေးကြည့်ရင်း သူဘေးနား လစ်ဟာနေသည့်နေရာလေးကိုကြည့်ကာ ချစ်ဇနီးလေးအကြောင်း တွေးနေမိသည်။

သူမသည် အောက်ထပ်တွင် မာမီနှင့်အတူ ရှိနေပါ၏။ ချစ်ဇနီးလေးကို သူ သိပ်ချစ်ပါသည်။

ဒီချစ်ခြင်းတွေကြောင့်လည်း သူမလေးကို သူ ပိုင်ဆိုင်ခွင့်ရခဲ့သလို သူမဘဝလေးကိုလည်း သူ ပိုင်ဆိုင်ခွင့်ရခဲ့လေသည်။

Scanned by CamScanner

သူတို့နှစ်ဦး၏ ချစ်ရက်တွေက ပျော်ရွှင်စရာအတိနှင့် အရာရာအားလုံး အဆင်ပြေခဲ့သမျှ မမျှော်လင့်ဘဲ ချစ်သူလေး သူ့အပေါ် အထင်လွဲစိတ်ကောက်မှုတွေနှင့် ကြုံရသည့်အခါမှာတော့ သူ့ရင်ထဲ ပျော်ရွှင်မှုတွေက ဆိတ်ကွယ်ခဲ့ရလေသည်။

ခေါင်းမာကာ စိတ်ကြီးလွန်းသော ချစ်သူလေးသည် သူ ဘယ်လိုရှင်းပြတောင်းပန်ပေမယ့် စိတ်ဆိုးမပြေခဲ့ပါ။ ဒီလိုအခြေအနေမှာ မင်းညီညွတ် ရင်မောရပါ၏။

"ဟင်း"

မင်းညီညွတ် သက်ပြင်းချလိုက်မိသည်။

ချစ်ဇနီးလေး သူ့အပေါ် အထင်လွဲနေသည့်အဖြစ်ကို မင်းညီညွတ် ဘယ်လိုရှင်းပြရမလဲဆိုတာ စဉ်းစားနေလေသည်။

တကယ်တော့ သူမ သူ့အပေါ် အထင်လွဲနေခြင်းသာ ဖြစ်ပါသည်။ သူ့ရင်ထဲ ချစ်ဇနီးလေးကို ချစ်ရသည့်အချစ်တွေက ဘယ်အရာနှင့်မှ မနှိုင်းယှဉ်နိုင်မှန်း မင်းညီညွတ် သူ့ကိုယ်သူသာ သိပါသည်။

ခက်တာက စိတ်ကြီးလွန်းသည့် ချစ်ဇနီးကို သူ ဘယ်လို



ရှင်းပြရမှန်း မသိနိုင်အောင် အခက်တွေ့နေရသည်။

သူ ဒီလိုနေ၍ မဖြစ်သေး။ ကြာလျှင် သူမ သူ့အပေါ် ပို၍ စိမ်းသွားနိုင်သည်မို့ မင်းညီညွတ် သူ့အပေါ် အထင်လွဲနေမှုကို သူ့ဘက်က အတတ်နိုင်ဆုံး ရှင်းပြရမည်ဟု ဆုံးဖြတ်ပြီးနောက် ပေါ့ပါးသွက်လက်သော ခြေလှမ်းတွေဖြင့် သူမလေးရှိရာ အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

အောက်ထပ်တွင် မာမီကိုသာတွေ့ရပြီး ခင်ဝတီကို သူ မတွေ့ရပါ။

"ဟော သား နိုးလာပါလား"

"ဟုတ်ကဲ့၊ ဒါနဲ့ ဝတီရော မာမီ"

"ဟင်…သမီးက သားနဲ့ရှိနေတာ မဟုတ်ဘူးလား"

"ဗျာ…သားက မာမီနဲ့အတူ ရှိနေတယ်ထင်တာ"

မင်းညီညွတ်ရင်မှာ ဗလောင်ဆူရပါပြီ။ ဒီနောက် သွက်လက်သော ခြေလှမ်းတွေနှင့် သူမအရိပ်လေး တစ်အိမ်လုံး သူ လိုက်ရှာပေမယ့် မတွေ့ရပါ။

မင်းညီညွတ်စိတ်ထဲ တစ်စုံတစ်ရာ တွေးမိသည်မို့ သူမ

Book Sharing

Scanned by CamScanner

အဝတ်ဗီရိုကို ဖွင့်ကြည့်လိုက်တော့ သူမဗီရိုထဲ အဝတ်အစားအချို့ လျော့နေလေသည်။

သူ သိလိုက်ပါပြီ။

သူမလေး သူ့အပေါ် အထင်လွဲကာ ထွက်သွားပြီမှန်း။ မင်းညီညွတ် နှလုံးသားတွေ နာကျင်သွားရသည်။

ချစ်ဇနီးသည် သူ့အပေါ် ဘာကြောင့်ဒီလို လုပ်ရပ်ပါသည်လဲ။ တွေးလိုက်တိုင်း ရင်မှာ ဖြေနိုင်စွမ်း မရှိ။

ဒါ သူမ သူ့ကို တကယ်ပင် အထင်လွဲ စိတ်နာသွား၍သာ သူ့အပါးကနေ ထွက်သွားရခြင်းမဟုတ်ပါလား။

ထိုခံစားမှုက သူ့ရင်ကို မဖြေနိုင်ခဲ့။ ထို့အတူ ခင်ဝတီကိုယ်တိုင်ကလည်း သူ့ကို ခွဲခွာလာခဲ့ရပေမယ့် ရင်မှာတော့ နာကျင်နေရ၏။

မောင်သည် သူမအချစ်ကို သံသယရှိနေပါလားဆိုသော အသိက သူ့ရင်ကို နာကျင်လွန်းမက ဖြစ်ရသည်။

နာကျင်မှုတွေကြောင့်လည်း ခင်ဝတီသည် မောင့်အား ကျောခိုင်းထားခဲ့ခြင်းဖြစ်သည်။



အဒေါ်ဖြစ်သူ၏ စီမံမှုကို လက်မခံနိုင်၍ ခင်ဝတီ ထွက်လာခဲ့ရပေမယ့် တစ်ကယ်တမ်း သူမ သိတတ်စကတည်းက တွယ်တာရမည့်သူဆိုလို့ အဒေါ်ဖြစ်သူ ဒေါ်ခင်ဖုန်းတင့်တစ်ယောက်သာ ရှိပါသည်။

အဒေါ်ဖြစ်သူ နေမကောင်း မကျန်းမာဆိုသောအခါ ခင်ဝတီသည် အဒေါ်ဖြစ်သူကို မျက်ကွယ်မပြုရက်နိုင်တော့။

သူမသာ အိမ်ထောင်ကျသွားသည်မှန်း အဒေါ်ဖြစ်သူ သိပါလျှင် သူမအား အိမ်ထောင်ချပေးရန်ကိစ္စကို အဒေါ်ဖြစ်သူ စဉ်းစားလိမ့်မည်မဟုတ်။

လိုချင်တာကို ရအောင်လုပ်တတ်သည့် အဒေါ်တစ်ယောက် သူမကိစ္စကိုတော့ နားလည်လက်ခံပေးပါလိမ့်မည်။

တရိပ်ရိပ်ပြေးနေသော ကားကြီးပေါ်တွင် လိုက်ပါလာရင်း ခင်ဝတီ အတွေးများနှင့် လှုပလွန်းသည့် သူမဘဝ နွမ်းနေရသည်။

တကယ်တော့ ခင်ဝတီသည် အားငယ်ဝမ်းနည်းခြင်းများနှင့် ရှိနေရသည်။

သူမ၏ နှလုံးသားနုနုလေးအတွက် အချစ်၏ ဝေဒနာမှာ

Scanned by CamScanner

ဤမျှ ဆိုးဝါးခါးသီးလိမ့်မည်ဟု မထင်ခဲ့မိခြင်းမှာ ခင်ဝတီအမှားသာ ဖြစ်သည်။

ခင်ဝတီဘဝအတွက် ထူးပြီး အားမငယ်မိတော့ပါ။ သူမ ဘဝမှာ တွေ့ကြုံခဲ့ရသည့် ဘဝအခက်အခဲများကို ရင်ဆိုင်နိုင်ဖို့ အတွက် ခင်ဝတီကိုယ်တိုင်မှလွဲပြီး တခြားအားကိုးရာမရှိဟု သူမ ခံယူထားလိုက်လေသည်။

သူမ ဆုံးဖြတ်ချက်၊ သူမ အယူအဆများ မှားမှားမှန်မှန် လျှောက်ရမည်က သူမကိုယ်တိုင်ပင် ဖြစ်သည်။

ခင်ဝတီ အဝေးပြေးကားကြီးပေါ်မှ မြို့လေးရှိရာသို့ အရောက်

"ဟင်"

မထင်မှတ်ဘဲ မင်းညီညွှတ်၏ မျက်နှာချောချောကို မြင်လိုက်ရသည့်အတွက် ခင်ဝတီ မျက်ဝန်းလေး ပြူးကျယ်ဝိုင်းစက် သွားရသည်။

"ဝတီ"

"ရှင်…ရှင် ဘယ်လိုလုပ် ဒီမြို့ကို ရောက်နေရတာလဲ"



"ဝတီရယ် ကိုယ့်ကို ဘာလို့ ရက်ရက်စက်စက် ထားသွားရတာလဲဗျာ"

"ဝတီ ရှင့်အသံကို မကြားချင်ဘူး၊ မကြားချင်ဘူး၊ ဝတီ ရှင့်ကို မတွေ့ချင်တော့ဘူး"

"နားထောင်ပါဦး ဝတီရယ်၊ ကိုယ်… ကိုယ် ဝတီ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိရက်နဲ့ဗျာ"

"ရှင်…ရှင် ဝတီ့အချစ်ကို မယုံပါဘူး"

"ဘယ်လိုပြောလိုက်တာလဲ ဝတီ၊ ကိုယ် ဝတီ့ကို သိပ်ချစ်တယ်"

"အို…မပြောနဲ့၊ မကြားချင်ဘူး"

"မကြားချင်လို့ မရဘူး ဝတီ၊ ကိုယ့်အချစ်ကို နားလည် ရမယ်"

"ရှင်နော်…ဖယ်၊ ကျွန်မ သွားမယ်၊ ကျွန်မရှေ့က ဖယ်ပါ"

ခင်ဝတီအသံမှာ မင်းညီညွှတ်အပေါ် နာကျင်နေရသလို ကြေကွဲဝမ်းနည်းခြင်းများနှင့် အသံလေးများမှာ တုန်ယင်နေရသည်။

Scanned by CamScanner

"မောင့်ကို ကြိုက်သလိုပြောပါ ဝတီ၊ ဒါပေမဲ့ မောင့်စကားကိုတော့ ဝတီ နားထောင်ပါဦး ဝတီရယ်၊ မောင် တောင်းပန်ပါတယ်ဗျာ"

"ဒီမှာ ဦးမင်းညီညွတ်၊ ရှင် အပိုစကားတွေ မပြောပါနဲ့၊ ရှင် ဒီနေရာက ထွက်သွားပါ"

ခါးခါးသီးသီး ငြင်းဆန်နေသော ချစ်ဇနီးလေး၏ အပြုအမူကြောင့် မင်းညီညွတ် ရင်မောသွားရသည်။

"မင်း မောင့်ကို ဒီလောက်ထိ မရက်စက်သင့်ဘူး ဝတီ၊ မောင် ဝတီ့အပေါ် ဘာအမှားမှ မလုပ်ခဲ့ဘူး"

"ဒါက ရှင့်ဘက်ကပဲလေ၊ ဝတီ့ခံစားမှုတွေ ရှင် နားလည်လို့လား"

"လာပါ ဝတီ၊ ဒီမှာ ကိုယ်တို့ကို လူတွေကြည့်နေကြပြီ"

သူ ပြောသလို နယ်မြို့လေး၏ ကားဂိတ်မို့ သူတို့နှစ်ဦး အဖြစ်ကို လူတွေ သတိထားမိသလို သူတို့အား လူအချို့က ဝေ့ဝဲကြည့်နေသည်ကိုမြင်ရတော့ ခင်ဝတီမျက်နှာလေး ထူပူသွားရပြန်သည်။



"မောင် တောင်းပန်ပါတယ် ဝတီ၊ ဝတီကို မောင် အသနားခံနေတာပါ၊ ဝတီ မောင့်နောက်ကို မလိုက်ဘူးဆိုရင်တော့ မောင် ဖြစ်ချင်ရာဖြစ် ဒီအနားက ဘယ်မှမသွားနိုင်ဘူး"

သူ့ပုံစံက ပြောသည့်အတိုင်း တကယ်လုပ်တော့မည့်ဟန်။ မင်းညီညွတ် ကိုယ်တိုင်လည်း ဆုံးဖြတ်ချက်ကို ချထားလေပြီ။

တကယ်တော့ မင်းညီညွတ် သူမ မြို့ကိုပြန်သွားမှန်း သိရခြင်းက သူ သူမသွားသည့် ကားဂိတ်တွင် စုံစမ်းခဲ့သောကြောင့် ယခုလို သူမအရင် သူ မြို့ကို သူ့ကားနှင့် ကြိုရောက်နေရခြင်း ဖြစ်သည်။

ထိုစဉ်

"ဘယ်လိုလဲ ဒေါက်တာ၊ ဝတီနဲ့ မပတ်သက်ဘူးဆိုပြီး ခုတော့လည်း တစ်ကယ့်မိတ်ဆွေဟောင်းတွေအတိုင်းပါပဲလား"

"ဟင်"

"ဦးကောင်းကျော်"

"အို"

ရုတ်တရက် အနောက်ဘက်ဆီမှ ထွက်ပေါ်လာသော

Scanned by CamScanner

စကားကြောင့် ကြည့်လိုက်တော့ ဟိုတစ်ခါ သူ့အား ပြဿနာ ရှာသွားခဲ့သောလူ ဖြစ်နေလေသည်။

ခင်ဝတီနှုတ်မှ ထိုလူအား ဦးကောင်းကျော်ဟု ခေါ်လိုက်သဖြင့် ထိုလူသည် ဦးကောင်းကျော်မှန်း သူ သိလိုက်သည်။

"ကဲ ဝတီ၊ ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့တော့၊ ဟိုမှာ ဝတီ့အဒေါ် အတော်နေမကောင်း ဖြစ်နေတယ်၊ ဝတီနဲ့ တွေ့ချင်နေတယ်"

မင်းညီညွတ်နှင့် ခင်ဝတီ ကိုယ့်အဖြစ်နှင့်ကိုယ်မို့ ပတ်ဝန်းကျင်ကို သတိမထားမိခဲ့သမျှ ခုတော့ ဦးကောင်းကျော်သည် သူတို့နှစ်ဦးရှေ့ ရောက်ရှိနေရသလို ဦးကောင်းကျော်ကိုယ်တိုင်လည်း သူတပည့်များ၏ ဆက်သွယ်သတင်းပေးမှုကြောင့် ရောက်ရှိလာခဲ့ရခြင်းဖြစ်သည်။

ဒေါက်တာမင်းညီညွတ်နှင့် ခင်ဝတီ ပါသွားခဲ့စဉ်က သတင်းသည် သေချာတိကျမှုမရှိခဲ့၍ သူ ခင်ဝတီကို လက်လွှတ်ခဲ့ရသော်လည်း ယခုတော့ ခင်ဝတီသတင်းက စုံစမ်းစရာမလိုဘဲ သူ့အလိုလို သူ့ရှေ့ရောက်ခဲ့ရပြီဖြစ်သည်။

ကြည့်ရတာ မင်းညီညွတ်နှင့် ခင်ဝတီ ဘယ်လိုပတ်သက်



နေသည် မသိပါ။

ဘယ်လိုဘယ်ပုံ ပတ်သက်နေသည် မသိပေမယ့် အဖြေ တစ်ခုကိုတော့ သိအောင် ကြိုးစားရမည်သာ။

"ကဲ ခင်ဝတီ ကားပေါ်တက်၊ သွားကြရအောင်"

ပိုင်စိုးပိုင်နင်း ပြောလာသည့် ဦးကောင်းကျော်၏ စကားကြောင့် မင်းညီညွတ်ဒေါသတွေ ရင်မှာ ထိန်းမရချင်တော့။

"ဒီမှာ ခင်ဗျားက ဝတီကို ဘာကြောင့်ခေါ်ရတာလဲ၊ ခင်ဗျားနဲ့ဝတီ ဘာဆိုလို့လဲ"

"အဟွန်း...ကိုယ့်လူကကော ခင်ဝတီနဲ့ သက်ဆိုင် နေလား"

"ဘာဗျ...ခင်ဗျား"

"အို"

"ဦးကောင်းကျော်၊ လာ သွားမယ်"

"ခင်ဝတီ...မင်း"

"အို...လွှတ်ပါ"

သူမလက်ကလေးကို တင်းတင်းဆုပ်ကိုင်လာသည့်

Scanned by CamScanner

မင်းညီညွတ်လက်များကို ခင်ဝတီသည် ဖယ်ရှားရင်း ရုန်းအထွက်

"ကဲကွာ...ဝှင်ရှုပ်ဦး"

"ခွပ်"

"အမလေး...မောင်"

မင်းညီညွတ် ခင်ဝတီအသံလေးကို နောက်ဆုံးကြားလိုက်ရပါသည်။ သူ့အတွက် ကမ္ဘာသည် ရုတ်ချည်းမှောင်မည်းသွားရသည်။ အကြောင်းကား ဦးကောင်းကျော်နှင့် အတူပါလာသော တပည့်တစ်ယောက်က မင်းညီညွတ်အား နောက်မှ ဝင်ရိုက်လိုက်သောကြောင့်ဖြစ်သည်။

□ □ □

## အခန်း (၂၂)

မင်းညီညွတ် မျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်လာရတော့ ဆေးရုံ၏ မျက်နှာကျက်ဖြူဖြူကို ပထမဦးဆုံး မြင်တွေ့လိုက်ရသည်။

ခေါင်းကို စမ်းလိုက်တော့ ပတ်တီးဖြူဖြူတစ်ခုက မင်းညီညွတ်ခေါင်းကို စည်းထားလေသည်။

"မောင်"

"မောင် သတိရလာပြီနော်"

သူ အကြားချင်ဆုံးသော ချိုသာနူးညံ့လွန်းသောအသံလေးကြောင့် မင်းညီညွတ် သူ့ဘေးနားကို ကြည့်လိုက်တော့ သူ့အနားတွင် သူ့အား စိုးရိမ်သည့် မျက်လုံးလေးများနှင့် ကြည့်နေပါသည့် ချစ်ဇနီးချောလေးကို တွေ့လိုက်ရသည်။

Book Sharing

Scanned by CamScanner

"ဝတီ"

"ဟုတ်ပါတယ် မောင်၊ ဝတီပါ"

"ဝတီ…ဝတီရယ်၊ မောင့်ကို ခွင့်လွှတ်ပြီပေါ့နော်"

"မောင်ရယ် ဝတီ မောင့်ကို အစကတည်းက ခွင့်လွှတ်ပြီးသားပါ၊ ဝတီကသာ မောင့်ကို တောင်းပန်ရမှာပါ မောင်ရယ်"

ပြောရင်း သူမလက်လေးတွေက သူ့အား တင်းတင်းလေး ဆုပ်ကိုင်လာလေသည်။

မင်းညီညွှတ် ချစ်ဇနီးလက်လေးကို ပြန်လည်ဆုပ်ကိုင်ရင်း

"ဝတီ အချစ်ရယ်၊ မောင် သိပ်ဝမ်းသာတာပဲဗျာ၊ ဝတီ မောင့်ကို အရင်လို ပြန်ချစ်ပြီပေါ့နော်၊ ဟုတ်လား ဝတီ၊ ဝတီ မောင့်ကို မမုန်းဘူးမို့လား"

ချစ်သူမျက်နှာလှလှလေးကို စူးစူးစိုက်စိုက်ကြည့်ရင်း မင်းညီညွှတ် စကားဆိုလိုက်တော့ ခင်ဝတီ ရှက်မျက်နှာလေး ပြုံးသွားရပြီး

"မောင်ရယ် ဝတီ မောင့်ကို မမုန်းပါဘူးရှင်၊ ဝတီ့ရင်ထဲမှာ မောင့်ကို ချစ်ခြင်းတွေနဲ့သာ ရှိနေခဲ့တာပါ"



"ဝတီ"

"ချစ်ရယ်"

ချစ်သူ၏ စကားကြောင့် မင်းညီညွှတ်ရင်ထဲ ချစ်ခြင်းတွေနှင့် ဝေဖြာသွားရသည် မသိပါ။ ချစ်သူကိုယ်လေးကို သူ့လက်နှင့် ဖျစ်ညှစ်လိုက်ဟန်ပြင်တော့

"မောင်နော် ဟိုမှာ လူတွေနဲ့၊ မကဲနဲ့ သိလား"

"အဟွန်း…ဟွန်း…ဟွန်း၊ အေးဗျ မောင့်စိတ်မှာ ဘယ်လောက် ထိန်းထားရတယ်မှတ်လဲ၊ ဒီကောင့်ရင်ထဲမှာ မချင့်မရဲ ဖြစ်နေပြီ"

"ပိုလိုက်တာနော်၊ ဝတီတော့ မောင့်အချစ်တွေကို ကြောက်လာပြီ သိလား"

"မထူးပါဘူးကွာ၊ ကြောက်ပြီဆိုမှတော့ ပြီးအောင် ကြောက်သွားအောင် ဟောဒီလို"

"အို…မောင်"

ရှက်မျက်နှာလေးနှင့် ခင်ဝတီ မောင့်ရင်ဘတ်ပေါ် မျက်နှာ မှောက်လိုက်သည်။ မင်းညီညွှတ်ရင်ထဲ ချစ်ခြင်းတွေနှင့် ပျော်ရွှင်

Scanned by CamScanner

နေရသည်။

"ဒါနဲ့ ဟိုလူတွေရော ဝတီ"

"အချုပ်ထဲရောက်နေပြီ မောင်၊ တစ်ကယ်တော့ ဦးကောင်းကျော်တို့ လူစုက ဒုစရိုက်သမားတွေ မောင်၊ ဦးကောင်းကျော်နဲ့ ဒေါ်ခင်ဖုန်းတင်က မောင်နှမတော်တယ်၊ ပြီးတော့ ဒေါ်ခင်ဖုန်းတင်က ဝတီရဲ့ အဒေါ်အရင်းမဟုတ်ဘူးဆိုတာတွေ ပြဿနာတွေဖြစ်ပြီးတော့မှ ဝတီလည်း သိခွင့်ရခဲ့တယ်၊ ဒါတွေ အားလုံးကိုလည်း ရွှေနေကြီးဆီက သိခဲ့ရတာ"

"ဟုတ်လား၊ အဲဒီ ရွှေနေကြီးကရော ဝတီနဲ့ အရင်က သိခဲ့ဖူးလား"

"တွေ့ဖူးပါတယ် မောင်၊ ဒါပေမဲ့ ဒေါ်ခင်ဖုန်းတင်က ဝတီကို အဲဒီရွှေနေကြီးနဲ့ တစ်ခါမှ မိတ်မဆက်ပေးဖူးဘူး၊ ခုတော့ ဘာကြောင့်ဆိုတာ ဝတီ နားလည်ပြီ"

"ဒါဆို ဝတီကို ဦးကောင်းကျော်နဲ့ လက်ထပ်ပေးဖို့ စီစဉ်တာ ဒေါ်ခင်ဖုန်းတင်ရဲ့ မောင်ဖြစ်နေလို့လား"

"အဲဒါလည်းပါတယ် မောင်၊ ပြီးတော့ ဝတီ့ရဲ့မိဘရင်း



တွေထားခဲ့တဲ့ ပစ္စည်းတွေကို ဒေါ်ခင်ဖုန်းတင်က သူ့မောင်နဲ့ လက်ထပ်ပေးပြီး အပိုင်စီးချင်တဲ့သဘောလည်း ပါတာပေါ့၊ ဝတီ့ မိဘနှစ်ပါးက ဝတီ ငယ်စဉ်ကတည်းက ဆုံးသွားကြတာ၊ ဒေါ်ခင်ဖုန်းတင်ဆိုတာက ဝတီတို့အိမ်မှာနေတဲ့ အကူလေ၊ အဲဒါ ဝတီ့မိဘတွေ ဆုံးသွားတော့ ဆွေမျိုးမရှိတဲ့ ဝတီကို ဒေါ်ခင်ဖုန်းတင် ကပဲ ကျွေးမွေးပြုစုပြီး ဝတီပိုင်တဲ့ပစ္စည်းတွေ သူ အပိုင်စီးခဲ့တယ်၊ ဒါကြောင့်လည်း ဝတီ့မိဘတွေ ဇာတိမြို့ကနေပြီး ဒေါ်ခင်ဖုန်းတင် ဟာ တခြားတစ်မြို့ကို ပြောင်းရွှေ့ခဲ့တယ်၊ ပြောရရင် ခြေရာဖျောက် ခဲ့တဲ့သဘောပေါ့၊ ပြီးတော့မှ ဒီမြို့မှာ ဒေါ်ခင်ဖုန်းတင်ဟာ တခြား စီးပွားရေးနဲ့ ကြီးပွားလာသလို နေခဲ့တယ်"

"ဝတီ ကျောင်းပြီးတော့ ဒေါ်ခင်ဖုန်းတင်က တခြား စီးပွားရေးလုပ်ငန်းတွေနဲ့ ကြီးပွားနေပြီလေ၊ ဒါတွေအားလုံး ဝတီ ခုမှမျှော်လင့်ဘဲ ရွှေနေကြီးဆီက သိခွင့်ရလာခဲ့တာပါ မောင်"

"တကယ်တော့ ဒေါ်ခင်ဖုန်းတင်ဟာ အတော်အကြံကြီး တဲ့ မိန်းမကြီးပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ မောင်ရယ်၊ ဝတီကို ကျွေးမွေး

Scanned by CamScanner

စောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတရားတွေကတော့ ဒေါ်ခင်ဖုန်းတင့်မှာ ရှိတာ အမှန်ပဲ၊ ခု မောင်နဲ့လည်း ဝတီက တရားဝင်လက်ထပ်ပြီးမှ ဆိုတော့ ရှေ့နေကြီးကတောင် ဝတီကို ဝတီ့မိဘပိုင်ပစ္စည်းတွေ ပြန်လွှဲပေးဖို့ စီစဉ်နေပြီ၊ ဒေါ်ခင်ဖုန်းတင့်ကလည်း သူ့အမှားတွေကို သူ သိပြီး တောင်းပန်ရှာတယ်တဲ့"

"လောဘမာန်မာနတွေ တစ်ချိန်က ကြီးခဲ့ပေမယ့် အခု အချိန်မှာတော့ ကျန်းမာရေးလည်း ချို့ယွင်းပြီး အိပ်ရာပေါ်လဲနေတဲ့ သူ့ဘဝဟာ သနားစရာပါ"

ချစ်ဖနီးလေး၏ ဖြူစင်လွန်းလှသော စိတ်ကလေးကို လေးစားမြတ်နိုး အထင်ကြီးမှုတွေနှင့် ချစ်မြတ်နိုးစွာ ကြည့်လိုက်မိသည်။

"ချစ်"

"ရှင်"

"မောင်တို့ဘဝလေး ခုချိန်ကစပြီး အေးချမ်းတော့မှာ ပျော်စရာပဲနော်"

"မောင်ရယ်"



"မောင်တော့ သိပ်ချစ်တယ်"

"ချစ်ကော"

"မောင် သိသားနဲ့"

"အဟွန်း…ဟွန်း…ဟွန်း၊ သိပေမယ့် ကြားချင်သေးတာပေါ့"

"ဝတီ့ဘဝမှာ မောင်က ဝတီ့အသက်ထက် ပိုချစ်ရတဲ့ သူပါ"

"မောင် ယုံလားဟင်"

"ဝတီရယ်"

"သိပ်ချစ်တယ်ဗျာ၊ အခုချိန်မှာ မောင့်ဘဝဟာ ပျော်ရွှင်ခြင်းတွေနဲ့ သိပ်ချစ်ရလွန်းလို့ မောင့်ဖနီးလေးကို ဟော့ဒီလို"

"အို"

"မောင်"

"အဟွန်း…ဟွန်း…ဟွန်း"

"မောင်ရယ်"

"ချစ်ရယ်"

ချစ်သံစဉ် နွေးနွေးလေးတွေက သူတို့နှစ်ဦးအတွက် အပျော်တွေ ဖြတ်သန်းစီးဆင်းသွားရသည့် မြစ်လေးလို ကြည်နူးသာယာခြင်းတွေနှင့် လှပသော ချစ်ရက်လေးတစ်ရက် ဖြစ်သွားရတော့သည်။

ရွှေအဝလိ

Book Sharing

Scanned by CamScanner